www.burmeseclassic.com

လက်တွေ့

# သိပ္ပံနည်းကျ

# လူကဲခတ်နည်း

BURMESE CLASSIC

လူရဲ့စိတ်နေသဘောထားကို
လူကိုမြင်ရုံဖြင့်လွယ်လင့်တကူ
သိရှိနိုင်သည်

ဆရာ ဦးစိန်မြင့်
(လားရှိုး)

www.burmeseclassic.com

(ဒုတိယအကြိမ်)

www.burmeseclassic.com

စာအုပ်စာတမ်းခွင့်ပြုချက်အမှတ် ၈၀၆/
မျက်နှာဖုံးကြိုတင်ခွင့်ပြုချက်အမှတ် (၂၈၀၄) (၉)
အကြိမ် - ပဥ္စမအကြိမ်
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၄၀၀ (ကျပ်)
ထုတ်ဝေသည့်လ - ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ

ထုတ်ဝေသူ
ဒေါ်မီမီလှိုင် (မြ-၀၉၇၅၄)
အမှတ် (၁၂၉/၂)၊ မီးခုန်းလမ်းသွယ် (၄)၊
သုဝဏ္ဏ၊ ရန်ကုန်မြို့

ပုံနှိပ်သူ
ဒေါ်မီမီလှိုင် (မြ-၀၃၉၈၉)
အမှတ် (၂၃)၊ သစ်ရာပင်လမ်း၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

ဖြန့်ချိရေး
မိုးကျော်စာပေ
အမှတ် (၃၈၅) (၃၈၇)၊ ဗိုလ်ချုပ်လမ်း
(ရွှေဘုံသာလမ်းနှင့် ၂၉ လမ်းကြား)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၇၃၁ ၂၉၅၉၁၊ ၀၉ ၇၃၂ ၄၅၂၅၇

www.burmeseclassic.com

www.burmeseclassic.com

ဆရာ ဦးစိန်မြင့်

# လက်တွေ့ သိပ္ပံနည်းကျ လူကဲခတ်နည်း

မိုးကျော်စာပေ

အမှတ် (၃၈၅၊ ၃၈၇)၊ ဗိုလ်ချုပ်လမ်း
(ရွှေဘုံသာလမ်းနှင့် ၂၉ လမ်းကြား)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀ ၂၉၅၉၁၊ ၀၉ ၇၃၂ ၄၅၂၅၇
၀၉ ၅၀၈ ၉၈၈၃၊ ၀၉ ၄၂၃ ၇၁၈၀၀

www.burmeseclassic.com

www.burmeseclassic.com

# မာ တိ ကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အနန္တဇါးဖြာ ပူဇော်ပဏာမ သံခိပ်အကျဉ်းချုပ် | |
| ၁။ | ဆန္ဒပလ္လင်ခံအညွန်း နိဒါန်း | |
| ၂။ | ဝိဇ္ဇာနည်းမှ သိပ္ပံနည်းကျ လူ့အင်္ဂါရုပ်သင်္ကေတဖြင့် လူကဲခတ်နည်းပညာရပ် | ၁ |
| ၃။ | လူနှင့် လူ့သဘောကိုသိစေရန် အကြောင်းရာ | ၂ |
| ၄။ | ဝိသုဒ္ဓိမဂ်အဌကထာ ကာမဋ္ဌာနနိဒ္ဒေသကျမ်းသဘောကား စရိုက်နှင့်ပုဂ္ဂိုလ်ခြောက်မျိုး ထုတ်နုတ်ချက်အကျဉ်း | ၁၀ |
| ၅။ | အိန္ဒိယပြည်ဆရာကြီးများ၏ ရုပသင်္ကေတ မျက်နှာပြင်အကဲခတ်နည်း၊ ရှေးဟောင်းနည်းအကျဉ်း | ၁၄ |
| ၆။ | မျက်နှာပုံစံ အသွင်သဏ္ဌာန်သင်္ကေတ အမျိုးသားနှင့်အမျိုးသမီး နှစ်ကဏ္ဍပြရုပ် | ၂၁ |
| ၇။ | သောကြာကြယ် ပြုံးသလိုပ မျက်လုံးတော်က ကြည်လှတယ် | ၂၄ |
| ၈။ | မျက်ခုံးမွေး သင်္ကေတများ | ၃၀ |
| ၉။ | အမျိုးကွဲပြား သွားအနေအထား သင်္ကေတမှတ်ချက်များ | ၃၆ |
| ၁၀။ | မေးစေ့နှင့်လည်ကိုင် သင်္ကေတဖြင့် အကဲခတ်နည်း | ၃[illegible] |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | ပါးစပ်နှင့်နှုတ်ခမ်း သင်္ကေတမှတ်ချက် | ၄၂ |
| ၁၂။ | နားရွက်အမျိုးမျိုး | ၄၉ |
| ၁၃။ | နှာခေါင်းပိုင်း လေ့လာမှုမှတ်ချက် | ၅၂ |
| ၁၄။ | အသားအရေအရောင် ရှုစ္ဆသတိထား | ၆၈ |
| ၁၅။ | ဆံပင်ကို လေ့လာမှုမှတ်ချက် | ၇၁ |
| ၁၆။ | ဦးခေါင်းကို လေ့လာမှုမှတ်ချက် | ၇၅ |
| ၁၇။ | နဖူးအတန်းအစား | ၇၉ |
| ၁၈။ | စရိုက်နှင့်အသိဉာဏ် | ၈၄ |
| ၁၉။ | ဆိတ်မျက်နှာရှင် သိမှတ်လေ့လာချက် | ၈၈ |
| ၂၀။ | မြင်းမျက်နှာရှင် သိမှတ်လေ့လာချက် | ၉၂ |
| ၂၁။ | ကြောင်နှင့်ကျား မျက်နှာရှင် သိမှတ်လေ့လာချက် | ၉၆ |
| ၂၂။ | ယုန်မျက်နှာရှင် သိမှတ်လေ့လာချက် | ၉၈ |
| ၂၃။ | ဝက်မျက်နှာရှင် သိမှတ်လေ့လာချက် | ၁၀၁ |
| ၂၄။ | နဂါးမျက်နှာရှင် သိမှတ်လေ့လာချက် | ၁၀၃ |
| ၂၅။ | ကြက်မျက်နှာရှင် သိမှတ်လေ့လာချက် | ၁၀၇ |
| ၂၆။ | ဖိုးကွက်မျက်နှာရှင် သိမှတ်လေ့လာချက် | ၁၁၂ |
| ၂၇။ | ခွေးမျက်နှာရှင် သိမှတ်လေ့လာချက် | ၁၁၅ |
| ၂၈။ | ဆင်မျက်နှာရှင် သိမှတ်လေ့လာချက် | ၁၁၉ |
| ၂၉။ | နွားမျက်နှာရှင် သိမှတ်လေ့လာချက် | ၁၂၁ |
| ၃၀။ | မျောက်မျက်နှာရှင် သိမှတ်လေ့လာချက် | ၁၂၄ |


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## မာ တိ ကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၁။ | ကူညီတတ်သည့် ယောက်ျားပုံ | ၁၂၁ |
| ၃၂။ | စာပေပညာတတ်မြောက်သူ (ဝါ) ဘွဲ့ဒီဂရီ ရရှိသူတစ်ယောက် ဖြစ်နိုင်–မဖြစ်နိုင် ဥပမိမျက်နှာ အကဲခတ်နည်း | ၁၃၁ |
| ၃၃။ | အရာရှိကြီး ဖြစ်နိုင်မည့်သူ၊ အရာရှိကြီး မဖြစ်နိုင်မည့်သူ စသည်တို့ကို ခွဲခြား၍ ဥပမိမျက်နှာ အကဲခတ်နည်း | ၁၃၄ |
| ၃၄။ | ရှေးကျသော တရုတ်ဂန္ထာလရာဇ် မဲ့သျှတ္တရ မျက်နှာပြင် လို့ဝှက်အဖွင့်များ | ၁၄၀ |
| ၃၅။ | တရုတ်အယူအဆ မျက်နှာပြင်မှ အရေးအကြောင်းများ အဟော | ၁၄၇ |
| ၃၆။ | ချမ်းသာမည့်သူနှင့် ဆင်းရဲမည့်သူများကို ခွဲခြား၍ ဥပမိမျက်နှာ အကဲခတ်နည်း | ၁၄၆ |
| ၃၇။ | ကိုယ်ဝန်ဆောင် အမျိုးသမီးများအား ယောက်ျားလေးမွေးဖွားမည်၊ မိန်းကလေးမွေးဖွားမည် စသည်တို့ကို ခွဲခြား၍ မျက်နှာကဲခတ်နည်း | ၁၅၂ |
| ၃၈။ | သားသမီးများစွာ မွေးဖွားသူနှင့် သားသမီး မရရှိသူများကို လျှပ်တစ်ပြက် မျက်နှာကဲခတ်နည်း | ၁၅၄ |
| ၃၉။ | မျက်ရည်ခံမှဲ့ဆိုသည်မှာ | ၁၅၆ |
| ၄၀။ | မှဲ့စလွယ် | ၁၅၈ |

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄၁။ | အသက်ရှည်နိုင်မည့် လူများကို လျှပ်တစ်ပြက် မျက်နှာကဲခတ်နည်း | ၁၅၉ |
| ၄၂။ | အသက်တိုမည့် သူများကို လျှပ်တစ်ပြက် မျက်နှာကဲခတ်နည်း | ၁၆၀ |
| ၄၃။ | အပေါ်နှုတ်ခမ်းတိုပြီး သွားကျဲသူ | ၁၆၁ |
| ၄၄။ | အသံကို လေ့လာနားထောင်နည်း | ၁၆၃ |
| ၄၅။ | အပြီးသတ် သတိပေးစကားပုံ | ၁၇၂ |


www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အနန္တငါးဖြာ ပူဇော်ပဏာမ သံခိပ်အကျဉ်းချုပ်

၁။ ဗုဒ္ဓ၏ ဂုဏ်တော်(၉)ပါးကို လည်းကောင်း၊
၂။ ဗုဒ္ဓ၏ ဓမ္မဂုဏ်တော်(၆)ပါးကို လည်းကောင်း၊
၃။ ဗုဒ္ဓ၏ တပည့်အရိယာ သံဃာဂုဏ်တော်(၉)ပါးကို လည်းကောင်း၊
(သိဂ်ါလောဝါဒသုတ်၌ ဆိုင်ရာကျင့်ဝတ်များမှ ပါဝင်ထားသော. . .)
၄။ မိဘကျင့်ဝတ်(၅)ပါးကို လည်းကောင်း၊
၅။ ဆရာကျင့်ဝတ်(၅)ပါးကို လည်းကောင်း၊

ငါးပါးသောဂုဏ်တော် အနန္တောအနန္တကို ကာယ ဝစီ မနောချိုး သုံးပါးသောကံတို့ဖြင့် အထူးသတိပြုကာ စိတ်အစဉ်၌ ကိန်းဝပ်ပြီး ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ အကြိမ်ကြိမ် ကန်တော့ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

အနန္တဝါးဖြာ ကျေးဇူးသိပြီး ကျေးဇူးဆပ်နေကြသောပုဂ္ဂိုလ်အပေါင်းတို့သည်၊ ပစ္စက္ခလောက ဘဝဒုက္ခမှာပင်လျှင် ဒိဋ္ဌဓမ္မ မညှိုးမမှိန်တန်ခိုးပြည့်စုံပြီး၊ ဆင်းရဲခပ်သိမ်း ဖကြောင့်ကြပူဆွေး သောကခပ်သိမ်း အေးငြိမ်းချမ်းသာဖြစ်ပြီး၊ လိုရာဆန္ဒ သိဒ္ဓိပြီးမြောက်နိုင်ကြ၊ ကောင်း အမှန်မလွဲ ဒုက္ခကင်းပြီး သုခပြည့်စုံနိုင်ကြပါစေသတည်း။

* * *

ပညာ ဥစ္စာ မနံ ပစ္စည်း ကြီးပွားတိုးတက်လိုသူများ ကျေးဇူးရှင် အနန္တဂုဏ်တော်ကို အမြဲသတိမမေ့အပ်ပေ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ဆန္ဒပလ္လင်ခံအညွှန်း

**နိဒါန်း**

စာရေးသူကျွန်တော်၏ အာသီသ၊ ဆန္ဒ၊ အမြင်နှင့်အသိကို စာဖတ်ပရိသတ်အား ပလ္လင်ခံအညွှန်း မိတ်ဆက်ဖော်ပြရာ အနီးစပ်ဆုံးဖြစ်သော (Anthropology) မနုဿဗေဒ (ဝါ) (Anatomy) ရုပ်ကလာပ်နှင့်ဆက်နွယ်နေသော လူ့အင်္ဂါရုပ်ကို သင်္ကေတဖြင့် လက္ခဏာနည်းပညာရပ်၏ အနက္ခ၊ လောကီပညာ၊ ဝိသေသအမြင်နှင့် အသိပညာပါရမီ ဖြည့်ဆည်းသောအနေအားဖြင့် ဆရာစားချန် မြှုပ်ကွက် လျှို့ဝှက်ဖော်ပြရာ စေတနာကံများစွာဖြင့် မေတ္တာပြုပြီး ယထာဘူတကျကျနိုင်းယှဉ်ရာဖြစ်သော ဝိဇ္ဇာနည်းမှ သိပ္ပံနည်းကျကျ. . .

လူ့အင်္ဂါရုပ်သင်္ကေတဖြင့်. . .

လက္ခဏာနည်းပညာစာအုပ်

အမိုပြု အာဂမယုတ္တိသဘောကို အကြောင်းပြုပြီး ဒိဋ္ဌကိုယ်တွေ့၊ ကောန်မှချ၊ အမှန်တကယ်၊ လူတွေ၏ ရုပ်သဏ္ဍာန် အမြင်နှင့်အသိ၊ အဓိကလူတွေ ဗီဇ၊ စရိုက်၊ နိယာမ၊ သတ္တဝါသဏ္ဍာန်(၁၂)မျိုး သင်္ကေတပုံဖြင့် လူ့အကြောင်းကို အကဲခတ် သိနိုင်ခြင်းများထဲမှ နတ်၊ မှော်၊ သမထ (ဝါ) လောကီဝိဇ္ဇာဓိုရ် (သို့မဟုတ်) မိစ္ဆာဒိဋ္ဌိ အမြင်အသိ အယူဝါဒ အောက်တန်းကျသောနည်း (ဝါ) အထက်ဖော်ပြထားသော၊ လူ့အကြောင်းသိခြင်းကိစ္စ အကြား အမြင် အသိ အထက်လမ်းနည်း၊ အောက်လမ်းနည်းများ၊ သံသယထင်မှားခြင်း နည်းပညာရပ်မှ လုံးဝမပါဝင်ထားပါကြောင်း နှလုံးသားစေတနာ မေတ္တာလောင်း၍ သုတေသီနှင့် ပညာရှင်၊ ပညာရှိ စာဖတ်ပရိသတ် အမျိုးကောင်းသားသမီး ပုဂ္ဂိုလ်အပေါင်းတို့၏ အနုမာန၊ မျက်မှန်းဆမှ

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

ကင်းလွတ်ကြပါစေ. . . အရိုးကို အရွက်မဖုံးစေရန် ပစ္စုပ္ပန် လျှပ်တစ်ပြက် အချိန်ကာလအတွင်းမှာ နှိုင်းနှိုင်းချိန်ချိန် မြင်တတ်၍ သိမှတ်နိုင်လျှင်၊ နဂိုရှိမှ နဂိုင်းထွက်၊ လူနှင့်တိရစ္ဆာန် အင်္ဂါရုပ်သဏ္ဍာန် အလေ့ဝါသနာ၊ ပစ်ခွာ၍ မရနိုင်သော ဗီဇစရိုက်၊ အတွင်းစိတ်ကို အကြားအမြင်များ ရနေသလားလို့ ထင်မှတ်ရမည့် မရိုးနိုင်သော စကားပုံကို ဆန့်ကျင်ကြစို့။ ဝါးကောက်သစ်ကောက်ကို မြင်နိုင်၏။ လူ့စိတ်ကောက်ကို မမြင်နိုင်။ သတိမမူ ဂူမမြင်၊ သတိမူက မြူစင်၍ လိုဏ်ဂူကို မြင်ရမည်။ ယခု ဖတ်ရှုရမည်။

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

အာသီသ. . .

– လိုအင်ဆန္ဒ၊ လိုချင်ရှိမှု။

**Anthropology**. . . မနုဿဗေဒ. . .

– လူသားတို့ ဖြစ်ပေါ်လာပုံနှင့် ဓလေ့ထုံးစံ၊ ယုံကြည်မှု ...ကို လေ့လာသောပညာရပ်။

**Anatomy**. . . ရူပက္ခန္ဓာ. . .

– ရုပ်ဓာတ်အစု။

လူ့အင်္ဂါရုပ်. . .

– ဦးခေါင်း လက် ခြေ စသော ခန္ဓာကိုယ်အစိတ်အပိုင်း၊ လူ့အသွင်အပြင်ရုပ်ပိုင်း။

သင်္ကေတ. . .

– အမှတ်အသားပြုချက်။

အနန္တ. . .

– အဖိုးထိုက်တန်ပုံဖြစ်ခြင်း၊ ကြေးမဖြတ်နိုင်၊ များသောတန်ဖိုးရှိခြင်း။

ဝိသေသ. . .

– ထူးခြားသောအချက်များ ဖော်ပြခြင်း။

မြှုပ်ကွက်. . .

– ဖုံးကွယ်ထားတဲ့အရာကို မြင်အောင်ဖော်ပြခြင်း။

လျှို့ဝှက်. . .

– တစ်ပါးသူ မသိအောင် သိုသိပ်ဖုံးထားတဲ့ ဆရာစားချန် ပညာရပ်တို့ ဖော်ပြခြင်း။

ယထာဘူတ. . .

– သဘာဝဖြစ်စဉ်ကို ဟုတ်တိုင်းမှန်စွာ။

www.burmeseclassic.com

www.burmeseclassic.com

နိဒါန်း

ဝိဇ္ဇာနည်း. . .
- အသိဉာဏ်အား,ကောင်း၍ လောကီပညာအတတ်မှ ကျွမ်းကျင်ပေါက်မြောက်သူများ။
ညှိပွဲနည်းကျ. . .
- စနစ်တကျ ကြောင်းကျိုးညီညွတ်ဆီလျော်အောင် ,ကိုယ်တိုင်လေ့လာစမ်းသပ်အောင်မြင်မှု ဖော်ပြထားခြင်းပညာရပ်။
အာဂမယုတ္တိ. . .
- စာပေဆိုင်ရာ ကျမ်းဂန်အထောက်အထား။
ဒိဋ္ဌ. . .
- မျက်မြင်ကိုယ်တွေ့ ထင်ရှားမှု အမှန်တည်ရှိခြင်း။
ကောန်မုချ. . .
- မလွှဲမသွေ အမှန်တကယ်ဖြစ်ခြင်း။
ရူပသဏ္ဌာန်. . .
- ရုပ်ပုံပန်း အသွင်အပြင် ဖွဲ့စည်းမှု။
ဗီဇ. . .
- လူ့မျိုးစေ့၊ မျိုးရိုး၊ ပင်ကိုဉာဏ် မပျောက်နိုင်ခြင်း။
စရိုက်. . .
- အပြုအမူ၊ အလေ့အကျင့်၊ ဝါသနာထုံခြင်း။
နိယာမ. . .
- သဘာဝ ဖြစ်ရိုးဖြစ်စဉ်၊ ဖြစ်မြဲသဘော။
သတ္တဝါသဏ္ဌာန်. . .
- သက်ရှိလူနှင့် တိရစ္ဆာန်။
သဏ္ဌာန်မှ သဏ္ဌာန်. . . (သံယောဂ)ပါဠိသံယုဂ်အမှန်. . .
- အစဉ်အသွင်ပုံ။

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

မော်. . .

– စုန်းပယောဂ စသည်တို့နှင့် ပတ်သက်သော လောကီပညာစီစဉ်မှု အတတ်နည်းပညာ။

သမထ. . .

– တည်ကြည်မှုကို အခြေခံပြီး ပြုလုပ်ပွားများ၍ အာရုံကောင်း၊ အကျင့်ကောင်းများ ဖြစ်နိုင်ခြင်း။

လောကီဝိဇ္ဇာဓိုရ်. . .

– လူ့လောက အကျိုးစီးပွားကို တန်ခိုးထက်မြက်သော အတတ်ပညာဖြင့် ပံ့ပိုးနိုင်သော ပုဂ္ဂိုလ်ထူး (တစ်နည်းအားဖြင့် အထက်တန်းပညာ အစွမ်းသတ္တိရှိခြင်း)

မိစ္ဆာဒိဋ္ဌိ. . .

– မှားသောအယူ၊ အမှားများစွာ ကျင့်ကြံနေလေ့ရှိသူ။

သံသယ. . .

– ထင်ယံ့ထင်မှား၊ လွဲမှားခြင်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဝိဇ္ဇာနည်းမှ သိပ္ပံနည်းကျ လူ့အင်္ဂါရုပ်သင်္ကေတဖြင့် လူကဲခတ်နည်းပညာရပ်

ဝိဇ္ဇာနည်းမှ သိပ္ပံနည်းကျ လူ့အင်္ဂါရုပ်သင်္ကေတဖြင့် လူကဲခတ်နည်းပညာရပ်ကို ကိုယ်တွေ့အသုံးချတတ်လျှင် အချိန်အခါမရွေး၊ နေရာဌာန ဒေသမရွေး၊ ပုဂ္ဂိုလ်အသွင် အသီးသီးတို့၏ ရုပ်နှင့်စိတ် မာယာပရိယာယ် စရိုက် (ခက်၊ နက်၊ တိမ်) လူတိုင်းကို သတိထား လေ့လာအကဲခတ်တတ်လျှင် ထိုလူ၏ စိတ်အကြောင်းကို သိနိုင်သည်။

ယခုခေတ် သင်ပြနေသည့် (Psychology) ဆိုင်ကော်လော်ဂျီ= စိတ်ပညာ၊ ထူးသော၊ ဆက်နွယ်နေသော၊ သိပ္ပံပညာရှင်အများ လက်ခံတဲ့ (Telepathy) တယ်လီပသီ*= စိတ်ကူး၊ အသိအမြင်၊ အသိပညာရှင်တို့ကို အမွေခံဖော်ထားသည့် ဂဃနဏ** ဖော်ပြထားသော လူကဲခတ်နည်း ပညာရပ်ဆိုင်ရာ စာအုပ်ဖြစ်ပါသည်။

ထိုမှ တွင်းသင်းမင်းကြီး ယူဆချက်ကို ကောက်နုတ်ပြရလျှင် အာယုစိန္တာကျမ်း၌ ကိုးဂုဏ်နဝ၊ မြတ်ဗုဒ္ဓ၏၊ မြွက်ဟာဒေသနာ၊ မဟုတ်ပါလည်း၊ လူ့မှာ အတိတ်က ပြုသမျှအရိပ်ကြောင့် ကံ၊ နိမိတ်***၊ အကျိုး၊ တံဆိပ်ပုံရုပ် ပါလာကြသည် ဖြစ်ပါကြောင်း။

---

* Telepathy = တယ်လီပသီ= စိတ်ကူးအသိကို တစ်ဦးထံမှတစ်ဦးသို့ ဆက်စပ်ယူခြင်း။

** ဂဃနဏ = အောက်ခြေအမြစ်တွယ် အပင်ကြီး ခုတ်လှဲပြသကဲ့သို့ ထင်ပေါ်လွင်အောင် ဖော်ပြခြင်း။

*** နိမိတ် = နောင်တွင် မည်သို့ဖြစ်ပျက်မည်ကို ကြိုတင်သိနိုင်သော အရိပ်အခြည် အကြောင်းခံ၍ အကျိုးကိုပြသခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကမ္မဋ္ဌာနနိဒ္ဒေသ)ကျမ်းသဘောကား
စရိုက်နှင့်ပုဂ္ဂိုလ်ခြောက်မျိုး ထုတ်နုတ်ချက်အကျဉ်း

၁။ ရာဂစရိုက်အားကြီးသူ တစ်ယောက်
၂။ ဒေါသစရိုက်အားကြီးသူ တစ်ယောက်
၃။ မောဟစရိုက်အားကြီးသူ တစ်ယောက်
၄။ သဒ္ဓါစရိုက်အားကြီးသူ တစ်ယောက်
၅။ ဗုဒ္ဓိစရိုက်အားကြီးသူ တစ်ယောက်
၆။ ဝိတက်စရိုက်အားကြီးသူ တစ်ယောက်

ဤသို့ဖြင့် ခြောက်ယောက်၊ ခြောက်မျိုး ဖြစ်၏။

၁။ ရာဂစရိုက်အားကြီးသူ

ဤပုဂ္ဂိုလ်ခြောက်ယောက်တို့အနက် ရာဂများသူ၊ ရာဂ၌ မွေ့လျော်အားကြီးသူ၊ ရာဂဝါသနာပြင်းထန်သူ၊ ရာဂမပြတ်ဖြစ်သူကို ရာဂစရိုက်အားကြီးသူဟု ဆို၏။ ထိုသူသည် သွားလာလှုပ်ရှားမှုနှင့် ပတ်သက်၍ မြန်မြန်ထက်ထက် သွားလေ့မရှိ၊ နှေးနှေးကွေးကွေး ဖြည်းဖြည်းသာ သွားတတ်၏။

အသွားနှေးသည်နှင့်အမျှ လှမ်းသောခြေကို အောက်သို့ချရာ လှမ်းပြီးခြေကို အပေါ်သို့ကြွတင်ရာ၌လည်း နှေး၏၊ ဖြည်းဖြည်းချ၍ ဖြည်းဖြည်းသာကြွ၏၊ သူ၏ခြေရာသည် ဆောင့်ကြွားကြွားအသွင် ထင်၏။

ထိုသူသည် လုပ်ကိုင်မှုနှင့် ပတ်သက်၍ တစ်ခုခုကိုလုပ်ရာတွင် သွက်သွက်လက်လက် လုပ်လေ့မရှိ၊ ချက်ချက်ချာချာ ပြုမူလေ့မရှိ၊ နှေးနှေးကန်ကန် လျော့တိလျော့ရဲ ပျော့နည်းနည်း လုပ်တတ်၏၊ အစားနှင့် ပတ်သက်၍ စားကောင်းသောက်ဖွယ် တစ်ခုခုကို ကြိုက်တတ်၏။

ကောင်းကောင်းကိုမှ စားချင်၏၊ စားသောအခါ၌လည်း ဖြည်းဖြည်းနှင့်မှန်မှန် အရသာခံ၍ စားတတ်၏၊ စားကောင်းသောက်ဖွယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုကိုရလျှင် အလွန်ဝမ်းသာ၏။

ထိုသူသည် ရှုကြည့်မှုနှင့် ပတ်သက်၍ သာမန်မျှသောပန်းကို မြင်လျှင်ပင် အလွန်အံ့ဩသည့် အမူအရာဖြင့် တရှုပ်ရှုပ် နမ်းတတ်၏၊ လောဘရမ္မက် ပြင်း၏။

မဖြစ်စလောက်ကလေးကိုပင် လောဘဇော ကပ်တတ်၏၊ ရခွင့်မထိုက်၍ လက်လွှတ်လိုက်ရသော်လည်း တပ်မက်စိတ်ကို ထိုသူ ဖျောက်၍မရချေ၊ သဘောထားနှင့် ပတ်သက်၍ လှည့်စားခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း၊ ယုတ်မာခြင်း၊ အလိုကြီးခြင်း အလွန်များသည်။

၂။ ဒေါသစရိုက်အားကြီးသူ

ထိုသူသည် သွားလာမှုနှင့် ပတ်သက်၍ သွားသောအခါ ခြေဖဝါးဦးကို နှိပ်၍နှိပ်၍နင်းကာ သွားတတ်၏၊ ခြေသွက်သွက် ခြေမြန်လက်မြန် ရှိလှ၏။

ဖဝါးကို နှိပ်ကာနှိပ်ကာ နင်းသဖြင့် သူ့ခြေရာခွက်သည် အခြားခြေရာများထက် စောက်နက်၏။ ထိုသူသည် လုပ်ကိုင်မှုနှင့် ပတ်သက်၍ အလုပ်တစ်ခုခုကို လုပ်ရာတွင် ဆိုးဆိုးဆတ်ဆတ် သွက်လက်စွာ လုပ်တတ်၏၊ ချက်ချက်ချာချာ ဆောင်ရွက်တတ်၏။

စားမှုနှင့် ပတ်သက်၍ အချဉ်ကြိုက်၏၊ ချဉ်သောအရသာကို မက်မော၏၊ စားသော် ဖိမ်ခံ၍စားမနေပဲ ဝမ်းပြည့်လျှင် ပြီးရောဆိုသော သဘောမျိုးဖြင့် ပလုတ်ပလောင်း လွေးတတ်၏။

အရသာကင်းမဲ့သော စားဖွယ်ကိုရလျှင် စိတ်မချမ်းမသာ ဖြစ်နေ၏၊ ထိုသူသည် ကြည့်ရှုမှုနှင့် ပတ်သက်၍ ရှုမြင်မကောင်းသော အနိဋ္ဌာရုံမျိုးမြင်သော် ရုတ်ခြည်း မျက်နှာလွှဲပစ်တတ်၏။

ရှုလိုသော စိတ်အလျဉ်းမရှိ၊ စိတ်ဆို၏၊ အမျက်ထွက်လွယ်၏၊ မဖြစ်စလောက် ကိစ္စနှင့်လည်း ထရိုက်ချင် ရိုက်တတ်၏၊ သူ့ကျေးဇူးကို မသိတတ်၊ သံယောဇဉ်လည်း မထားတတ်၊ သဘောထားနှင့် ပတ်သက်၍

www.burmeseclassic.com

www.burmeseclassic.com



အမျက်ကြီး၏၊ ရန်ငြိုးထားတတ်၏၊ သူ့ကျေးဇူးကို ချေဖျက်တတ်၏၊ ငြူစူတတ်၏၊ ဝန်တိုတတ်သည်။ ။

၃။ မောဟစရိုက်အားကြီးသူ

ထိုသူသည် သွားလာမှုနှင့် ပတ်သက်၍ သွားသောအခါ ဒယီးဒယိုင်နှင့် ခရီးသွားများအား နှောင့်ယှက်သော သွားခြင်းမျိုးဖြင့် သွားတတ်၏၊ ခြေလှမ်း အနုတ်အသိမ်း တုန်တုန်ယင်ယင်နိုင်၏။

နှိပ်၍နင်းသောကြောင့် သူ့ခြေရာသည် စောက်နက်၏၊ လုပ်ကိုင်မှုနှင့် ပတ်သက်၍ အလုပ်လုပ်ရာ၌ နှေး၏။

အရှုပ်ရှုပ် အထွေးထွေး မသန့်မရှင်းလုပ်တတ်၏၊ ထိုသူသည် အစားနှင့် ပတ်သက်၍ ဘာရယ်လို့ မည်မည်ရရ ကြိုက်ရသည်မရှိ၊ ကြုံရာစား၏၊ စားသော် ကသောကမျော အလောသုံးဆယ် စားတတ်၏။

ထမင်းဟင်း အဖိတ်ဖိတ် အစဉ်စဉ် မသန့်မပြန့် စားတတ်၏၊ ရှုကြည့်မှုနှင့် ပတ်သက်၍ တစ်ခုခုကို မြင်ထည်ရှိသော် ပတ်ဝန်းကျင် နောက်သို့ သံယောင်လိုက်တတ်၏။

ပတ်ဝန်းကျင်က ချီးမွမ်းလျှင် ဖရော၍ချီးမွမ်းပြီး၊ ပတ်ဝန်းကျင်က ကဲ့ရဲ့လျှင်လည်း ရော၍ကဲ့ရဲ့တတ်၏၊ အာရုံတစ်ခုခုကို မိမိဘာသာ တစ်ယောက်တည်း တွေ့မြင်သိမှုကား ကောင်းကျိုးနှစ်တန် မဝေဖန်တတ်သဖြင့် လျစ်လျူရှုနေ၏။

သဘောထားနှင့် ပတ်သက်၍ ထိန*၊ မိဒ္ဓ**အားကြီး၏၊ ဥဒ္ဓစ္စ***၊ ကုက္ကုစ္စ****လွန်ကဲ၏၊ ဝိစိကိစ္ဆာ*****ထူပြောသည်။

---

*ထိန = ထိုင်းခြင်း၊ **မိဒ္ဓ = မှိုင်းခြင်း၊

***ဥဒ္ဓစ္စ = ပျံ့လွင့်ခြင်း၊ ****ကုက္ကုစ္စ = နောင်တပူပန်ခြင်း၊

*****ဝိစိကိစ္ဆာ = သို့လောသို့လော၊ ယုံ၊ ထင်၊ လွဲ၊ မှတ်မှားခြင်းများ၊ စိတ်နှစ်ခွဖြစ်ခြင်း၊ မဆုံးဖြတ်နိုင်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com


၄။ သဒ္ဓါစရိုက်အားကြီးသူ

ထိုသူသည် သွားလာမှု၊ လုပ်ကိုင်စားသောက်မှု၊ ရှုကြည့်မှုနှင့် ပတ်သက်၍ ရာဂစရိုက်အားကြီးသူနှင့် အလုံးစုံတူ၏။ သဘောထားနှင့် ပတ်သက်၍ကား ရက်ရက်ရောရော စွန့်ကြဲပေးကမ်းတတ်၏၊ ရဟန်းသံဃာတော်ကောင်း ပုဂ္ဂိုလ်များကို ဖူးမြော်ဆည်းကပ်လေ့ရှိ၏၊ သူတော်ကောင်းစကားကို ကြားနာလို၏။ ကြည်လင်စွာ ရွှင်ပြုံးသော အမူအရာဖြင့် နေလေ့ရှိသည်။

၅။ ဗုဒ္ဓိစရိုက်အားကြီးသူ

ထိုသူ၏ သွားလာမှု၊ လုပ်ကိုင်မှု၊ စားသောက်မှု၊ ရှုကြည့်မှု များသည် ရာဂစရိုက်ကြီးသူနှင့် အလားတူ၏၊ သဘောထားနှင့် ပတ်သက်၍ကား ထိုသူသည် ဆိုပြောစကားကို နားလည်၏၊ အဆွေခင်ပွန်း ပီသ၏၊ အစားအစာ၌ အတိုင်းအရှည် သိတတ်၏၊ အရာရာ၌ နှိုင်းနှိုင်းချိန်ချိန် ပြုလေ့ရှိသည်။

၆။ ဝိတက်စရိုက်အားကြီးသူ

ထိုသူ၏ သွားလာမှု၊ လုပ်ကိုင်မှု၊ ရှုကြည့်မှု၊ စားသောက်မှု များသည် ရာဂစရိုက်အားကြီးသူနှင့် အလားတူ၏၊ သဘောထားနှင့် ပတ်သက်၍ကား ပရိဘောဂ အသုံးအဆောင် များစွာရှိ၏၊ အပေါင်းအဖော်၌ မွေ့လျော်တတ်၏၊ ကုသိုလ်ရေးဘက်တွင် ဝါသနာမပါ၊ ညအခါ၌ ထွေထွေရာရာကို ကြံဆလေ့ရှိ၏၊ အကြံရလျှင် ဟောဟော ဒိုင်းဒိုင်း ဖုတ်ပူမီးတိုက် ပြုလုပ်တတ်၏၊ စိတ်တည်ငြိမ်မှု မရှိပေ။

ဗုဒ္ဓ၏ အာဂမယုတ္တိကျမ်းသဘော၌ မှီရာဖြစ်သော ပုဂ္ဂိုလ်ခြောက်မျိုးစရိုက်ကို ဖော်ပြထားသော (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကမ္မဋ္ဌာနနိဒ္ဒေသ) အထက်ပါ ကောက်နုတ်ချက်အကျဉ်း ဖြစ်၏။ အကျယ်ကို ဖတ်ရှုလိုလျှင် ဤကျမ်းကိုကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com


လိုရင်းအဓိက သော့ချက်ကတော့ ကမ္မဋ္ဌာန်းတရားပြကြသည့် ရဟန်းနှင့်လူပုဂ္ဂိုလ်၊ တရားပြကြသည့် ကမ္မဋ္ဌာနစရိယာ၊ ကမ္မဋ္ဌာန်းတရားပြ ဆရာများ၏ မှီရာတည်ရာပြု၍ အားကိုးထားသော အထက်ပါ ကျမ်းသဘောတရားဖြင့် ရဟန်းသံဃာ၊ လူ၊ ယောဂီပုဂ္ဂိုလ် အပေါင်းများတို့သည် အခြုပ်အချာဖြစ်သော စရိုက်ခြောက်မျိုးနှင့် သင့်လျော်လေမည့်နည်းဖြင့် အကဲဖြတ်၍ အဘယ်ကမ္မဋ္ဌာန်းတရားပြလျှင် တရားသဘောပေါက်နိုင်၊ ရနိုင်အောင် နှလုံးသားနှင့် ဦးနှောက်အာရုံ အကြည်ဓာတ်၌ လောကုတ္တရာစျာန် အကျဉ်း(၇)ပါး၊ အကျယ်(၄၀)ပါးဖြင့် မဂ်(၄)ပါး၊ ဖိုလ်(၄)ပါး၊ နိဗ္ဗာန်နှင့် နီးအောင် ရအောင် သဘောပေါက်၍ အာရုံပြုနိုင်အောင် ဆိုက်ရောက်နိုင်အောင် စရိုက်(၆)ပါးထဲမှ ကိုက်ညီမည့်တရားဖြင့် အကဲခတ်ဆုံးဖြတ်နည်းကို လူ့အင်္ဂါရုပ်သင်္ကေတဖြင့် လူကဲခတ်နည်းပညာစာအုပ်၌ သင့်လျော်မှန်ကန်မည် ထင်မှတ်၍၊ စာရှုသူပရိသတ်အပေါင်းတို့အား ဗဟုသုတ ပညာပါရမီ အထက်တန်းကျ ဖြည့်ဆည်းရာအနေဖြင့် ဖော်ပြလိုက်ပါသည်။ စိတ်သွားတိုင်းကိုယ်ပါသော စိတ်အသွင် စရိုက်အမူအရာကို ကမ္မဋ္ဌာနစရိယ အကဲခတ်တရားပြနည်းကို အထက်ပါအကျဉ်းသဘော ဖြစ်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အိန္ဒိယပြည်ဆရာကြီးများ၏ ရူပသာကော်တ မျက်နှာပြင်အကဲခတ်နည်း၊ ရှေးဟောင်းနည်းအကျဉ်း (ပုံ–၁)



က = စနေလမ်းကြောင်း
ခ = ကြာသပတေးလမ်းကြောင်း
ဂ = အင်္ဂါလမ်းကြောင်း
ဃ = တနင်္ဂနွေလမ်းကြောင်း
င = တနင်္လာလမ်းကြောင်း
စ = ဂသာကြာနယ်မြေ
ဆ = ဗုဒ္ဓဟူးနယ်မြေ

www.burmeseclassic.com

www.burmeseclassic.com



ဇ = မိမိနှင့် မျိုးမတူသော လိင်တစ်ဦးဦးက ဒုက္ခပေးခြင်း
ဈ = ချမ်းသာကြွယ်ဝသူနှင့် အိမ်ထောင်ကျခြင်း
ည = ငယ်ရွယ်စဉ်ဘဝ၌ ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ရခြင်း
ဋ = ရေနစ်ခြင်း (သို့မဟုတ်) အမြင့်မှလိမ့်ကျခြင်း (သို့မဟုတ်) သူတစ်ပါး ဝေဖန်ရသည်အထိ နာမည်ပျက်ခြင်း

## (ရူပသင်္ကေတ) မျက်နှာပြင်အကဲခတ်နည်း

"နဖူးရေ ဒူးရေ ကောင်းလိုက်တာ" ဟု လူကြီးသူမများပြောသံကို လူတိုင်းကြားဖူးပေလိမ့်မည်။ ၎င်းစကားလုံးအား သက်ကြီးဝါကြီးများသည် အဓိပ္ပါယ်ရှိ၍သာ ဝေါဟာရအနေဖြင့် သုံးနေခြင်းဖြစ်ပေသည်။

လူတစ်ဦးအား အကဲခတ်သည့်အခါတွင် မျက်နှာသွင်ပြင်ကို ပထမဆုံး မြင်တွေ့ရသည့် အရာဝတ္ထုအနေနှင့် ဆုံးဖြတ်ရပေသည်။ ဆုံးဖြတ်သည့်မှု= နိသယရည်းကား ရှိရမည်မှာ အမှန်ပင်။

ဤသို့ ခက်ခဲနက်နဲသော ပညာရပ်အား ဖီစရောနိုမီ (ဝါ) မျက်နှာကိုကြည့်၍ အကဲခတ်နည်းဟု ခေါ်တွင်ပေသည်။

၎င်းပညာအား မည်သည့်တိုင်းနိုင်ငံက အစပြု၍ ထွန်းကားပေါ်ပေါက်လာသည်ကို အတိအကျ မသိရပေ။ သို့သော် အရှေ့တိုင်းနိုင်ငံ ရှေးယဉ်ကျေးမှု ထွန်းကားသောကာလ အခါကပင် ပေါ်ထွန်းလာခဲ့ကြောင်းကိုသာ တွေ့ရှိရပေသည်။

အိန္ဒိယပြည်နှင့် တရုတ်ပြည်တွင် အထူးတတ်မြောက်သူ ပုဂ္ဂိုလ်များ ယခုထက်တိုင် ရှိလျက်နေသေးသည်။ ယခုဖော်ပြမည့် အိန္ဒိယပြည်ဆရာကြီးများ၏ ရှေးဟောင်း (ရူပသင်္ကေတ) မျက်နှာပြင် အကဲခတ်ဖတ်နည်းမှာ တစ်ဆင့်မှ တစ်ဆင့်သို့ ကျမ်းအဆူဆူမှ အဆူဆူသို့ လေ့လာမှတ်သားထားသည့် ပညာရပ်၏ တစ်စိတ်တစ်ဒေသ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com


မျက်နှာပြင်ပေါ်တွင်ရှိနေသည့် မျက်လုံး၊ နား၊ နှာခေါင်း၊ နှုတ်ခမ်းတို့၏ အင်္ဂါဆိုင်ရာ ကြန်အင်လက္ခဏာ၊ အသွင်အပြင် တည်နေပုံ၊ ဖြစ်တို့ကို အကဲခတ်၍ လူ၏ပင်ကိုဗီဇ စိတ်သဘောထားကို သိမှတ်နိုင်ရန် ဖော်ပြပါအံ့နည်း . . .

## မျက်နှာပြင်ပေါ်ရှိ အရေးအကြောင်းများ

၁။ ဆံပင်များ၏အောက်ရှိ နဖူးပေါ်တွင် ဖြစ်ပေါ်နေသော မျဉ်းကြောင်းအား စနေလမ်းကြောင်းဟု ခေါ်သည်။
(အက္ခရာမှတ်စု က)

၂။ စနေလမ်းကြောင်း၏အောက်ရှိ ဒုတိယမျဉ်းကြောင်းအား ကြာသပတေးလမ်းကြောင်းဟု ခေါ်သည်။
(အက္ခရာမှတ်စု ခ)

၃။ ကြာသပတေးလမ်းကြောင်း၏အောက်ရှိ တတိယမျဉ်းကြောင်းအား အင်္ဂါလမ်းကြောင်းဟု ခေါ်သည်။
(အက္ခရာမှတ်စု ဂ)

၄။ ညာဘက် မျက်ခုံးမွေးပေါ်ရှိ မျဉ်းကြောင်းအား တနင်္ဂနွေလမ်းကြောင်းဟု ခေါ်သည်။
(အက္ခရာမှတ်စု ဃ)

၅။ ဘယ်ဘက် မျက်ခုံးမွေးပေါ်ရှိ မျဉ်းကြောင်းအား တနင်္လာလမ်းကြောင်းဟု ခေါ်သည်။
(အက္ခရာမှတ်စု င)

၆။ မျက်ခုံးမွေးနှစ်ခု၏ အလယ်ဒေသအား သောကြာနယ်မြေဟု ခေါ်သည်။
(အက္ခရာမှတ်စု စ)

www.burmeseclassic.com

www.burmeseclassic.com



၇။ နှာခေါင်း၏ အလယ်ဒေသအား ဗုဒ္ဓဟူးနယ်မြေဟု ခေါ်သည်။ (အိက္ခရာမှတ်စု ဆို)

၎င်းဒေသ၌ မျဉ်းကြောင်းငယ် ၆လေးငါးကြောင်းအထိပင် ရှိတတ်ပါသည်။

## သင်္ကေတမှတ်ပြချက် သဘောတရား

၁။ နဖူးပေါ်ရှိသော ပထမလမ်းကြောင်း၊ စနေလမ်းကြောင်းသည် ထင်ရှား၍ ဖြောင့်တန်းနေပါမူ ၎င်းပုဂ္ဂိုလ်သည် အမြော်အမြင်ရှိခြင်း၊ လိမ္မာခြင်း၊ သတိဝီရိယရှိခြင်း၊ ဆင်ခြင်ကိုင်တွယ်တတ်ခြင်း၊ သဘောဉာဏ်ကောင်းခြင်းများ ပြည့်စုံပေလိမ့်မည်။

အကယ်၍ စနေလမ်းကြောင်းသည် ပြတ်တောက်နေလျှင်သော်လည်းကောင်း၊ တွန့်လိမ်ကောက်ကွေးနေလျှင်သော်လည်းကောင်း၊ ၎င်းပုဂ္ဂိုလ်သည် စိတ်အားငယ်တတ်ခြင်း၊ ညည်းညူတတ်ခြင်း၊ တွေဝေနေတတ်ခြင်းများနှင့် ရောထွေးနေလိမ့်မည်။

၂။ နဖူးပေါ်တွင်ရှိသော ဒုတိယလမ်းကြောင်း၊ ကြာသပတေးလမ်းကြောင်းသည် ထင်ရှား၍ ဖြောင့်တန်းနေပါမူ ထိုပုဂ္ဂိုလ်သည် သစ္စာသမာဓိနှင့်ပြည့်စုံခြင်း၊ ဂုဏ်သိက္ခာကိုစောင့်စည်းခြင်း၊ လေးစားခြင်း၊ သူတစ်ပါး၏ လေးစားမှုကို ခံစားရခြင်းနှင့် ပြည့်စုံပေလိမ့်မည်။

အကယ်၍ ကြာသပတေးလမ်းကြောင်းသည် ပြတ်တောက်နေလျှင်သော်လည်းကောင်း၊ တွန့်လိမ်ကောက်ကွေးနေလျှင်သော်လည်းကောင်း၊ ပျံ့တွန့်တန့် နန့်တွန့်တန့် နေထိုင်တတ်ခြင်း၊ သစ္စာသမာဓိ ကင်းမဲ့ခြင်းများ ဖြစ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



၃။ နဖူးပေါ်တွင်ရှိသော တတိယလမ်းကြောင်း၊ အင်္ဂါလမ်းကြောင်းသည် ထင်ရှား၍ ဖြောင့်တန်းနေပါမူ ၎င်းပုဂ္ဂိုလ်သည် သတ္တိကောင်းခြင်း၊ ကျော်စောခြင်း၊ တိုက်ရည်ခိုက်ရည်ရှိခြင်း၊ အများအစဉ်ကို အသက်စွန့်စားခြင်းများနှင့် ပြည့်စုံ၍၊ ၎င်းလမ်းကြောင်း ပြတ်တောက်နေလျှင်သို့မဟုတ် တွန့်လိမ်ကောက်ကွေးနေလျှင် မိမိကြံစည်နေသမျှ အောင်မြင်သည်ဟု မရှိခြင်း၊ ဆုံးရှုံးခြင်းနှင့် ရင်ဆိုင်ရတတ်ခြင်းများဖြစ်လိမ့်မည်။

၄။ ညာဘက် မျက်ခုံးမွေးပေါ်ရှိ တနင်္ဂနွေလမ်းကြောင်းသည် ထင်ရှား၍ ဖြောင့်တန်းနေပါမူ ၎င်းပုဂ္ဂိုလ်သည် ကြံစည်သမျှ အတိမ်းအစောင်းမရှိ အောင်မြင်ခြင်း၊ အမြော်အမြင် ရှိခြင်းများနှင့် ပြည့်စုံပေလိမ့်မည်။

အကယ်၍ တနင်္ဂနွေလမ်းကြောင်းသည် ပြတ်တောက်နေလျှင်လည်းကောင်း၊ လိမ်တွန့်နေလျှင်လည်းကောင်း၊ ကောက်ကျစ်စဉ်းလဲခြင်း၊ ကပ်စေးနဲခြင်း၊ မကောင်းမှုကျူးလွန်ခြင်း ဖြစ်လိမ့်မည်။

၅။ ဘယ်ဘက် မျက်ခုံးမွေးပေါ်ရှိ တနင်္လာလမ်းကြောင်းသည် ထင်ရှား၍ ဖြောင့်တန်းနေပါမူ ၎င်းပုဂ္ဂိုလ်သည် စိတ်ကူးယဉ်တတ်ခြင်း၊ အေးဆေးစွာ နေထိုင်တတ်ခြင်း၊ ခရီးလမ်း ထွက်နေခြင်းကို တပ်မက်မောခြင်းများရှိနေပြီး၊ အကယ်၍ ၎င်းလမ်းကြောင်းသည် ပြတ်တောက်နေလျှင်လည်းကောင်း၊ လိမ်တွန့်ကောက်ကွေးနေလျှင်လည်းကောင်း ဉာဏ်ထိုင်းမှိုင်းခြင်း၊ ပျင်းရိခြင်းများ ဖြစ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



## လူနှင့် လူ့သဘောကိုသိစေရန် အကြောင်းရှာ

လူကို သဘာဝစကျကျ လေ့လာသည်မှာ လူပင်ဖြစ်သည်။ သို့တစေ လူသည် ယခုတိုင် အရာတိုင်းကိုလေ့လာသည်ဟု ထင်ရစေကာ အနှီလူသည့် ဤပညာရပ်နယ်ပယ်တွင် အရေးမထား စိတ်ဝင်စားမှုနည်းစွ။

လူကား ရွေးချယ်ထားသော နှုံးမြေခဲနှင့် ဆေးခြယ်ထားသော ရုပ်စေးတုံးအားလုံးကို လက်ခံယုံကြည်ဖို့ အသင့်ရှိနေသည်ဟု ထင်ရမည်။

သို့ဖြင့် ဟိုမှာဘက်ရှိမနေ၊ သဘာဝစာရိတ္တ အခြေအနေတို့ကို မိမိဆက်သွယ်ရမည့်သူနှင့် ပတ်သက်ကာ စူးစမ်းလေ့လာခြင်း မရှိပဲ၊ ၎င်းဆက်သွယ်ရမည့်သူသည် (ဝါ) မိမိ၏မိတ်ဆွေသည် အားကိုးလောက်ပေသလော၊ ယုံကြည်လေးစားထိုက်ပေသလော၊ ရိုးသားဖြောင့်မတ်ပါ၏လော ဟူသည်ကို မှတ်သားလေ့လာလိုခြင်း မရှိပဲ၊ ၎င်းအားလုံးကို လက်ခံဖို့ ယုံကြည်ဖို့ အသင့်ရှိနေသည်ဟု ထင်ရ၏။

ကမ္ဘာလောကကြီးသည် (ဝါ) မနုဿလောကကြီးသည် မနုဿလူသားတို့၏ မနော၊ စရိုက်၊ အမိုက်၊ အလိမ္မာတို့နှင့် ပတ်သက်၍ နောဇာနာမိ ငါမသိသို့၊ သတိမပြု ဂရုမထား၊ အလွန်အကြူး နေအားပေသည်။

ထိုသို့ သတိမပြု ဂရုမထား နေရုံတွင်လည်းကောင်း၊ ကာလအတန်ကြာ ပေါင်းသင်းဆက်ဆံပြီး ရှက်ဖွယ်ကောင်းလောက်အောင် ယုံမိသမျှ အနှိပ်စက်ခံရခြင်းကို တွေ့ရသည့်အခါမှာ ရုတ်တရက် အံ့အားသင့်ခြင်း၊ တအံ့တသြဖြစ်ခြင်းများပင် ရှိနေလေ၏။

မိတ်သင်္ဂဟ ရွေးချယ်ရာတွင် ကိုယ့်အတွက် သင့်တော်ပါသည်ဟု အရာတိုင်းမှာပင် ရှောရှောရှူရှူ ယုံကြည်လက်ခံလွယ်ကြပေသည်။

အပြင်ပန်း အမူအရာလောက်မျှကိုသာ ကြည့်၍ဝေဖန်ပြီး သဘောကျသည်နှင့် တစ်ပြိုင်နက် ရေဆက် မစဉ်းစားကြ ...ပေ။

www.burmeseclassic.com

www.burmeseclassic.com



၆။ မျက်ခုံးမွေးနှစ်ခုကြားရှိသော ကြားနယ်မြေ၌ မျဉ်းကြောင်းငယ်တစ်ကြောင်းရှိပြီး ဖြောင့်တန်းနေပါက ဎင်းပုဂ္ဂိုလ်သည် ပျော့ပျောင်းနူးညံ့သော စိတ်ထားရှိခြင်း၊ အိမ်ထောင်ရေး သာယာပျော်ရွှင်ခြင်း၊ အကယ်၍ မျဉ်းကြောင်းငယ်သည် ပြတ်တောက်နေလျှင်လည်းကောင်း၊ ကောက်ကွေးနေလျှင်လည်းကောင်း မိမိချစ်သူအပေါ် သစ္စာမဲ့ခြင်း၊ ဖောက်ပြန်ခြင်း၊ အိမ်ထောင်ရေး အဆင်မပြေခြင်းများ ဖြစ်လိမ့်မည်။

၇။ နှာခေါင်းပေါ်ရှိ ဗုဒ္ဓဟူးနယ်မြေ၌ လမ်းကြောင်းငယ်နှစ်ကြောင်းအောက် ထင်ရှားစွာ ရှိနေပါလျှင်၊ ဎင်းပုဂ္ဂိုလ်သည် စကားပြောကောင်းခြင်း၊ တစ်ဖက်သား အားဂရုလောက်အောင် လှည့်ပတ်တတ်ခြင်းနှင့် လမ်းကြောင်းငယ် သုံးကြောင်းထက် ထင်ရှားစွာ ရှိနေပါလျှင်၊ ဎင်းပုဂ္ဂိုလ်သည် စကားပြောခြင်း၌ စကားဖွာခြင်းနှင့် သစ္စာမတည်ကြည်ခြင်းများ ဖြစ်ပေသည်။ (ပထမကဏ္ဍပိုင်း)


* * *

www.burmeseclassic.com

www.burmeseclassic.com



## မျက်နှာပုံစံ အသွင်သဏ္ဌာန်သကော်တာ
## အမျိုးသားနှင့်အမျိုးသမီး နှစ်ကဏ္ဍပြရုပ်



ပုံ (၁)



ပုံ (၂)



ပုံ (၃)

www.burmeseclassic.com

www.burmeseclassic.com



၁။ ကြက်ဥ (သို့မဟုတ်)' ဘဲဥမျက်နှာရှင်များမှာ သည်းခံတတ်၏၊ အညာလွယ်၍ သနားတတ်၏၊ သဝန်မကြောင်တတ်ကြပေ၊ လင်၏အလိုကို လိုက်တတ်၏၊ အေးအေးနေသူများဖြစ်၏၊ အမျိုးသားလည်း ဤကဲ့သို့ပင် ဖြစ်ပါသည်။

ပုံ(၂)ကို ကြည့်ပါ။

၂။ ပါးရိုးကြီးသူ၊ မေးရိုးကြီးသူများမှာ ဇွဲရှိ၏၊ အလုပ်တစ်ခုကိုလည်း မပြီးမချင်း ပြုလုပ်တတ်ကြ၏၊ မိမိအမျိုးကို စောင့်ရှောက်တတ်ကြ၏၊ ဒုက္ခဆင်းရဲ ခံနိုင်စွမ်းရှိသည်။

ပုံ(၁)ကို ကြည့်ပါ။

၃။ ငါးမြှောင့်မျက်နှာ နှာမည်ကျော်ရှိသူများဖြစ်၏၊ လူသိများသော သက်မွေးမှုကို ပြုလုပ်တတ်ကြ၏၊ ရှည်းစားတစ်ထောင် လင်ကောင် တစ်ယောက်ဆိုသလို ဖြစ်တတ်၏၊ ကွယ်လွန်သူ စိန်မဟာသဘင် ဦးဖိုးစိန်၏ မျက်နှာပုံနှင့် ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး ရီတာဟေးဝက်၏ မျက်နှာပုံများကို လေ့လာကြည့်က သိနိုင်သည်။

ပုံ(၆)ကို ကြည့်ပါ။

၄။ ခေါင်းကြီးအောက်ချူး အသနားခံသူ၊ မည်သူမည်သည့်ကိုစွမဆို ခေါင်းရှောင်၏၊ ရိုးလွန်း၏၊ သည်းခံ၏၊ သူချစ်မိလျှင် အသက်ကိုစွန့်သည်၊ အချစ်ကိုမူ မစွန့်တတ်သော လူစားမျိုးဖြစ်သည်။

ပုံ(၄)ကို ကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com





ပုံ (၄)



ပုံ (၅)



ပုံ (၆)

www.burmeseclassic.com

www.burmeseclassic.com


၅။ မျက်နှာပိုင်း ရှိုးရှိုးသားသားနေတတ်၏၊ မဟုတ်မခံတတ်၊ မိမိကစတင် ရန်မမူတတ်၊ သူတစ်ထူး၏ အစကိုလည်း မခံတတ်၊ စိတ်လိုက်မာန်ပါ တုံ့ပြန်တတ်၏၊ ကြွားဝါပြောဆိုတတ်ကြသည်။

ပုံ(၃)ကို ကြည့်ပါ။

၆။ ထိပ်စုအောက်ကား ကြောက်စရာ အကောင်းဆုံးဖြစ်သော မျက်နှာပုံပင်ဖြစ်၏၊ လူသတ်မှုကိုကျူးလွန်ရန် ဝန်မလေးတတ်ကြပါ၊ ရန်ငြိုးဖွဲ့တတ်ပေသည်။

ပုံ(၄)ကို ကြည့်ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## သောကြာကြယ် ပြုံးသလိုပ မျက်လုံးတော်က ကြည့်လှတယ်

ပါဠိလိုကား (စက္ခုဗိညာဏဓာတုယာ)၊ ရှုပါရုံခေါ်တဲ့ အဆင်းရောင်ဒြပ်ဓာတ်၊ အာရုံကို မြင်သိစိတ်ဖြစ်တည်တဲ့ မျက်လုံး၊ ပသာဒ၊ အကြည့်မှန်ဓာတ်အားနှင့် အလားသဏ္ဌာန်တူသော ဤမျက်လုံး၊ အင်္ဂလိပ်အခေါ် (**The Eye**) မျက်လုံးကို လေ့လာမှတ်သားခြင်း အခြေခံ အကြောင်းတရားကို အထပ်ထပ်အခါခါ စူးစမ်းရန် အထူးလိုအပ်၏။ မိမိမျက်လုံး၏ ဟန်အနေအထားကို မှန်တွင် ဂ၊ ဃ၊ န၊ ဏ သေချာစွာ စူးစမ်းကြည့်ရှု သဘောပေါက်ရန် အခါပေါင်းများစွာ ကြည့်ရှုတတ်ရန် လောကီအာရုံ ဈာန်ငါးပါး*ဖြင့် ကြည့်ရှုလျှင် မျက်လုံးကို အထူးအကဲခတ်နိုင်ပေ၏။ မျက်လုံးသည်. . .

နက်နဲလှသောသဘောကို ဆောင်ထားခြင်း၊ လူကဲခတ်ပညာတွင် အခက်ခဲဆုံး နည်းပညာဆိုက မမှားပေ၊ အခြေခံ ပထမအဆင့် သဘောပေါက်နိုင်အောင် သင်္ကေတအမှတ်ပြုရုပ်ပုံဖြင့် ဖော်ပြမည်။

---

* လောကီအာရုံ ဈာန်ငါးပါး ဆိုသည်မှာ ဝိတက်အစွဲရှိကို ကြံတတ်ခြင်း၊

** ဝိစာရ . . . အာရုံသုံးသပ် ကျက်စားထွတ်ခြင်း၊

*** ပီတိ . . . အာရုံကို နှစ်သက်လက်ခံနိုင်ခြင်း၊


**** သုခ . . . ချမ်းသာခြင်းကို ခံစားတတ်ခြင်း၊

***** ဧကဂ္ဂတာ . . . အာရုံပေါ်မှာ စိတ်စူးစိုက် ဆင်ခြင်ခြင်းတို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ပြရုပ်ပုံ (၁) ပြရုပ်ပုံ(၁)အတိုင်း မျက်လုံး၏ နှစ်ဘက်စွန်းကို စိတ်မှန်းဖြင့် မျဉ်းရေးပါ၊ တည့်မတ်နေပါက တည်ငြိမ်သူ၊ သစ္စာရှိသူ၊ မိမိ၏ အိမ်ထောင်ဖက်မှ လွဲ၍ အခြားစိတ်မဝင်စားရသူဟု ဆိုရပေသည်။

ပြရုပ်ပုံ (၂) ပြရုပ်ပုံ(၂)အတိုင်း နှာရင်းအစွန်းနှင့် နားရွက်ဘက် အစွန်း၊ ထိုအစွန်းမှာမညီ၊ နားရွက်ဘက်အစွန်းသည် အောက်သို့နိမ့်ကျနေခြင်း၊ ၎င်းသဏ္ဍာန်ရှိ ယောကျ်ား မိန်းမများသည်ကား အိမ်ထောင်မှုနှင့် ပတ်သက်၍ မကျေနပ်၊ မပျော်ရွှင်၊ ဆက်ဆံပေါင်းသင်းနေရသော် လည်း မျက်လုံးတစ်လုံးမှာ မိမိအိမ်ထောင်ရှင်ကို ကြည့်လင့်ကစား တစ်ဖက်သော မျက်လုံးမှာ အခြားသူတစ်ဦးအား ခေါ်မြူလျက် ရှိနေသည်ဟု ဆိုရပေမည်၊ တစ်လင်တစ်ယောက်မယား မဖြစ်နိုင်၊ အိမ်ထောင်များတတ်သည်။

ပြရုပ်ပုံ (၃) ပြရုပ်ပုံ(၃)မှာ ပုံ(၂)နှင့် ဆန့်ကျင်ဘက်ပင် ဖြစ်၏၊ နှာရင်းဘက်ရှိ မျက်လုံးစွန်း နိမ့်၍၊ နားရွက်ဘက်ရှိ မျက်လုံးစွန်း မြင့်လျက်ရှိ၏၊ မိမိအိမ်ထောင်ဖက်ကို ထန်းဖလက် နတ်ရုပ်တင် ရွှေနန်းသမား ဖြစ်၏၊ ဥစ္စာပစ္စည်းရှိခြင်း၊ ချောခြင်း၊ လှခြင်းနှင့်မဆိုင်၊ ပေါင်းမိလျှင် တမ်းတမ်းစွဲ၊ သေအတူ ရှင်အတွဲတမ်း ရာသက်ပန်ပေါင်းဖက်၍ အကောင်းဆုံးကြင်ဖက်များ၏ သင်္ကေတတစ်ရုပ်ပင် ဖြစ်ပေသည်။

www.burmeseclassic.com



ပြရုပ်ပုံ (၄)
ကံဆိုးသူ

ပြရုပ်ပုံ(၄)မှာ မျက်လုံးအောက်မှ အရေးအကြောင်းကို အရှယ်နုပျိုစဉ်က တွေ့မြင်နေရပါမူ မိမိနှင့် ကြောင်းလမ်းပြီးသွားသည့်အထိ စိတ်မချရသော အထိမ်းအမှတ် တစ်ခုပင်၊ နှာခေါင်းဘေးမှ အကြောင်းတစ်ကြောင်း ဖြည့်စွက်ပါရှိခဲ့ပါမူ မုဆိုးဖို မုဆိုးမ ဇာတာရှင်ဟူ၍ သမုတ်သင့်ကြောင်း ပြရပေမည်။

ပြရုပ်ပုံ (၅)
အဖြူရစ်

ပြရုပ်ပုံ(၅)မှာ မျက်ဆန်ဘေးတွင် အဖြူရစ်ဝိုင်းလျက်ရှိသူမှာ မထိုင်မီက ကာမဆန္ဒကို ဖြုန်းတည်းသူဟု ခေါ်ဆိုရပေမည်၊ များသောအားဖြင့် ကုလားလူမျိုးများတွင် အများအပြား တွေ့မြင်ရပေသည်။

ပြရုပ်ပုံ (၆)
သူငယ်အိမ်ကြီးသူ

ပြရုပ်ပုံ(၆) မျက်နက်ကွင်းရှိ သူငယ်အိမ်ကြီးသူများမှာ စောရနက္ခတ်နှင့် ပူးညီသူများဟု ခေါ်ရမလောက် သူတစ်ထူး၏ ပစ္စည်းများကို လိုလိုချင်ချင် ရှိတတ်၏၊ နေ့ပိုင်းဖြစ်တတ်သော သတင်းများထက် ညပိုင်း မှောင်ခိုနောက်မီးပွင့် သတင်းများကို ပိုစိတ်ဝင်စား၏၊ အတင်း အလွန်ပြောဆိုတတ်သည်။

ပြရုပ်ပုံ (၇)
သူငယ်အိမ်ငယ်သူ

ပြရုပ်ပုံ(၇) သူငယ်အိမ်သေးသူများမှာ သဝန်ကြောင်တတ်၏၊ ပေါ်ပေါ်ထင်ထင် ပြုမူတတ်ကြ၏၊ စိတ်သဘောသေးသိမ်သလောက် အခြားသူများအရေး စပ်စုတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ပြရုပ်ပုံ (၈) မျက်တောင်စင်းသူ — ပြရုပ်ပုံ(၈) မျက်တောင်စင်းများကား ရာဂပြင်းထန်၏။ အမြဲတစေ ကာမရာဂနှင့် ပတ်သက်သော ကိစ္စများကိုသာ အာရုံပြုတတ်ကြ၏။ အလိုရမ္မက်ကြီးလွန်းသော သင်္ကေတတစ်ရပ် ပြုမှတ်ထားသည်။

ပြရုပ်ပုံ (၉) — ပြရုပ်ပုံ(၉) မျက်လုံးသေး၏။ အမြင် အလွန်အာရုံစူးရှတတ်၏။ လက်တွေ့ကိုသာ ယုံကြည်တတ်ကြ၏။ စိတ်ကူးယဉ်သူများ မဟုတ်တတ်ကြပေ။

ပြရုပ်ပုံ (၁၀) — ပြရုပ်ပုံ(၁၀) မျက်နက်သေးသော သူများမှာ သဝန်ကြောင်တတ်၏။ စိတ်နု၏။ ပြောလွန်ဆိုလွန် ရှိတတ်၏။ မနာလိုဝန်တိုစိတ် များတတ်သည်။

ပြရုပ်ပုံ (၁၁) — ပြရုပ်ပုံ(၁၁) မျက်နက်ကြီးသော သူများမှာ ပညာဖြင့် အသက်မွေးသူ၊ စရိုက်သိမ်မွေ့သူ၊ သာမန်ပညာ ထက်မြက်သူများ ဖြစ်ကြ၏။ သဘောထားလည်း ကြီး၏။ စေတနာလည်း ကောင်း၏။ ဖြောင့်မတ်သော အမူအကျင့် ရှိသူများဟု ခေါ်ရပေမည်။

လည်တိုင်ရှည်၍ ပြားသောသူများမှာ ကာမဆန္ဒ ပြင်းပြတတ်ကြသည်ဟု အဆိုရှိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းပင် မိမိကိုယ်ကို လူကွဲခွဲစိတ်ဆရာ၊ အင်္ဂါရုပ်ပညာရှင်အဖြစ် မွေးဖွားလာကြောင်း တင်ကူးသိမြင်သင့်၍ အင်္ဂါရုပ်သင်္ကေတပညာသည် ဝိဇ္ဇာမှ သိပ္ပံပညာရပ်သို့ထိ တစ်ခုဖြစ်တည့်၍ အရည်အချင်းရှိရှိ လေ့လာဖို့လိုအပ်သည်။

အခိုင်အမာရှိဖို့လည်း လိုအပ်သည်။ မျက်နှာမလိုက်ဖို့ အထူးလိုအပ်သည်ဟူသည့် အချက်များကို မမေ့သင့်ကောင်းပေ။

မနုဿကမ္ဘာကြီးကား စီးပွားဖြစ်လက္ခဏာ၊ ဗေဒင်ဆရာများနှင့် ကိုယ့်ကိုယ်ကို ဘွဲ့ထူးတင်၊ ကိုယ့်ဘာသာကိုယ် အမည်ပေးပြီး စိတ်ပညာသမထ အကြားအမြင်ရ ဆရာဆိုသူတို့ထံမှ အင်္ဂါရုပ်သင်္ကေတ ပညာရပ်ဆိုင်ရာ ဗဟုသုတ ကောက်နုတ်ချက်များအလယ်တွင် မျောမယောင် ရှိနေပေသည်။ အင်္ဂါရုပ်သင်္ကေတ၊ ဆရာဂိုက်ဖမ်းနေသည့် အင်္ဂဝိဇ္ဇာ၊ အတိတ်နိမိတ်စပ်နည်းဖြင့် အကြားအမြင် ဆရာဂိုက်ဖမ်းနေသည့် အခြေခံမရှိသူတို့၏ သင်ကြားချက် ဟောပြောချက်များကို လက်ခံယုံကြည် နေလေသည်။


ထိုသူတို့ကား (ဝါ) လည်းကောင်း ဆရာယောင်တို့ကား သူတို့ဟောပြောနေကြသည့် ဘာသာရပ်ငယ် အတိအကျ မယုံသင့်ပဲ၊ တကယ်မတတ်မြောက်ပဲ၊ ဉာဏ်ပညာအရည်အချင်း မရှိပဲ၊ လိမ်လည် လျက်သာလျှင် အသက်မွေးမှုရနေကြကာ၊ ဝိဇ္ဇာမှ သိပ္ပံပညာရပ် တစ်ခုအနေဖြင့် လေ့လာပြုရေးကိုပင် မလေးမစား ပြုနေကြပေသည်။

အင်္ဂါရုပ်သင်္ကေတပညာရပ်နှင့် ပတ်သက်၍ ပျင်းရိငြီးငွေ့နိုက်၊ စိတ်မချမ်းမြေ့နေခိုက်ဝယ် လက္ခဏာဗေဒင်မေးခြင်း၊ နတ်မေးခြင်း စသည်ဖြင့် အပျင်းစား အဖြေအဖျော်ပြုမှုမျိုးတွင် ဤအင်္ဂါရုပ်သင်္ကေတ ပညာမှာ ပါဝင်နေသည်ဟူသော အထင်အမြင်များ ရှိနေကြသောကြောင့် လည်း၊ ပေါ့ပေါ့ဆဆယူဆကာ လက္ခဏာလိုလို၊ ဗေဒင်လိုလို၊ မျက်နှာလိုလို၊

www.burmeseclassic.com

www.burmeseclassic.com


## မျက်ခုံးမွေး သင်္ကေတများ (The Eyebrows)




www.burmeseclassic.com

www.burmeseclassic.com















စရိုက်သဘာဝကို မျက်ခုံးမွေးများကလည်း ပြပေ၏။ သာမန်ကြည့်လျှင် မျက်ခုံးမှာ လူ့စရိုက်သဘာဝနှင့် မပတ်သက်လှ အရေးမကြီးလှဟု ထင်ရပေမည်။ သို့သော် မျက်နှာပြင်၌ သင်္ကေတကို ကြည့်ရာတွင် မှန်ကန်တိကျစွာ အဓိပ္ပါယ်ဖွင့်ဆိုနိုင်ဖို့အတွက် မျက်ခုံးများက အထောက်အကူ အပြည့်အဝပေးသည်။

၁။ မျက်ခုံးအကောက်နှင့်အဖြောင့် နှစ်မျိုးတွင် အကောက်သည် ပရိယာယ်ကိုစေစား၍ အဖြောင့်သည် မျိုးရိုးဘွင်းဘွင်းကို ရည်ညွှန်း၏။ ၎င်းအဆို မှန်မမှန် မိမိတို့၏ မိတ်ဆွေများအား လေ့လာသုံးသပ်ကြည့်လျှင် သိနိုင်ပါသည်။

၂။ ပြရုပ်ပုံ(၂) ပြရုပ်ပုံ(၂)ကဲ့သို့ မျက်ခုံးမွေး ဗျက်ကြီးပြီး ထူနေပါမူ ကြမ်းကြမ်းတမ်းတမ်း အလုပ်များကို နှစ်ခြိုက်တတ်၏။ ဘွင်းဘွင်းသမားဖြစ်၏။ မျက်ခုံးမွေး အဖျားတုံးတိပြတ်နေပါမူ မိတ်ဆက် မရှည်တတ်၊ သွယ်၍အဖျားရှူးပါမူ မိတ်ဆက် ရှည်တတ်သူဟု ယူဆရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



၃။ ပြရုပ်ပုံ(၃) ။ ပြရုပ်ပုံ(၃)မှာ ဓားမောက်မျက်ခုံးမွေးဟု ခေါ်၏။ နီးဖြာ ကြိမ်ဖြာရာ၌ ဓားမောက်သည် အသေးစိတ်များတွင် အသုံးဝင်သကဲ့သို့ လက်တိုလက်ရှည် လုပ်ငန်းမျိုးအတွက် အသုံးတည့်လှ၏။ နိုင်ငံရေးသမားငယ်များ (ခေါင်းဆောင်မဟုတ်)သော်လည်း သင့်တော်သူများဟု ဆိုရပေမည်။ သွက်လက်ပေါ့ပါးလျှင်မြန်ဖျတ်လတ်ခြင်း၏ သင်္ကေတဖြစ်သည်။

၄။ ပြရုပ်ပုံ(၄) ပြရုပ်ပုံ(၄)ကဲ့သို့ ဗျက်ကြီးခြင်း၊ အဖျားသွယ်ခြင်း၊ ဖြောင့်တန်းခြင်း ရှိပါမူ သည်းခံခြင်း၊ အမျက်ကိုအသိပ်၍ ခေါင်းဆောင်တစ်ဦး ဖြစ်စေနိုင်သော အရည်အချင်း သင်္ကေတတစ်ခုဟု ဆိုနိုင်သည်။

၅။ ပြရုပ်ပုံ(၅) ပြရုပ်ပုံ(၅)အတိုင်း မျက်ခုံးမွေးမှာ နှာရင်းတွင်ကော့၍ စုနေပါမူ စဉ်းစားဉာဏ်ရှိခြင်း၊ ဆင်ခြင်တိုင်းထွာတတ်ခြင်း၊ အိမ်ထောင်ဖက်များအား ဉာဏ်စေစား၍ မိမိအလိုကျ တစ်ဖက်သားအလိုကျ ဆောင်ရွက်နိုင်သော ဗလတစ်ပါးရှိသူဟု ဆိုရပေမည်။

၆။ ပြရုပ်ပုံ(၆) ပြရုပ်ပုံ(၆) မျက်ခုံးမွေးမျိုးမှာ အလယ်မှပြတ်နေသောကြောင့် ရည်းစားဦး၊ အိမ်ထောင်ဦး ပျက်တတ်၏။ ထိုမှတစ်ဖန် အဖျားအရင်းအလယ် သုံးပိုင်းပိုင်း၍ နှာရင်းမှပြတ်နေသော် ငယ်ရွယ်စဉ် ဖြစ်တတ်၏။ အဖျားတွင်ပြတ်နေမူ သက်ကြီးမှ ဖြစ်တတ်ခြင်းကိုလည်း ခွဲခြားမှတ်ယူရသည်။

www.burmeseclassic.com

www.burmeseclassic.com



၇။ မြရုပ်ပုံ(၇) ပြရုပ်ပုံ(၇)ကဲ့သို့ အဖျားကော့ထောင်နေသော မျက်ခုံးမွေးရှိသူသည် မာနကြီးလှ၏၊ ရာဇဂုဏ်မောက်၍ ဘုရင်စရိုက်အကျင့် ပြုတတ်၏၊ ငါနှင့်ငါသာ နိုင်းစရာ ဆိုသကဲ့သို့ ဘဝင်မြင့်တတ်သော သင်္ကေတ အမှတ်ပင်ဖြစ်သည်။

၈။ ပြရုပ်ပုံ(၈) ပြရုပ်ပုံ(၈)မှာ နှာရင်း မျက်ခုံးမွေးအရင်းမှ ကော့ထောင်ပြီး အဖျားပိုင်း နိမ့်ဆင်းသွားသော မျက်ခုံးမွေးပိုင်ရှင်များမှာ အိမ်ထောင်ရေးသုခအလျှင်းရကြသူများ မဟုတ်တတ်ချေ၊ ၎င်းထက် ပိုမိုဆိုရပါမူ ဆိုင်ရာပေးမိ၍ မှိုင်ခါဆွေးပူရသူ၊ အလိုလင်ပါ ပြောရသော ဖွတ်သမား လူကြီးရှုပ်ကိုများ၏ သွေးဆောင်ရာ ခံရသော အိမ်ထောင်ရှင်များ ဖြစ်တတ်ကြပါသည်။

၉။ မြရုပ်ပုံ(၉) ပြရုပ်ပုံ(၉)မှာ မျက်ခုံးမွေးသည် မျက်လုံးဘေးရှိ မျက်ခုံးမွေးပေါ်သို့ ဖြတ်ကျော်သွားသောကြောင့် မာနတံခွန် လွင့်လွင့်ထူနေသူ အိမ်ထောင်ဖက်၊ ကြေး (ကျီး)များခြင်း၊ မိမိနှင့်တော်မတော် မချင့်ချိန်နိုင်ခြင်း၊ အမြင့်ကို အမြဲတမ်း ချိန်နေသူများဟု ဆိုရပေမည်။

၁၀။ ပြရုပ်ပုံ(၁၀) ပြရုပ်ပုံ(၁၀)ကိုကြည့်လျှင် အလယ်တွင် ထောင့်ချွန်းသဖွယ်ဖြစ်နေသော မျက်ခုံးမွေးကို တွေ့ရပေသည်၊

www.burmeseclassic.com

www.burmeseclassic.com

ရင်းအလယ်ချွန်းကလေးက၊ အသွေးအရောင် ကျွမ်းကျင်မှုကို ဖော်ပြ၏။ အရောင်အစပ်ကောင်းမှု၊ အလင်းအမှောင် ခွဲခြားတတ်မှု၊ ပုံဖော်ဆရုပ်ဖော် ကောင်းမှုကို ဖော်ပြ၏။

**ပန်းချီဆရာ မျက်ခုံးမွေး**

ရင်းမျက်ခုံးမွေးကို ကမ္ဘာကျော် ပန်းချီဆရာကြီး ရူးဘင်း(စ်)ကို အစွဲပြု၍ ရူးဘင်းစ်ပွင့် ပန်းချီဆရာ မျက်ခုံးမွေးဟု ခေါ်ရမည်။ မျက်ခုံးမွေးတစ်ခု၏ အပြင်ဘက်အစွန်းသည် မျက်လုံး၏ အပြင်စွန်းနှင့် များစွာဝေးနေပါက အပျော်အပါး ပြင်းပြင်းထန်ထန် လွန်လွန်ကဲကဲ ဝါသနာပါတတ်၏၊ ငြင်းခုံတတ်လေ့ မရှိပေ။

**၁၁။ ပြရုပ်ပုံ(၁၁)**

မြရုပ်ပုံ(၁၁)ကိုကြည့်လျှင် အလယ်တွင် အောက်ဘက်သို့ပြန်၍ ချိုင့်နေသည်ကို တွေ့ရမည်ဖြစ်၏၊

**နာကြည်းစိတ် မျက်ခုံးမွေး**

ရင်းမျက်ခုံးမွေးမျိုးကား ကြောက်စရာကောင်းသော မျက်ခုံးမွေးမျိုး တစ်ခုဖြစ်၏၊ မနာလိုဝန်တိုစိတ်အား ကြီးတတ်၏။

မခံချင်စိတ်များ၍ လွန်စွာ နာကြည်းတတ်၏၊ အချိုင့်မှာ ပို၍ချိုင့်ပါက ရန်ငြိုးဖွဲ့တတ်သည်။

**၁၂။ ပြရုပ်ပုံ(၁၂)**

ပြရုပ်ပုံ(၁၂)တွင်ကြည့်က မျက်ခုံးမွေးနှစ်ခု၏ အပြင်စွန်းသည် အောက်ဘက်လျှောဆင်း၍ မျက်လုံးနှင့်ထိလုနီး ဖြစ်နေသည်ကို တွေ့နိုင်၏၊ အငြင်းသန်သော သဘာဝကို ပြခြင်းပင်ဖြစ်၏၊

www.burmeseclassic.com

www.burmeseclassic.com



အငြင်းသန် မျက်ခုံးမွေး

ငြင်းခုံရာတွင် အသာယူ အနိုင်ယူလိုစိတ် ရှိတတ်၏၊ ၎င်းမျက်ခုံးမွေးမျိုးကိုလည်း အစိုးရအရာရှိများ နိုင်ငံရေးသမားများတွင် တွေ့မြင်ရတတ်၏၊ အကယ်၍ မျက်လုံး၏ အောက်မျက်ခမ်းအခြေတွင် ပိုမိုရှိနေမည် ဆိုပါက အပြောပါကောင်းပြီး ဆွေးနွေးငြင်းခုံမှုကို အလွန်နှစ်သက်မည့်သူဖြစ်သည်။

၁၃။ ပြရုပ်ပုံ(၁၃) စေဦးလဲ မျက်ခုံးမွေး

ပြရုပ်ပုံ(၁၃)၏ မျက်ခုံးမွေးမျိုးလည်း ကြောက်ရှာ မျက်ခုံးမွေးမျိုး တစ်ခုဖြစ်၏၊ အပေါ်နံဘေးသို့ကားပြီး ထောင်တက်သွား၏၊ ပုံကိုက အကြည့်ရတစ်မျိုးကြီး ဖြစ်နေ၏၊ ၎င်းမျက်ခုံးမွေးမျိုးမှာ တရုတ်လူမျိုးများတွင် အများဆုံး တွေ့ရတတ်သော မျက်ခုံးမွေးမျိုးဖြစ်၏၊ ကောက်ကျစ်စဉ်းလဲတတ်၏၊ ရန်ငြိုးဖြူတတ်၏၊ ဟိုကွေ့ သည်ရှောင် နားဝေတိမ်တောင် ကွေ့လည်ချောင်ပတ် ပြောတတ်လုပ်တတ်၏၊ လိမ်ညာတတ်၏၊ သျှို့ဝှက် လုပ်နှဆောင်တတ်၏၊ မျက်လုံးကပါ မျက်ခုံးမွေး စောင်းထောင်တက်သွားသည့်အတိုင်း လိုက်ပါတည်ရှိ ပါက လုံးဝမကောင်းသောသူပင် ဖြစ်ပေတော့သည်။


* * *

www.burmeseclassic.com

www.burmeseclassic.com



## အမျိုးကွဲပြား သွားအနေအထား သင်္ကေတမှတ်ချက်များ
(The Tooth)



www.burmeseclassic.com

www.burmeseclassic.com



ပြရုပ်ပုံ (၁) အပေါ် အလယ်သွားနှစ်ချောင်း (ရှေ့သွား)ကြီးပါမှ အချက်အပြုတ် ဝါသနာပါ၍ စားသောက်ဖွယ် ရသာမွန်များကို အခြားသူထက် ပိုမိုခုံမင်တတ်သည်။

ပြရုပ်ပုံ (၂) အပေါ် ရှေ့သွားနှစ်ချောင်း ပုံပါအတိုင်း အလယ်က ကျဲနေပါမူ လက်ဦးအိမ်ထောင် ကွဲကွာနေတတ်သည်။

ပြရုပ်ပုံ (၃) အပေါ်နှင့်အောက် ရှေ့သွားလေးချောင်း ကျဲနေပါမူ မုဆိုးဖို၊ မုဆိုးမ သင်္ကေတမှတ်ချက်ဟု တရုတ်လူမျိုး များ အယူရှိကြ၏၊ တရုတ်လူမျိုး မိန်းမများတွင် ထိုကဲ့သို့သောသွားများ ရှိပါမူ ထိုသွားများကိုနုတ်ပြီး သွားတုများ စိုက်ကြသည်ကို အများအပြား တွေ့မြင်ရ၏၊ ဤကဲ့သို့ သွားများကို ပြုပြင်ထားကြောင်းကို သိရှိသောယောကျ်ားများမှာ ထိုကဲ့သို့သော မိန်းမများကို ရှောင်ကြဉ်တတ်ကြ၏၊ ထို့အတူ မိန်းမ မိဘများကလည်း အဆိုပါသွားများ ပြုပြင်ထားသော ယောကျ်ားများအား ငြင်းပယ်တတ်ကြ၏၊ ကြွက်သွားကဲ့သို့ သွားစိတ်သွားငယ်သွားတိုများ ရှိပါမူ တစ်ယူသန်အသမားများ ဖြစ်ကြ၏၊ မည်သူ၏ အကြံဉာဏ်များကိုမျှ မခံယူ မလိုက်နာတတ်ကြပေ၊ အလုပ်ကိုလည်း အကုန်လုပ်သူများဖြစ်၏၊ သွားများလည်း အလွန်ခိုင်လှ၏၊ ရှည်သောသွားများမှာ စိတ်ရှည်မှုကိုပြသော အထိမ်းအမှတ် သင်္ကေတ ဖြစ်သည်။

ပြရုပ်ပုံ (၄) ပြရုပ်ပုံ(၄)အတိုင်း အစွယ်ရှိသူမှာ ဉာဏ်ထက်မြက် သူများဖြစ်၏၊ အစွယ်(၄)ချောင်းစလုံး ချွန်ထက်နေပါမူ အလွန် ဇီဇာကြောင်သူဖြစ်၍ အထူးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆတ်သူ၊ ရက်စက်သူဟု အဆိုရှိ၏။ သွားရင်းချောင်းပုံ(၄)အတိုင်း သွားကြားယိုဟ၍ ခေါ်၏၊ ထိုပုံအတိုင်း ရှိသူများမှာ နှုတ်မလုံ၊ ကတိမတည်၊ ပါးစပ်ဂနာမငြိမ်၊ နှုတ်ဖွာသူများမှာ နှုတ်မလုံ၊ ကတိမတည်၊ နှုတ်ဖွာသူ၊ လွယ်လွယ်ဖြင့် ပြောတတ်သူ၊ သူတစ်ပါးအတင်းကို တစ်အိမ်တက်ဆင်း ပြောသူဟု တထစ်ချ မှတ်ယူရမည် ဖြစ်ပေသည်။

ပြရုပ်ပုံ (၅) ပြရုပ်ပုံ(၅)အတိုင်း ရှေ့သို့သွားခေါနေသော သူများမှာ ငယ်စဉ်က မိဘ၏ အစောင့်အရှောက် ကင်းမဲ့ခြင်းကို ပြ၏။ ဆင်းရဲသော မိဘ၊ မွေးချင်းများသော မိဘမှ ဆင်းသက်လာသူဟု ဆိုလိုပေသည်၊ ငယ်ရွယ်စဉ်က မိမိ၏လက်မကိုစုပ်၍ နေရသောကြောင့် သွားခေါရခြင်း အကြောင်းပင်ဖြစ်၏၊ သွားထက် ပါးစပ်အုံကို ဂရုပြုပါ၊ ရှေ့သို့ပါးစပ်အုံ ထွက်နေပြီး သွားလည်းခေါနေပါမူ အထက်ဖော်ပြသည့်အတိုင်း တထစ်ချ ယူဆရပါသည်။


ပြရုပ်ပုံ (၆) ပြရုပ်ပုံ(၆)အတိုင်း သွား၂ချောင်း အခြားသွားများထက် ရှည်နေပါမူ အချက်အပြုတ်တတ်ခြင်း၊ တူရိယာ တီးမှုတ်တတ်ခြင်းကို ပြ၏။ အသက်မွေးမှုအားဖြင့် ခက်ခက်ခဲခဲ အလုပ်များဖြင့် အသက်မွေးမြူမှုကို ပြုကြရကုန်၏၊ ရှည်သွား၊ ကြွက်သွား၊ ယုန်သွားများကဲ့သို့ ရှိနေသောကြောင့် အခွံမာများ၊ အုန်းသီး၊ ဥသျှစ်သီးကဲ့သို့ အသီးများ၊ ဤကဲ့သို့သော သွားများဖြင့် သွားဖောက်ကိုက်နိုင်ရာ၏၊ ထိုသူများ အသက်မွေးမှုမှာ ခက်ခဲစွာခံ လုပ်ရခြင်းကို လွယ်ကူသော အလုပ်ထက် ပို၍မိုနှစ်သက်ကြသည် ဖြစ်သည်။

* * *

www.burmeseclassic.com



## မေးစေ့နှင့်လည်တိုင် သင်္ကေတဖြင့် အကဲခတ်နည်း




www.burmeseclassic.com

www.burmeseclassic.com



နတ်လိုလိုဟူသော မရှေရှာသော ဟိုလိုလို သည့်လိုလို ပညာရပ်များအတွင်း သွတ်သွင်းချင်ကြသယောင် ရှိနေပေသည်။

ထိုသို့ ထင်မှတ်ကြသူများကား "မျက်နှာပြင်သည် စိတ်ဓာတ်၏ ကြေးမုံ" အဖြစ် တည်ရှိနေ၍ စိတ်သဘောထားနှင့် စာရိတ္တတို့ကို သိရှိလိုပါက ဂရုတစိုက် လေ့လာသင့်သည်။

အလွယ်နှင့် တတ်မြောက်နိုင်သည်ဟူသော အချက်ကို မယူဆသင့်ပေ။ အင်္ဂါရုပ်သင်္ကေတပညာကို သိနားလည်ဖို့နှင့် အဓိပ္ပါယ် ဖွင့်နိုင်ဖို့အတွက် ရူပက္ခန္ဓာဗေဒဆိုင်ရာ အချက်အလက်များကို ဝိဇ္ဇာမှ သိပ္ပံနည်းကျကျ ခြေခြေမြစ်မြစ် တိတိကျကျ စူးစမ်းလေ့လာရမည် ဖြစ်ပေသည်။

လူသည် (ဝါ) လူ့ခန္ဓာကိုယ်သည် အပြောကျယ်သော စက်ကိရိယာကြီး ဖြစ်၏။ ဘီးတစ်ခုအတွင်းဝယ် ဘီးတစ်ခုထပ်ဝင်လျက် ရှိ၏။

ထိုလူသားစက်ကိရိယာကြီး၌ တစ်စုံတစ်ခုသော အစိတ်အပိုင်း အစိအစဉ်မမှန် ချွတ်ယွင်းချက် ရှိနေပါက၊ စက်ကိရိယာကြီးတစ်ခုလုံး ပျက်မျိုးတစ်ဖုံ ဖြစ်လာရပေတော့သည်။ သို့ဖြစ်၍ ကျန်းမာရေးကို အထူးဂရုစိုက် ပြုကြရပေတော့သည်။

ထို့ပြင် ရူပက္ခန္ဓာဗေဒဆိုင်ရာ အနေအထား ညှိုးဖျင်းယုတ်လျော့မှု ခံစားနေရသူတို့၏ မျက်နှာများကို အကဲခတ်ရာ၌ လွန်စွာ ထောက်ထောက် ညာညာ အကဲခတ်လေ့လာရပေသည်။

အတိအကျ တထေရာတည်းတူညီသည့် မျက်နှာပြင် မရှိပြီး၊ ထို့အတူ အတိအကျတူညီသော စိတ်ဓာတ်လည်း မရှိပါ၊ ထိုသို့တိုင်အောင် အမြွာမွေးပမာ ပုံသွင်းတူညီသော မျက်နှာများမှာ တူညီသောစိတ်ယ...နှင့် စရိုက်များ ရှိကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြရုပ်ပုံ (၁) လူ၏မေးစေ့ကို လေ့လာရာ၌ ပုံစံပြရုပ်ပုံ(၁) မေးစေ့သဏ္ဍာန်ကို အမျိုးသမီးများ၌ ပါရှိပါမူ ဥစ္စာပစ္စည်းများကို ထိန်းသိမ်းသောသူများ ဖြစ်၍ ယောကျ်ားများမှာ ဥစ္စာပစ္စည်းများနှင့် များစွာ မသက်ဆိုင်တတ်ကြပေ၊ အလုပ်အကိုင် မရှိခြင်း၊ သတ္တိရှိခြင်း၊ သဘောကောင်းခြင်းများသာ ယှဉ်သသည်။

ပြရုပ်ပုံ (၂) ပုံပြ(၂) မေးစေ့မျိုးမှာ ပစ္စည်းဥစ္စာ အဖတ်မတင် ရုံမျှမက၊ ပထမအိမ်ထောင်နှင့် ကွဲတတ်၏၊ နောက်အိမ်ထောင်နှင့်လည်း ပျော်ရွှင်မှု ရခဲလှသည် ဖြစ်သည်။

ပြရုပ်ပုံ (၃) ပုံပြ(၃) မေးစေ့ဝိုင်းများမှာ သည်းခံတတ်ခြင်း၊ ရိုးသားခြင်း၊ ဥစ္စာပစ္စည်း တည်မြဲခြင်းတို့ပြခြင်း ဖြစ်သည်။

ပြရုပ်ပုံ (၄) ပုံပြ(၄) မေးစေ့များမှာ မေးချွန်ဖြစ်၍ အသားနည်းပါး တတ်၏၊ အသားများပါမူ စိတ်ဆတ်တတ်ခြင်းကိုသာ ရည်ညွှန်းဖော်ပြတတ်၏၊ မေးရိုးပေါ်လွန်းပါး အသားကင်းပါမူ ကောက်ကျစ်စဉ်းလဲသောစိတ်ထား ရှိရမည်ဟု ဆိုရမည်၊ အညှာလွယ်ခြင်း အသဲနား ဖက်ခြင်းများပါ ရောထွေးသောစရိုက် ပါတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြရုပ်ပုံ (၅) ပုံပြ(၅) လေးထောင့်သဏ္ဍာန်မေးစေ့မှာ အလုပ်လုပ်ရာ၌ မပြစ်မနေ ပြုတတ်ခြင်း၊ ဖွဲ့နှင့်စိတ်နိုင်မာခြင်း၊ တည်ကြည်ခြင်းကို ပြသည်။

ပြရုပ်ပုံ (၆) ပုံပြ(၆) မေးစေ့အောက်ရှိသော အသားပိုကို ပုံအတိုင်းတွေ့ရှိပါမူ ဥစ္စာစည်းစိမ်ပင်ဖြစ်၏၊ လူပိန်မှု၊ လူဝမှုနှင့် လုံးဝမဆိုင်၊ ငွေအိမ် အလွန်ဖောင်းနေသူများမှာ မျက်နှာလိုက်၍ ပေါင်းသင်းတတ်ခြင်း၊ အပေါ်ယံ လောကဝတ်ကိုသာ ကျေပွန်တတ်၍ နက်နဲသော အတွေးအခေါ် မရှိတတ်ကြ၊ ငွေအိမ်မပါသူများမှာ ပင်ပန်းကြီးစွာဖြင့် အသက်မွေးမြူမှု ပြုကြရကုန်၏၊ မျက်နှာရိုးရိုး အနေအထားတွင် မတွေ့ရသော်ငြားလည်း ငုံ့ရာတွင် ငွေအိမ်တွေ့ရှိပါက မိမိအသုံးလိုသော ပစ္စည်း တပ်မက်ခုံမင်သော အသုံးအဆောင်များကို ဖြိုင်းဖြိုင်းထန်ထန် ပြုလုပ်လျှင် ရတတ်သော လူမျိုးများသာ ဖြစ်၏၊ တချို့သော လူများတွင် ငုပ်ငွေအိမ် ဖောင်းဖောင်းကလေးကို မည်သည့်အခါမဆို တွေ့မြင်ရပါက ၊ ချမ်းသာသောမိဘများမှ ပေါက်ဖွားသောသူ ဖြစ်သည်ဟု သိနိုင်၏။

ငုပ်ငွေအိမ်မှာ နွားများမေးအောက်မှာကဲ့သို့ လည်ပင်းဆီသို့ အရှောင်းလိုက် ဆင်းနေပါမူ မိမိငယ်စဉ်က ရှာဖွေခဲ့သော ပစ္စည်းများဖြင့် အိုမင်းမစွမ်းရှိချိန်တွင် အထောက်အကူ ပံ့ပိုးပေးမည့် သားသမီးများ မရှိနိုင်ကြ ဖြစ်တတ်သည်။

ပြရုပ်ပုံ (၇) ပုံပြ(၇)အတိုင်း လည်ရစ်(၃)ရစ် ရှိခြင်းကို တရုတ်လူမျိုးများ၏ အယူအဆဖြင့် လည်တုန်ဟု ခေါ်၏၊

www.burmeseclassic.com

www.burmeseclassic.com



ထိုအရစ်သုံးရစ် ပေါ်လွင်ထင်ရှားစွာ ရှိသူများမှာ အစုလိုက် အပုံလိုက် ပစ္စည်းများကို မပင်ပန်းပဲ ရမည်၊ အမွေအနှစ်သော်လည်း ရမည်၊ ဂုဏ်ထူး ဘွဲ့ထူး ရှိသူများနှင့် အိမ်ထောင်ပြုရတတ်၏၊ လည်တိုင်တိုသူများမှာ ရန်စောင်၊ မာန်စောင် ကြီးတတ်၏၊ လည်တိုင်သည် ခန္ဓာကိုယ်နှင့် မလိုက်အောင် သေးငယ်သူများမှာ စိတ်ထိခိုက်လွယ်၊ အစွဲအလမ်းဥပါဒန် အားကြီးသူများ၊ မိမိကိုယ်ကို အားကိုးသူများ မဟုတ်ဟု ဆိုရိုးပြုရမည်၊ လည်တိုင်ကြီးသူများမှာ စိတ်ကြီးခြင်း၊ သဘောထားကြီးခြင်း၊ ဖွဲ့စိရိယ ရှိခြင်းကိုပြသော သင်္ကေတပင်ဖြစ်၏၊ လည်တိုင်ရှည်သူများမှာ စိတ်နှလုံး ပြည့်ဝစွာ လောကဓံတရားကို သည်းခံနိုင်သူများဖြစ်ပြီး ဆိတ်ငြိမ်စွာ ပြုမူနေထိုင်ကြသည်။

* * *

## ပါးစပ်နှင့်နှုတ်ခမ်း သင်္ကေတမှတ်ချက်

## The Mouth and Lip

မည်သည့်ဒေတတ်ပညာ တစ်ခုခုကိုမဆို လေ့လာရာ၌ စာတွေ့၊ ကိုယ်တွေ့၊ ဉာဏ်တွေ့ဖြင့် ပေါင်းစည်းစမ်းသပ်မှသာလျှင် ပြည့်စုံနိုင်လို့ ပေမည်။ ဉာဏ်တွေ့ (ဝါ) ကျမ်းတွေ့များသည် ပင်စည်သဖွယ်ဖြစ်၍ ကိုယ်တွေ့များမှာ အကိုင်းအခက်၊ အပွင့်အသီးများအဖြစ် ဝေဝေဆာဆာနှင့် တိုးပွားလာနိုင်ပေသည်။

သမုဒ္ဒိကကျမ်း လက္ခဏာဓတ်ပညာမှာ မြန်မာစာဖြင့် ပြန်ဆိုထားခဲ့သည်ကို တွေ့ရ၏။ တရုတ်လူမျိုးများ၏ ပုဂ္ဂိုလ်ကဲစမ်းပညာနှင့်

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယတိုင်းရင်းသားများ၏ ကျမ်းများမှာလည်း ဆည်းပူးခဲ့ပါ၏။

သို့သော် ကဏ္ဍတစ်ခု ကျန်နေ၏။ အလွန်ရှည်ဝေးသောကာလ ရှေးစာဆို ကဝိပညာရှိတို့သည် ဤပညာကို မည်သို့မည်ပုံ လေ့လာကာ မှတ်တမ်းတင်ခဲ့ကြပါသနည်း။

ရှုခ့စရိုက်၊ လူ့ဓလေ့၊ လူ့အမူအရာများကို သွား၊ မြေး၊ မြစ် စသည့် လူ့အဆင့်ပေါင်းများစွာ နှုတ်ရအာဂုံ အလွတ်ကျက်မှတ်ခဲ့ကြကုန်၏ဟု အမှန်ဆိုနိုင်သည်။ ပဒေသရာဇ်ခေတ် အရုဏ်ဦးမှစ၍ပင် လေ့လာခဲ့ကြပါသလောဟု အမေးရှိလျှင်ကား မတိကျသော အဖြေတစ်ရပ်ကိုသာ ဖြေဆိုရမည်။

ထို့နောက် တရုတ်လူမျိုးများသည် ဝါးခြမ်းများ၌ ထွင်းထုရေးခြစ်၍လည်းကောင်း၊ အိန္ဒိယလူမျိုးများသည် သစ်သားပြားငယ်များဖြင့်လည်းကောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် ပေပုရပိုက်များမှ စက္ကူများပေါ်သို့ ကူးယူခဲ့ကြလေသည်။

ယုတ္တိနှစ်မျိုးရှိသည့်အနက် အာဂမယုတ္တိ အလွတ်ကျက်မှတ်ခြင်း၊ သဘာဝယုတ္တိ လက်တွေ့လေ့လာခြင်းများကို စိစစ်ရှာဖွေရာ၌ သံသယဖြစ်ဖွယ်ကောင်းသော ကိုယ်တွေ့လက်တွေ့ဘဝသို့ ချဉ်းကပ်လေ၏။

ကျမ်းများကိုမူ မတွေ့ရသလောက် တိမ်ကောပပျောက်သလောက်ဟုပင် ဆိုရမလို ဖြစ်ခဲ့သည်။

ပြဆိုခဲ့သော ကျမ်းများမှာ ကျွန်ုပ်ဉာဏ်မီသလောက် သို့မဟုတ် ကိုယ်တွေ့လက်တွေ့ သဘာဝနှင့် တိကျသော ကိုယ်တွေ့များကိုသာ ကောက်နုတ်၍ ဖော်ပြလိုက်သည်။


တရုတ်လူမျိုးများ၏ ကျမ်းများမှာ တိရစ္ဆာန်ဘဝများနှင့် နှိုင်းယှဉ်၍ ပြထားကြသည်။ နှုတ်ချိုအိုတစ်ပါး ဆိုစကားရှိသော်လည်း ထိုနှုတ်ခမ်းအကြောင်းသိသူ၊ လေ့လာသူများကို များစွာမတွေ့ရပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



## သန္တာနီနှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com


သန္တာနီနှုတ်ခမ်းက ကြာဂမုန်ပန်းယန်းကြူး ဟူ၍လည်းကောင်း၊ ချစ်စေလဲလိုသူ၊ မုန်းစေလဲလိုသူ၊ နှုတ်ခမ်းကာခပ်စူစူ၊ အမှုပိုသည့် နှုတ်ခမ်းလက်လေးသစ် ဟူ၍လည်းကောင်း၊ စာဆိုရှိခဲ့၏။ လူတစ်ဦးထစ်ယောက်ကို ဆက်ဆံပေါင်းသင်းပြီးမှ နောင်တရခြင်းထက် မြင်စဉ်တစ်ခဏ သိကြရန် လိုအပ်သည်ဟု သဘောပေါက်ရန် အရေးကြီးသည်။ နှုတ်ခမ်းကို နှစ်ပိုင်းပိုင်းထားကြပါစို့။ အပေါ်နှုတ်ခမ်း၏ အပိုင်းသုံးပိုင်းမှာ ဘေးနှစ်ပိုင်းနှင့် အလယ်တစ်ပိုင်းရှိ၏။ ရုပ်ပုံကို သဘောပေါက်ရန် ကြည့်ပါ။

(၁) ရှေ့ကြည့်ပုံ ဘေးကြည့်ပုံ

ချစ်မုန်းရှင်ပျ ပြုံးမဲ့ကူခြေ မူရာကြွယ်လှသော နှုတ်ခမ်း၊ မျက်နှာတပ်ပြင်လုံးတွင် ဒွိယံနှစ်စုံရှိသော အင်္ဂါရပ်များအနက် အပေါ်ပိုင်းတွင် ပါးစပ်သာလျှင် နှစ်ပိုင်းကို ပေါင်းစပ်ထားသော ရသာခံ အပိုင်းတစ်ခု ဖြစ်လေသည်။

အပေါ်နှုတ်ခမ်း မျက်နှာသားနှင့် ပါးစပ်သား ဆက်စပ်ရာ ကွေးညွှတ်လျက်ရှိသော လေးကိုင်းသဏ္ဍာန်ပုံကို အနောက်နိုင်ငံအခေါ် **(Cupid Bow)** မြားနတ်မောင်လေးကိုင်းဟု ခေါ်ဆိုသည်။

ယင်းမြားနတ်မောင်လေးကိုင်း ပီပီသသ ရှိသူများမှာ လှပသော အိမ်ထောင်ဖက်များဖြင့် အကြောင်းပါတတ်ခြင်း။

အပေါ်နှုတ်ခမ်းအလယ်ရှိ (ဂ)အပိုင်း မို့မောက်ဖောင်းအိနေပါက နူးညံ့သော၊ ဆူဖြိုးသော အစာအာဟာရများကို နှစ်သက်ခုံမင်တတ်ခြင်း ဖြစ်ကြသည်။

စိတ်ဆတ်ခြင်း၊ စိတ်ထိခိုက်လွယ်ခြင်း၊ အပေါ်နှုတ်ခမ်း (က)နှင့်(ခ)ပုံအတိုင်း နှင်းပက်သော စပျစ်သီးအလား ရွှန်းစို၍

www.burmeseclassic.com

www.burmeseclassic.com



ထွမောက်နေပါက ဆီဥထောပတ် အကြော်အလှော်များကို အခြားအရသာ ျားထက် ပိုမိုနှစ်သက်တတ်ခြင်း တစ်ယူသန်တတ်ကြ၏။

ကာမအရသာကို ခုံမင်တတ်ခြင်း၊ အပေါ်နှုတ်ခမ်း ပါးပါးလျားလျားနေပါမူ ဉာဏ်လျင်မြန်ခြင်း၊ ပညာနှင့် ပတ်သက်၍ နည်းနာများကို ကြိုးကြိုးပမ်းပမ်း လိုက်စားတတ်သည်။

လူမှုပေါင်းသင်းဆက်ဆံရေးကို လျင်မြန်စွာ ဖွံ့ဖြိုးနောင်းတတ်ကြခြင်း။

အပေါ်နှုတ်ခမ်းပါး၍ အောက်နှုတ်ခမ်းထူနေပါမူ အလှအပကို ခုံမင်တတ်ကြခြင်း၊ မာနကင်းခြင်း၊ အရသာကို ခုံမင်မှုမရှိခြင်း။ အပေါ်နှုတ်ခမ်းမှာ မြားနုတ်မောင်းလေးကိုင်း ပေါ်လွင်ခြင်းမရှိပဲ အနည်းငယ် အထက်သို့ လန်နေပါမူ ထိုသူများမှာ လော်လီမှု သဲစွဲကာင်းမှုကို ပြုလုပ်ရန် ဝန်မလေးတတ်ကြခြင်း။

အပေါ်နှုတ်ခမ်းတွင် သွားပေါ်အောင် လန်၍နေသော် သွားဖုံးလည်း ညိုနေပါမူ လူရှေ့မရှောင် သူရှေ့မရှောင် လော်လီတတ်၍ စာရိတ္တ ပျက်ပြားတတ်လှခြင်း။

အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်း နှစ်ခုစလုံးပါး၍ ဖောင်းအိနေပါမူ တူရိယာအတီးအမှုတ် အကအခုန် ဝါသနာထုံတတ်ခြင်း။ များသောအားဖြင့် တီးတတ် ဆိုတတ်ခြင်း၊ အပေါ်နှုတ်ခမ်းလေးကိုင်း လည်းရှိ၊ နှာခေါင်းအောက်အခွက်ငယ် (၁)အမှတ်* ငယ်လွန်းနေပါမူ ပစ္စည်းဥစ္စာများကို စုဆောင်းတတ်ကြခြင်း။ အောက်နှုတ်ခမ်း အလွန်ပါး၍ ချိုင့်ပိန်နေသော သူများမှာ သတင်းပြောတတ်ခြင်း၊ ကုန်းချောတတ်ခြင်း။ မကောင်းသတင်းများကို လုပ်ကြံပြောဆိုတတ်ကြသည်။

အောက်နှုတ်ခမ်း ပါးသော်ငြားလည်း ဖောင်းစိုနီမြန်း၍ အလယ်မှ ချိုင့်ရာကလေး ပေါ်နေသူသည် သူတစ်ဦးအား ကိုယ်ချင်းစာနာခြင်း။

www.burmeseclassic.com

www.burmeseclassic.com


ကြင်နာခြင်း၊ ဆင်းရဲသူများအား စွန့်ကြဲခြင်း စသော စေတနာသဒ္ဒါပိုသူဟု တင်စားရပေသည်။

ပုံ(၆)အတိုင်း နှုတ်ခမ်းလည်းလန်၊ အောက်နှုတ်ခမ်းလည်း ထူပျစ်၊ အထက်အောက် နှုတ်ခမ်းချင်း ဆက်စပ်ရာ နေရာမှ အောက်သို့ အရေးအကြောင်း နှစ်ကြောင်းပြိုင်ရှိပါမူ ရုပ်ပညာ အရည်အချင်းထက် ရာကဦးတည်၍ ကိုယ်လုံးကိုယ်ထည် ထွားထွားကျိုင်းကျိုင်း မှုစ်စိုပေါက် (ယခုအခေါ် ဖွန်တောင့်တောင့်)ကို အမိကထား၍ အအို၊ မုဆိုးမ၊ မုဆိုးဖို ဖြစ်ချင်တာဖြစ်၊ အရေးမကြီး။ ယောကျ်ားဆိုက၊ မိန်းမမှန်လျှင်ပြီးရော၊ မိန်းမဆိုက ယောကျ်ားဖြစ်လျှင်ပြီးရော၊ တစ်ခုသောအာရုံ ကာမဂုဏ် ဖောကြွ၍ ရလျှင်ပြီးစတမ်း၊ မြင်လျှင်ကြိုက် ခေါ်လျှင်လိုက်မည့် ငမ်းမရ ကာယိန္ဒြေ တစ်ရွေးသားမျှ မရှာပ်သော မာတ္တုနိမနှင့် ဟိနယောကျ်ား ညံ့များဟု ဆိုရပေမည်။

ပုံပြ(၆)(၇) ပေါင်းထားခြင်း — ရှေ့မြင်းရုပ်ပုံမှ ပုံပါအတိုင်း နှုတ်စသိမ်းသည့်ဟု ခေါ်၏။ ပါးသားမို့မို့ နှုတ်ခမ်းနီနီ နှုတ်ခမ်းသားရွဲရွဲ ပုံသဏ္ဌာန် ရှိပါမူ အလုပ်တစ်ခုကို အစအဆုံး ပြုလုပ်သူ၊ ပရိယာယ်ကင်းမဲ့သူ၊ စေတနာအရင်းခံဖြင့် ရှင်းရှင်းဆက်ဆံတတ်သူ၊ သေအတူ ရှင်မကွဲ တစ်ဂူထဲယှဉ်တွဲ၍ တစ်လင်တစ်မယားအသွင် ထားသည့်သူများဟု ဆိုရပေမည်။

ပုံပြ(၃) — ပုံပြ(၃)ကဲ့သို့ အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်း ဆက်စပ်သည့် အသားချင်းထိရာ မျဉ်းကြောင်းသည် ဖြောင့်နေပါမူ မိမိ၏ အစွမ်းအစဖြင့် ငွေတစ်လင်၊

www.burmeseclassic.com



မယားတစ်ယောက် ရနိုင်သော အစွမ်းမရှိ၊ အောင်သွယ် သို့မဟုတ် မိဘများ အစွမ်းကြောင့်သာ အိမ်ထောင်ကျရသူများဟု ဆိုရမည်။

ပုံပြ(၄) ပုံပြ(၄)ကဲ့သို့ နှုတ်ခမ်းချင်းတွေ့ထိရာ အောက်သို့ ကောက်နေပါမူ ဆန့်ကျင်ဘက်လိင်ကို နိုင်လိုခြင်း။ အိမ်ထောင်ရေးတွင် သာယာမှုမရှိသော သူများဟု ဆိုရပေမည်။

ပုံပြ(၅) ပုံပြ(၅)ကဲ့သို့ နှုတ်ခမ်းထိတွေ့ရာမျဉ်း အပေါ်သို့ လန်နေပါမူ မိမိစွမ်းရည် ကြံရည်ဖြင့် အိမ်ထောင် ရှာတတ်သူ ပျော်ရွှင်လှသော အိမ်ထောင်ရှင်များ ဖြစ်ပါသည်။ ပုံပြ(၆)အတိုင်း နှုတ်ခမ်းအောက် အချိုင့်ကလေး ခွက်ဝင်နေပါမူ ဥစ္စာပစ္စည်းများကို ခြိုးခြံတတ်သူ၊ ဥစ္စာပစ္စည်း သိုမှီးတတ်ကြသော အိမ်ထောင်ရှင် မိသားစုများဟု သမုတ်ရပေမည်။ (၎င်းတို့ကား ပုံပြများဖြင့် လင်ယူမယားယူ အထောက်အကူပေးနိုင်သော ပညာတစ်ရပ် ဖြစ်လေတော့သည်။)


* * *

www.burmeseclassic.com

www.burmeseclassic.com



## နားရွက်အမျိုးမျိုး
## (The Ear)




www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါရုပ်သင်္ကေတပညာကို မျက်နှာသွင်ပြင်အရ လေ့လာနိုင်ရန် အတန်းအစားနှင့် ပုံစံအနေအထား အားလျော်စွာ စီစဉ်လျက် ဝိဇ္ဇာမှ သိပ္ပံနည်းကျကျ ဖွင့်ဆိုထားပေသည်။

အင်္ဂါရုပ်သင်္ကေတ ဆရာများကား နိုင်မာသည့် အချက်များကို မထင်ရှားသည့် အချက်များနှင့် ချိန်ကိုက်ယူဆရမည့်အစား သွင်ပြင်ဥပမိ မျက်နှာတစ်ရပ်တည်းကိုသာ အလေးပေးလိုနေကြပေသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်းပင် အင်္ဂါရုပ်သင်္ကေတပညာ ဟူသည်မှာ ရူပကဗ္ဗန္ဓာဗေဒပညာရပ်၏ ဖွင့်ဆိုချက် အဓိပ္ပါယ်ပေါ် တွက်ချက်မှုများကို ကျကျနန ထင်ထင်လင်းလင်း သိထားရမည့် ပညာပင်ဖြစ်သည်။

မျက်နှာပြင်တချို့၏ ထင်ပေါ်ပုံအနေအထား၊ ဦးနှောက်ဆိုင်ရာ အစိတ်အပိုင်းအရပ်ရပ် ပွားစီးမှုများအရ အကဲဖြတ်ရ၏။ အမြင်တိကျ ပြတ်သားဖို့ အလွန်အမင်း ဆန်းစစ်တတ်ဖို့ ထက်မြက်ဖျတ်လတ်သော အကဲခတ် စူးစမ်းလေ့လာမှုရှိဖို့ လိုလေသည်။

အခြားစူးစမ်းမှု ပညာရပ်များပမာပင် အင်္ဂါရုပ်သင်္ကေတ ပညာရပ်တွင် တွေးခေါ်မှုနှင့်ကိုယ်တွေ့ ကွဲကွဲပြားပြားရှိဖို့ အရေးကြီး ပေသည်။

သိပ္ပံပညာရှင်တစ်ခု၏ အရင်းအမြစ် အမှန်မှာမူကား အခြေတည်ပြီးရှိနေ၏။ သို့ရာတွင် အသုံးချသူက မှားနိုင်၏။

ဆရာဝန်တိုင်း ဇီရောဂါဗေဒနာကို တန်းတူညီမျှ လွယ်လင့်တကူ ခွဲခြားနိုင်စွမ်းမရှိ။ သို့တစေ ထိုပညာပညတ်ကား တည်ရှိပြီးသားဖြစ်၏။ စပါဇ်ဟိန်း (**Spurzheim**) ဆိုသူ ပညာရှင်ကြီးကား 'သူတို့ အမှားများကို ကျူးလွန်မိသောကြောင့် အင်္ဂါရုပ်သင်္ကေတပညာရပ်ကို စွန့်လွှတ်သင့်သော ဝိဇ္ဇာပညာ သို့မဟုတ် သိပ္ပံပညာ မရှိတော့ပေ' ဟု မြွက်ကြားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ပုံပြ (၁) ပုံပြ(၁)နားရွက်မှာ နားရွက်အောက်သားမှ မေးသွယ်သားဖြင့် ကပ်နေ၍ ကိုယ့်တုံးကိုယ်ချွန်ရသူ အမွေအနှစ်မရှိသူဟု ဆိုရမည်။

ပုံပြ (၂) ပုံပြ(၂)မှာ ပုံပြ(၁)နှင့် ဆန့်ကျင့်ဘက်ဖြစ်၏။ နားရွက်အောက်သားမှ မေးသွယ်သားဖြင့် ကပ်မနေပဲ လွတ်လပ်သောနားဖျက် ရှိနေခြင်းကို တရုတ်လူမျိုးများ၏အခေါ် (စိန်နားပန်)ဟု ခေါ်၏။ ၎င်းကဲ့သို့ ရှိမှသာလျှင် စုလိုက်ပုံလိုက် အမွေပစ္စည်းများကို ရတတ်၏။ ၎င်းနားဖျက် ရှိမှသာ စိန်နားကပ်ပန်သလို ကြွားကြွားရွားရွား ရှိမည်ဟု အဆိုရှိသည်။

ပုံပြ (၃) ပုံပြ(၃)မှာ နားပုံကြီး၏ ဆွေစု မျိုးစု မိတ်ဆွေစု စသော အပေါင်းအသင်းများ၏ အကြောင်းကို လုံးဝဥဿုံနားလည်သူ အသေးအမွှားမကျန် လေ့လာထားသူဟု အဆိုရှိ၏။ နားရွက်သည် ဘေးသို့ကားနေပါမူ (ဆင်နားရွက်များကဲ့သို့ ရှိပါမူ) ပင်ပင်ပန်းပန်း အသက်မွေးမှု ပြုရ၏။ ဦးခေါင်းနှင့် ကပ်နေပါမူ စည်းစိမ်ရှင်ဟု ခေါ်ဆိုရပေမည်။ ဖော်ပြပါအတိုင်း အမွေစုလိုက်စုံလိုက် ပစ္စည်းများမှာ ကပ်နေနေ ကွာ၍နေနေ ၎ သက်ဆိုင်ပါ။

ပုံပြ (၄) ပုံပြ(၄) ကြွက်နားရွက်ဟု ခေါ်၏။ နားရွက်သေး၊ ပါးစွာ စိတ်ကူးယဉ်တတ်သူ၊ အနုပညာတတ်သူ၊ သနားတတ်သူဟု အဆိုရှိထား၏။

www.burmeseclassic.com

www.burmeseclassic.com



ပုံပြ (၅) ပုံပြ(၅)မှာ နားသုံအမျိုးမျိုးတွင် အထက်မြက်ဆုံး အရှည်ဆုံး ခေါင်းဆောင်ဖြစ်နိုင်သော သင်္ကေတပြချက်ဖြစ်၏။ ကမ္ဘာကျော် ခေါင်းဆောင်များကို လေ့လာပါက ၎င်းနားရွက်ပိုင်ရှင်များသာ ဖြစ်ကြောင်း တွေ့မြင်ရမည်မှာ ယုံမှားဖွယ်ရာ မလိုချေ။ ကမ္ဘာ့ခေါင်းဆောင်ကြီးများဖြစ်သော ဂန္ဒီ၊ စတာလင်၊ နေရူး၊ ကရုရှက်၊ မော်စီတုံး စသည်တို့မှာ ၎င်းနားရွက်ပုံမျိုး ရှိသူများချည်းပင်ဖြစ်၏။

လယ်ပိုင်ရှင်တစ်ဦးအား လူ့အင်္ဂါရုပ်သင်္ကေတ မှတ်ချက်ဖြင့် အကဲခတ်နည်း၊ မိရိုးဖလာအားဖြင့် တရုတ်လူမျိုးများတွင် လူတိုင်း အနည်းနှင့်အများ လူကဲခတ်တတ်ကြ၏။ ရှေးမြန်မာလူမျိုးများစွာင်လည်း လူကဲခတ်တတ်သော အလေ့ရှိခဲ့၏။

တောမြို့တစ်မြို့တွင် လယ်ပိုင်ရှင်တစ်ဦးသည် ဧည့်သည်ကို မြန်မာဆန်ဆန် ကွမ်းအစ်ဖြင့် ဧည့်ခံကာ လူကဲခတ်ဖူး၏။ ဖာလာစုံ ကွမ်းအစ်တွင် စမုန်စပါး၊ ဖာလာ၊ ကွမ်းစားဂမုန်း၊ လေးညှင်း၊ နွယ်ချို စသော အစုံပါသော ကွမ်းအစ်ဖြင့် မိမိထံ ငွေရေးကြေးရေး ကိစ္စအတွက် လာရောက်ချေးငှားသူများအား ဧည့်ခံလေ့ရှိသည်။

ချေးငှားရန်လာသူတချို့မှာ ကွမ်းရွက်(၂)ရွက်၊ (၃)ရွက်ထပ်ပြီး အစုံထည့်စားသူ ရှိတတ်ကြပါသည်။ ကွမ်းကို အစုံထည့်စားရုံမကသေး၊ လေးညှင်း၊ ဖာလာ စသော အပိုကလေးများကိုပင် လက်တွင်ကိုင်၍ ထားတတ်ကြ၏။ ထိုသူများကိုမူကား အလျဉ်းမချေးတော့ပေ။

ကျွန်ုပ်သည် ထိုမြေပိုင်ရှင်နှင့် တွေ့ဆုံမေးမြန်းကြည့်ရာ ၎င်းက ကွမ်းအစ်မှာ လူ၏စရိုက်ကို ဖော်ပြကြောင်း၊ ကွမ်းယာကို ခံတွင်းချဉ်ပြေရုံ စားသူများမှာ လူချင်းစာနာစိတ် ရှိသူများဖြစ်၏။

www.burmeseclassic.com



လူချင်းစာနာသူမှာ သူတစ်ထူးအား ပေးစရာရှိသည်ကိုလည်း ပေး၍၊ ရစရာရှိသည်ကိုလည်း တောင်းတတ်ကြောင်း၊ ကွမ်းရွက် (၂)ရွက် (၃)ရွက်ထပ်ပြီး အစုံအစေ့ စားသူများမှာ မိမိတစ်ဦးတည်း၏ အကျိုးကိုသာ ကြည့်တတ်သောသူများ ဖြစ်သောကြောင့် အပေါင်အနှံ လွတ်မပေးဝံ့ကြောင်း၊ စားရုံတင်မက အိမ်ကိုပါ ယူသွားတတ်သော သူများမှာ ငါဖို့တဖို့သာ ကြည့်တတ်သူဖြစ်၍ ၎င်းကဲ့သို့သော လူမျိုးများနှင့် ဆက်ဆံရာတွင် အထူးပင် သတိရှိရမည်ဖြစ်ကြောင်း ဖြေကြားဖူးလေသည်။

* * *

## နှာခေါင်းပိုင်း လေ့လာမှုမှတ်ချက်
## နှာခေါင်း (The Nose)

လူ့စရိုက်သဘာဝနှင့် ပတ်သက်၍ နှာခေါင်းသည်လည်း အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်၏။ နှာတံပေါ်လျှင် ပေါ်သည်။ နှာတံဖြောင့်လျှင် ဖြောင့်သည်၊ ကောက်လျှင် ကောက်သည်ဟု သည်မျှလောက်သာ သိကြသည်။ အနက်အဓိပ္ပါယ်ကို သိခဲကြ၏။

နှာခေါင်းရိုးကား အရိုး နှာနုရိုးတို့ဖြင့် ဖွဲ့စည်းနေကြ၏။ ဤ၌ အရိုးသည် ဦးနှောက်ပြီးလျှင် ဒုတိယအရေးပါဆုံးပင် ဖြစ်၏။ အရိုးအကြောင်း ရှေ့ပိုင်းများ၌ ရှင်းခဲ့ပြီးပေပြီ။ အရိုးသည် ထိထိ ရောက်ရောက် လုပ်နိုင်စွမ်း၌ အရှိန်ပြင်းခြင်း၊ အလွန်စိတ်သန်ခြင်းများကို ဖြစ်စေ၏။ နှာရိုးပေါ်ပုံ မြင့်မားပုံက စရိုက်သဘာဝကို အတိမှတ်ပိုင်းခြား ဖော်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com


နှာရိုးပို၍မြင့်လေ ပို၍ ထိထိမိမိ လုပ်ကိုင်တတ်လေ၊ ပို၍ စိတ်ဓာတ်ပြင်းပြတတ်လေဖြစ်၏။ တာဝန်ရှိသမျှ သိမ်းကျုံးလုပ်နိုင်ရန် စွမ်းအင်ခွန်အားကို ဖြစ်စေ၏။

နှာတံကို တိုက်ရေးခိုက်ရေး၊ လက်တွေ့သတ်ရေးနှင့် ပတ်သက်သော ဇီဇအင်္ဂါတစ်ရပ်အဖြစ် အသိအမှတ် ပြုကြ၏။ နှာတံအမြင့်အမား အားလျော်စွာ ထိထိရောက်ရောက် လုပ်ကိုင်တတ်မှု စွမ်းအင်ကို ခန့်မှန်းနိုင်ပေသည်။

နှာခေါင်းကြီးသူသည် နှာခေါင်းငယ်သူထက် ပို၍ ထိထိရောက်ရောက် လုပ်ကိုင်တတ်လေ၏။ ကမ္ဘာကျော်လူမော် လူကြီးလူကျယ်များတွင် ခေါင်းဆောင်ပိုင်း၊ အုပ်ချုပ်ရေးပိုင်းအားလုံးမှာ နှာခေါင်းကြီးသူများကိုသာ တွေ့ရ၏။

ထိုပုဂ္ဂိုလ်ကြီးများကား သူတို့၏ လုပ်ကိုင်ဆောင်ရွက်ချက်အရ ကမ္ဘာ့လူ့ထင်ရှားကြီးများ ဖြစ်နေကြခြင်း ဖြစ်ပေသည်။

ထိုကဲ့သို့သော ပုဂ္ဂိုလ်များမှာ ဝယ်လင်တန်၊ နပိုလီယန်၊ နယ်လ်ဆင်၊ ဆီဇာတို့နှင့် အခြားပုဂ္ဂိုလ်များ ပါဝင်ကြပေ၏။

ဦးခေါင်းသာမန်မျှရှိပြီး နှာခေါင်းကြီးသူ တစ်ယောက်သည် ဦးခေါင်းကြီးပြီး နှာခေါင်းသေးသူ တစ်ယောက်ထက် ပို၍လုပ်ဆောင်နိုင်စွမ်း ရှိသည်။ ဦးခေါင်းကြီး၍ ဦးနှောက်ကြီးသူ၌ ဉာဏ်ပညာအရည်အချင်း များ၏။

သို့သော် နှာခေါင်းသေးပါက ထိုဉာဏ်ပညာအရည်အချင်းအရ လုပ်ဆောင်နိုင်စွမ်းမရှိ (ဝါ) မိမိ၏ ဉာဏ်ပညာအရည်အချင်းများကို အကောင်အထည်ဖော်နိုင်စွမ်း မရှိချေ။

နှာခေါင်းနှင့် ပတ်သက်၍ အရွယ်ပမာဏကို ဆိုရာတွင် နှာခေါင်းရှည်ခြင်းနှင့် အသားများခြင်းကို မဆိုလို။ နှာရိုးနှာပေါင် မြင့်မားခြင်းကိုသာ ဆိုလိုပေသည်။

www.burmeseclassic.com

www.burmeseclassic.com


ဦးနှောက်ကြီးပြီး စိတ်ကူးဉာဏ်ကောင်းသူ တစ်ယောက်တွင် ပြူးယောင်ယောင် မျက်လုံးရှိကာ အောက်မျက်ခွံအခြေပါ မို့မို့ကလေး နေပါက ရောမ စာရေးဆရာကြီးတစ်ယောက် ဖြစ်နိုင်၏။

သို့သော် ပရိသတ်ရှေ့ ပြည်သူ့မျက်မှောက်သို့ တင်ပြနိုင်ဖို့ရာ၌ နှာခေါင်းကြီးဖို့ လိုပေသေးသည်။ အစီအစဉ်တကျရှိဖို့ ကမ္ဘာသိ ရေးနိုင်ဖို့အတွက် နှာခေါင်းပါ ကြီးရပေဦးမည်။

အရိုးမြင့်မားခြင်းက ကိုယ်အားစိတ်အား ပြည့်စုံမှုကိုပြ၏။ နှာခေါင်းကြီးသူများသည် ယေဘူယျအားဖြင့် စိတ်အားကိုယ်အား ကောင်းသူများ ဖြစ်ကြ၏။ နှာယောင် အရမ်းမြင့်လျှင် အဆီးအတားကို ကျော်လွှားနိုင်စွမ်းရှိ၏။ ခုခံငြင်းခုံနိုင်စွမ်းရှိ၏။ ထိထိရောက်ရောက် လုပ်ကိုင်နိုင်စွမ်းနှင့် ခွန်အားဗလတို့တွင် အတန်းအစားနှစ်ရပ် ရှိပေသည်။

၎င်းအတန်းအစားနှစ်ရပ်မှာ စိတ်ဓာတ်အဆင့်အတန်းနှင့် ကိုယ်ခန္ဓာအဆင့်အတန်းပင် ဖြစ်သည်။

စိတ်ဓာတ်အဆင့်အတန်းကို ပြခဲ့သော နားတည်နေပုံအရ သိနိုင်၍ ကိုယ်ခန္ဓာအဆင့်အတန်းကို နှာရိုးမြင့်မားမှုအရ သိနိုင်သည်။ နှာရိုး အရိုးထုထည်ကောင်းလေ ခွန်အားပိုလေဖြစ်သည်။ နှာရိုးပျော့လေ အားနည်းလေဖြစ်၏။ နှာရိုးမာလေ တည်ငြိမ်လေ၊ တိတိကျကျ ဆုံးဖြတ်တတ်လေဖြစ်သည်။

## နှာခေါင်းအမျိုးအစား

နှာတံကောင်းတစ်ခုကား နှာပေါက်ဝများနှင့်အတူ မှန်မှန်ဖမ်း တည်နေ၏။ နှာပေါက်များကား ကျုံ့၍ပွကား၍ ရသောအသားဖြင့် ဖွဲ့စည်းတည်နေ၏။ နှာခေါင်းကို အမျိုးအစားခွဲလျှင် လေးမျိုးပြ၏။

www.burmeseclassic.com

www.burmeseclassic.com



၁။ အရင်းမှစ၍ မောက်သောနှာတံ၊
၂။ အလယ်မှစ၍ မောက်သောနှာတံ၊
၃။ နှာဖျားထိပ် တုံးတိဖြစ်သောနှာတံ၊
၄။ ဖြောင့်ဖြူးနှာတံ. . . ဟူ၍ လေးမျိုးလေးစား ခွဲခြားနိုင်ပေသည်။
ဤကား အခြေခံသဘော ခွဲခြားခြင်းဖြစ်၏။

တိုက်ချင်သူနှာခေါင်း (ရှိမန်နှာခေါင်း)

ဤပုံ(၁)ကိုကြည့်လျှင် အရင်းကစ၍ မောက်သည်ကို တွေ့ရမည်၊ စိတ်ဓာတ်ပြင်းထန်ခြင်း၊ ထိထိရောက်ရောက် လုပ်တတ်ခြင်း၊ အတိုက်အခိုက် ဝါသနာ ကြီးခြင်းတို့ကိုပြ၏။ တစ်နည်းအားဖြင့် ရန်ရှာတတ်သော (ဝါ) တိုက်ဖို့ခိုက်ဖို့ကိုသာ ကြည့်နေတတ်သော နှာခေါင်းလည်းဖြစ်၏။ ဘာမျှမဟုတ်သော အကြောင်းကလေးကိုပင် ယိုးမယ်ရှာ၍ တိုက်ခိုက်ဖို့ လိုလားတတ်သော သဘာဝလည်းရှိ၏။ ဤနှာခေါင်းမျိုးကား ဝယ်လင်တန်မြို့စား နှာခေါင်းမျိုးဖြစ်၏။


ဤနှာခေါင်းမျိုးကို စစ်ဗိုလ်များ၊ ဗိုလ်ချုပ်များ၌လည်းကောင်း၊ ရေတပ်အာဏာပိုင်များတွင်လည်းကောင်း တွေ့ရတတ်ပြီး၊ ရှေ့နေကြီး၊ ဝတ်လုံကြီးများ၊ နိုင်ငံရေးခေါင်းဆောင်ကြီးများတွင်လည်း တွေ့ရတတ်၏။

ဤနှာခေါင်းမျိုးကို နှာယောင်ခုံး နှာယောင်ကုန်းဟုလည်းကောင်း၊ ရှိမန်နှာခေါင်းဟုလည်းကောင်း ခေါ်၏။ ဤသို့အားဖြင့် နှာယောင်မြင့်မားမှုက မွန်အားနှင့် ထိထိရောက်ရောက် လုပ်တတ်မှု စွန့်တတ်မှုကို ဖြစ်စေကြောင်း သိရပေ၏။

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com


ပရဟိတနှာခေါင်း

ပုံ(၂)ကား အလယ်မှစ၍ ခုံးသော ကုန်းသောနှာခေါင်းဖြစ်သည်၊ ၎င်းကို စိတ်ကူးယဉ်၊ စိတ်ကူးမြင့်၊ စိတ်ကြီးဝင်နှာခေါင်းဟုလည်း ဆိုနိုင်သည်။ သို့သော် အကျိုးမဲ့မဟုတ်၊ အကျိုးပြုအစားထဲက ဖြစ်သည်၊

ဤနှာခေါင်း ရှိသူများသည် မဖြစ်နိုင်လောက်အောင်ပင် စိတ်ကူးယဉ်တတ်ကြသည်။ မြင့်မြင့်ကြီးရာဝယ် မဖြစ်နိုင်သည်ကိုပင် ကြံသူများ ဖြစ်ကြသည်။ အခြားသူများ အကျိုးကို အကာအကွယ် ပြုပေးတတ်၏။ သူ့တွင် ထိထိရောက်ရောက် လုပ်နိုင်စွမ်းရှိ၏၊ သတ္တိလည်းရှိ၏။ သို့သော် အတိုက်အခိုက် ဝါသနာမရှိ၊ မတိုက်တတ်၊ မိတ်ဆွေများအတွက်မူ မခိုက်တတ်၊ အကာအကွယ် ပြုပေးတတ်ကြ၏

သူတို့ကား အလွန် အမှန်းအကာမ်းမြင့်မား၏။ ထို့ကြောင့် စိတ်ကူးယဉ်ခြင်းထက် စိတ်ကြီးမြင့်ခြင်းက ပိုကြသည်။

သူတို့သည် အကာအကွယ် အစောင့်အရှောက်ကောင်းသူများ ဖြစ်ကြသည်။ သူတစ်ထူး အကျိုး၊ သူတစ်ထူး အခွင့်အရေးကို ကျူးလွန်စော်ကားသည်ဟု ကြားရလျှင် လွန်စွာ စိတ်ထိခိုက်ကြသည် ကလေးသူငယ်များ၊ ရိုးသားသူများ၊ အားနည်းသူ၊ နွမ်းပါးသူများအား စော်ကားမော်ကားပြုသည်၊ ညှဉ်းပန်းသည်ဟု ကြားရလျှင် လွန်စွာ စိတ်မကောင်း ဖြစ်တတ်ကြသည်။

သူတို့သည် အများအတွက်သာ အကာအကွယ် ပြုပေးတတ်ကြပြီး၊ ကိုယ်တိုင်အတွက်ကိုမူ မကာကွယ်တတ်ကြပေ။

အတ္တဟိတနှာခေါင်း

နှာဖျားရောက်မှခုံးကာ တုံးတိဖြစ်နေသော နှာခေါင်းကို ဤပုံ(၃)တွင် တွေ့မြင်နိုင်၏။ ကိုယ့်အတွက် ဘေးရန်မှ အကာအကွယ် ကောင်းသူများ၏ နှာခေါင်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနှာခေါင်းမျိုး ရှိသူများကား မိမိတို့ တိုးတက်ရေးနှင့် ပတ်သက်လာလျှင် ကိုယ်ကျိုးနှင့် ပတ်သက်လာလျှင် စိတ်ထိနိုက် လွယ်တတ်ကြသည်။ ကိုယ်ကျိုး အထိမခံသူများ ဖြစ်ကြ၏။

စေတနာသဒ္ဓါတရားနှင့် ချိန်သားကိုက်၍ မရသူများဖြစ်ကြသည့် အတိုင်း အထွတ်အထိပ် ကိုယ်ကျိုးကြည့် အတ္တသမားပင် ဖြစ်ကြသည်။

မည်သည့်အရာ မည်သည့်ကိစ္စတွင်မဆို သူတို့ ပထမဆုံး ကြည့်လေ့ရှိကြသည့်ကား ကိုယ်ကျိုးဖြစ်၏။ ကိုယ်ကျိုးနှင့် မစပ်လျှင် ဘာကိုမျှ မလုပ်ချင်တတ်ကြပေ။

နှာဖျားကား အရိုးမရှိ၊ အသားချည်းရှိနေရာ၊ အသားက ထိနိုက်လွယ်တတ်မှုကို ပြသည်။ ဤနှာခေါင်းမျိုးမှာ သတ္တိမခေ၊ ဉာဏ်များ၏။ ချုပ်တည်းမှုလိုလားသော နှာခေါင်းဖြစ်၏။ ကိုယ်ကျိုးအတွက် အကာအကွယ် ကောင်းခြင်းမှာ သူတို့၏ သဘာဝပင်ဖြစ်၏။

ဤအတ္တကြည့်တတ်သော သဘောကား လူးတိုင်းလိုမှာပင်ရှိ၏။ တိရစ္ဆာန်များတွင်လည်းရှိ၏။ အကယ်၍သာ ဦးခေါင်း၌ နားအင်နေအထား အရ တိရစ္ဆာန်ဉာဏ်က ပိုသည်ဆိုပါက လွန်စွာကြောက်မက်ဖွယ် ကောင်းလတ္တံ့။

ကြွက်ကိုကြည့်လျှင် နှာဖျားတွင် တစ်ချောင်းတည်းသော ဦးချို့ရှိ၏။ ထိုဦးချိုဖြင့် ရန်ဘယာဟူသမျှကို ကာကွယ်တွန်းလှန်ကာ မိမိကိုယ်ကို ကာကွယ်သော သဘာဝရှိပေသတည်း။

### သိမ်မွေ့မှုသရုပ်ပြနှာခေါင်း (ဖြောင့်ဖြူးနှာတံ)

ပုံ(၄)ကား ဂရိရန် နှာဖြောင့်ဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့မှု သရုပ်ပြနှာခေါင်းဟု ဆိုနိုင်၏။ အလွန်သိမ်မွေ့ယဉ်ကျေး၏။

www.burmeseclassic.com

www.burmeseclassic.com


၄

ဤနှာဖြောင့်မျိုးတွင် နှာရင်းမှစ၍ အခုံးအမော်တက်ရှိ၊ တစ်ဖြောင့်တည်း ဆင်းလာကာ နှာရင်းဘက်မျက်လုံး အတွင်းစွန်းနှင့် နက်စွာရှိနေပါက ဗိသုကာဉာဏ်ရှိရာပဲဟု ဆိုရ၏။

ဤနှာခေါင်းမျိုး၌ အနုပညာကို " နှစ်သက်ခြင်းရှိပြီး ဝါသနာအထုံကို စွန့်နိုင်စွမ်းမရှိသေးသော သဘောရှိ၏။

ဤနှာတံရှင်မျိုးကား အတိုက်အခိုက်ကို မပြုတတ်၊ မိမိအတွက်လည်း မကာကွယ်တတ်၊ သူတစ်ပါးအတွက်လည်း မကာကွယ်တတ်၊ သူတို့ကား ဣန္ဒြေသိက္ခာရှိမှု၊ သိမ်မွေ့မှု၊ အေးအေးနေလိုမှု ရှိသူများဖြစ်ကြ၏။

စိတ်နှင့်မတွေ့သောအခါ စိတ်မချမ်းမြေ့ ပျော်ရွှင်မှုမရှိသော အခါမျိုးတွင်ပင် ရိုင်းရိုင်းစိုင်းစိုင်း ကြမ်းကြမ်းတမ်းတမ်း ပြောဆိုပြုမူ တတ်ခဲလှပေသည်။

ဦးနှောက်ရှိ အသိဉာဏ်ဆိုင်ရာ အပိုင်းများ ပွားစီးမှုက နှာခေါင်း၏ ထိရောက်စွာ လုပ်ဆောင်တတ်မှုစွမ်းအင်ကို အထောက်အကူ ပြုပေး၏။

မျက်နှာပြင်က စိတ်ဓာတ်ဆိုင်ရာ အလိုအလျောက်ဖြစ်မှု စွမ်းဆောင်မှုကို ဖော်ပြ၏။ ဦးနှောက်က ထိုစွမ်းဆောင်မှုများ ဆက်လက် တည်ရှိနေနိုင်ဖို့ အကူအညီပြု၏။

အသိအာရုံကြောများနှင့် နှာခေါင်းတို့အကြားတွင် ထူးခြားသော ဆက်စပ်မှုရှိ၏။

စတုတ္ထအာရုံကြော (ဝါ) မနောအာရုံကြောမှာ ဦးနှောက် အခြေတွင် ထင်ရှားစွာ အခြေစိုက်၍ နက်ရှိုင်းသောအမြစ်မှာ မျက်လုံးဝန်း လှုပ်ရှားရေးအကြော၏ စဦးငယ်အောက်ရှိ နံဘေးပုရွက်ကြောင်း ပြွန်လမ်းအခြေရှိ ဗဟိုဌာနသို့ တစ်လျှောက်တွေ့ရှိနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဓာတုဗေဒ ပါရဂူကြီးသော်လည်းကောင်း၊ ဆရာဝန်ကြီးသော်လည်းကောင်း၊ ဗိုလ်ချုပ်ကြီးသော်လည်းကောင်း၊ အနုပညာသည်ကြီးသော်လည်းကောင်း၊ ဝတ်လုံတော်ရကြီးသော်လည်းကောင်း၊ ဓမ္မကထိကကြီးသော်လည်းကောင်း၊ အဘယ်သို့သော ပုဂ္ဂိုလ်ကြီးသည် သူ၏လုပ်ငန်းကို ကိုယ်တွေ့လုပ်ဆောင်ရာ၌ မမှားခဲ့ဖူးပါဟု ပြောနိုင်ပါအံ့နည်း။

ကိုယ်တွေ့ဗဟုသုတ အရေးကြီး၏။ သို့တစေ ကိုယ်တွေ့ဗဟုသုတမှာ ဝိဇ္ဇာနည်းမှ သိပ္ပံနည်းကျ အခြေအမြစ်များနှင့် ဆက်တွဲနေဖို့လို၏။ အင်္ဂလိပ်သင်္ကေတပညာ လေ့လာရေးမှာ ရူပက္ခန္ဓာဗေဒဆိုင်ရာ အဓိပ္ပါယ်နှင့် ဇီဝဗေဒသဘော ဥပဒေသများကို အခြေခံပြသင့်ပေသည်။

စာရိတ္တသဘောများကို သာမန်အားဖြင့် အကောင်းနှင့်အဆိုးဟု ခွဲခြားရ၏။ ဆိုကြပါစို့. . . မှန်တမ်းစွမ်းအင်များနှင့် ပတ်သက်၍ အထက်တန်းကျကျ လှုပ်ရှားဖြစ်ပေါ်နေသည်ကို အကောင်းဟုဆို၍ တိရစ္ဆာန်သဘာဝမျှသာ လွှမ်းမိုးနေသည်ကို အဆိုးဟုဆိုခြင်းပင်ဖြစ်သည်။

လူသားများကို ဆက်ဆံရာ၌ အားလုံးလူကောင်းချည်းဟု မဆိုသာသည့်တိုင် အားလုံးအကောင်းကိုသာ တွေ့ရပေသည်။

မဖြစ်စလောက်သောလူများကို အမှားမှန်းသိလျက် ပြုလုပ်ခြင်းဖြစ်ပေသည်။ ဆုံးဖြတ်နိုင်စွမ်း ယုတ်လျော့မှုကြောင့် မိုက်မိုက်မဲမဲပြုလုပ်သူကို လူဆိုးဟု သတ်မှတ်ကြသည်။

ကမ္ဘာကြီးကို (ဝါ) ကမ္ဘာ့လူသားများက ကျွန်ုပ်တို့၏ ကြံရွယ်ချက်များအရ ဆုံးဖြတ်သည်ထက် ကျွန်ုပ်တို့ပြုလုပ်မှု၏ အကျိုးသွားအရသာ ပို၍ အကဲဖြတ် ဆုံးဖြတ်၏။

အကယ်၍ ကျွန်ုပ်တို့က ကောင်းစေချင်၍ ပြုလုပ်ပါလျက် အကြောင်းမသင့်သဖြင့် အဆိုးဖြစ်သွား၏။ ဆိုစေဦး. . . ကျွန်ုပ်တို့အပေါ် အဆိုးသာမြင်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com


ဤမနောအာရုံကြောကား နှာခေါင်း၏ ဘေးနှစ်ဖက်ရှိ တိုက်ခိုက်မှုနှင့်ဖျက်ဆီးမှုဆိုင်ရာ အစိတ်အပိုင်းများကို ကျော်ဖြတ်သွား၏။

သို့ဖြင့် သီသလက္ခဏာဆိုင်ရာ ထိထိရောက်ရောက် လုပ်တတ်မှုစွမ်းအင်နှင့် တိုက်ခိုက်သတ်ပုတ်လိုမှုများမှာ ရူပလက္ခဏာ အမှတ်အသားဖြစ်သော တိုက်ခိုက်ဉာဏ်၊ ပရုဟိတ ကာကွယ်ဉာဏ်၊ အတ္တဟိတ ကာကွယ်ဉာဏ်များနှင့် ဆက်စပ်၍သွားပေတော့၏။

ဖျက်ဆီးဉာဏ်ဆိုင်ရာ အစိတ်အပိုင်း ထင်ရှားမှုမောက်မှုက ဖျက်ဆီးလိုသော စွမ်းအင်နှင့် ခွန်အားကို အတားအဆီးများ ကျော်လွှားနိုင်ရေးအတွက် ဖြစ်ပေါ်စေ၏။

ဖျက်ဆီးဉာဏ် အစိတ်အပိုင်း မို့မောက်၏။ နှာယောင်ရိုးလည်း မြင့်၏ဆိုပါက အင်အားမှာ ကာယအင်အားဖြစ်၏။

သို့သော် နဖူးကျယ်ပြီး မျက်နှာရိုးပြန့်၏။ ဖျက်ဆီးဉာဏ် အစိတ်အပိုင်းဖြစ်သော အရိုးမမောက်၊ ဤသို့ဆိုပါက အင်အားမှာ စိတ်ဓာတ်အားပင်ဖြစ်၏။ နှာသီးဖျားရိုးနုကလေးသည်လည်း သဘာဝ စရိုက်ကို များစွာဖော်ပြ၏။ ၎င်းမှာ နှာခေါင်းပေါက်နှစ်ခုကို ခြားထားသော အရိုးမမည် အသားမမည်သော အရာပင်ဖြစ်၏။

## ရင်းမြစ်ရှာဉာဏ် တီထွင်ဉာဏ် နှာခေါင်း

ပုံ(၅)ကိုကြည့်ပါ။ ထိုနှာရိုးကလေးမှာ နှာခေါင်းပေါက်နှစ်ခု၏ အောက်သို့ရောက်အောင် ဆင်းလာ၏၊ သဘာဝကား အရင်းအမြစ်ကို စိစစ်ရှာဖွေတတ်သော၊ တစ်စုံတစ်ခု တီထွင်ပြုလုပ်တတ်သော၊ အဦးအစ ပြုလုပ်တတ်သော သဘာဝရှိ၏။

ရှင်းအံ့။ တစ်စုံတစ်ခုကို အရင်းအမြစ် စူးစမ်းသည်ဆိုခြင်းမှာ အနှံ့ခံခြင်းပင် ဖြစ်ရလသည်၊ အနှံ့ခံရာဝယ် ပထမအာရုံကြော (ဝါ)

www.burmeseclassic.com

www.burmeseclassic.com



ဃာနအာရုံကြောဆိုင်ရာ အပိုင်းခွဲမှာ ပွကား၍နေသည်၏။

ဤသို့ ပွကား၍လာရသည်မှာ ဆိုင်ရာအလုပ် စွမ်းဆောင်ရန် အတွက်ပင် ဖြစ်၏။ သို့ဖြင့် အပုပ်နံ့၊ အညှီနံ့ မည်သည့်အနံ့ကိုဖြစ်စေ စူးစမ်းရာ အရာဝတ္ထု၏ အနံ့ကို ခံယူ၏။

သို့ဆက်လက်၍ ဃာနဒေါ်ကြွလှုပ်ရှားခြင်းက နှာသီးဖျား၊ နှာသီးနုဟူသော အသားမမည် အရိုးမမည်ဖြစ်သော နှာခေါင်းနှစ်ခုကို ခြားထားသည့် အရိုးနုကလေးကို ဖြစ်ရှိစေသည့် ကြွက်သားပွားစီးခြင်းကို အကျိုးပြုလာ၏။

ထိုအခါတွင် နှာနုရိုးကလေးမှာ အတိမ်မျှထွားလာပြီး အောက်ဘက်သို့ ညွှန့်လာကာ အလိုအလျောက် နှာခေါင်းပေါက်များကို အနည်းငယ်ကလေးမျှ ကျော်လွန်သည်ထိ ကျဆင်းလာ၏။ ဤသဘောဖြင့် ရင်းမြစ်ရှာဖွေဉာဏ် ဖြစ်လာ၏။

ဤ၌ ဤအရင်းအမြစ် ရှာဖွေဉာဏ်ကို မေးချင်မြန်းချင်သိချင် တတ်သောဉာဏ်နှင့် ရောထွေးမသွားဖို့ သတိရှိရပေမည်၊ ဤနှစ်ရပ်မှာ လုံးဝခြားနား၏။

ထိုမေးချင်မြန်းချင်သိချင်စပ်စုချင်သောဉာဏ်မှာ၊ အရင်းအမြစ် ရှာဖွေဉာဏ်၊ ချိုယွင်းချက်မှာ ဝေဖန်ဉာဏ်၊ ဗဟုသုတ လိုလားမှုဉာဏ် အပေါ်တွင် မတည်ပေ။

## လူဖျင်းစပ်စုဉာဏ်နှာခေါင်း

မေးချင်မြန်းချင်သိချင်သည့်ဉာဏ်၊ စပ်စုချင်သည့်ဉာဏ်ကိုလည်း နှာခေါင်းကပင် ဖော်ပြ၏။

ပုံ(၆)ကိုကြည့်လျှင် ထိုနှာခေါင်းမျိုးကို တွေ့ရမည်ဖြစ်၏၊ နှာဖျားမှာ မျက်နှာမှ အများကြီးပိုထွက်နေ၏၊ သူ့အစ်ထူးကိစ္စတွင်

www.burmeseclassic.com

www.burmeseclassic.com



ဝင်စွက်ချင်စာတတ်သော အလိုက်ကောင်းဆိုး မသိသူမျိုး၏ နှာခေါင်းပင် ဖြစ်၏။

ဤနှာဖျားစွန်းရှည်မျိုးကား သင်အံလေ့ကျက်မှု မပြုပဲ တတ်ချင်သူမျိုး၏ နှာဖျားရှည်မျိုးပင်ဖြစ်၏။ အကျိုးတစ်စုံတစ်ရာဖြစ်ရှိဖို့ ဆင်ခြင်သုံးသပ် စူးစမ်းမှုမပြုပဲ သူတစ်ပါးထံမှာ ကြားရရုံ မြင်ရရုံ သိရရုံ အပေါ်မှုတည်၍ စူးစမ်းသည့်သဘောဖြစ်၏။

မိမိနှင့်လည်း မည်သို့မျှမပတ်သက်၊ သိရ၍လည်း ဘာမျှ အသုံးမဝင်၊ ဘာမျှ အကြောင်းထူးမည် မဟုတ်သော ကိစ္စများ၊ အရာများကို စပ်စုချင်သည့် လူပျင်း လူဖျင်းတို့၏ စပ်စုဉာဏ်ပင်ဖြစ်၏။

ထို့ကြောင့် ဆိုခဲ့သည့် ရင်းမြစ်ရှာဖွေဉာဏ်၊ ချိုယွင်းချက်မှာ ဝေဖန်ဉာဏ်၊ ဗဟုသုတ လိုးလာဉာဏ်မျိုးနှင့် မရောထွေးဖို့ ပြဆိုခဲ့ရခြင်း ဖြစ်၏။

ဤ၌တွင် ထပ်မံ၍ ဆိုရန်ရှိသေး၏။ ရုပ်လက္ခဏာအရ သဘာဝဉာဏ်ကို ဖွင့်ဆိုရာ၌ စကားလုံးများကို အတိအကျသုံးဖို့ပင် ဖြစ်သည်။

ဥပမာ 'ဤလက္ခဏာမျိုးသည် သိချင် မှတ်ချင် တတ်ချင်သော ဉာဏ်ရှိ၏' ဟု ပြောဆိုလိုက်ပါ၏။ ဆိုပါစို့၊ တကယ်ပင် သိချင်သူ မှတ်ချင်သူ ဟုတ်ပါ၏လော။

ထိုသူ၏ သိချင်ပုံ မှတ်ချင်ပုံ တတ်ချင်ပုံများမှာ တကယ် ပညာလိုလားသူတစ်ယောက်၏ တကယ်သိချင် မှတ်ချင် တတ်ချင်သော စိတ်မျိုးနှင့် ခြားနားသည်၊ တူညီသည် ကို စိစစ်ဆေးပြီးမှ ပြောဆိုသင့်၏။ သိချင် မှတ်ချင် တတ်ချင်တိုင်း ပညာလိုလားသူ၊ တကယ်သိ တတ်ချင်သူ မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဤနှာခေါင်းလက္ခဏာတွင် ပြသည့်အတိုင်း မေးချင် မြန်းချင် စပ်စုချင်သော ဝါသနာမျိုးကား နှီးနှုပါက လုံမှားနေပေလိမ့်မည်။

ထို့အတူ ဉာဏ်ကောင်းသည်ဟု ပြောဆိုလျှင်လည်း အဘယ်ပုံ ဉာဏ်ကောင်းနည်းမျိုးနည်း။ ကြက်တူရွေး ဉာဏ်ကောင်းနည်းမျိုးလား၊ တစ်ခါကြားနှင့် အလွတ်ကျက်မှတ်မိ၍ နောက်တစ်နေ့ မေ့သွားသော ဉာဏ်ကောင်းနည်းမျိုးပေလော။

စသည်စသည် မိမိပြောဆိုလိုသော လက္ခဏာရပ် အတိကျ အဓိပ္ပါယ်ကိုပြသည့် စကားလုံးကိုသာ မလွဲမမှား အသုံးပြုမိဖို့ သတိရှိရပေမည်။

သို့မဟုတ်ပါက ခပ်ပေါ့ပေါ့ တူညီသယောင် အဓိပ္ပါယ်ရှိသည့် စကားလုံးကိုသုံး၍ ပြောလိုက်ခြင်းဖြင့် ထိုသူ၏ တကယ်သဘာဝနှင့် မကိုက်ညီပဲ ရှိတတ်ပေ၏။

ပုံ(၃)ကိုပြန်ကြည့်ပါ။ နှာဖျားတုံးတိဖြစ်ကာ အခြားနှာခေါင်းကဲ့သို့ မချွန်သဖြင့် ထိပ်ကျယ်သည်၊ အနည်းငယ် ကော့လန်နေသည်ကို တွေ့ရမည်၊ အတ္တဟိတ နှာခေါင်းမျိုးအဖြစ် ပြခဲ့သည့်နှာခေါင်းပင် ဖြစ်၏။

ထိုနှာခေါင်းမျိုးသည် ယုံစားတတ်သောသူတစ်ယောက်၏ နှာဖျားပင်ဖြစ်၏။ ဘာကြောင့် ယုံစားထိုက်သနည်း။ ထိုသူမျိုးသည် မိမိတို့ မိသားစုအကြောင်းကို တစ်ဦးတစ်ယောက်ကို ပြောမပြတတ်၊ ပြောရမည်ကိုကြောက်၏၊ ဝန်လေး၏။

သူများအကြောင်းကိုလည်း အလားတူပြောရမှာ ဝန်လေး၏၊ ထို့ကြောင့် ယုံစားထိုက်သည်ဟု ဆိုခြင်းဖြစ်၏။

ဤကဲ့သို့ နှာဖျားထိပ်မချွန်ပဲ တုံးနေသဖြင့် နှာဖျားထိပ် ကျယ်သည်ဟုဆိုရသော နှာခေါင်းမျိုးမှာ အနည်းငယ် ကော့လန်မှုမရှိက ... ကို သတိနှင့်ထိန်းဖို့လိုသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသော် ကိုယ့်စိတ်ထဲရှိသမျှ အမှတ်မဲ့သတိလစ်ကာ အိတ်သွန်ဖာမှောက် ထုတ်ပြောမိတတ်သောကြောင့် ဖြစ်၏။

ထို့ကြောင့် နှာဖျားချင်းတူပုံရှိစေ၊ သတိထားရ၏။ တုံးပုံကျယ်ပုံနှင့် တုံးကျယ်ပြီး ကော့လန်သယောင်ရှိပုံ စသည် သထိရှိရ၏။

**သံသယနှာခေါင်း**

**ပုံ(၆) ပုံ(၇) ပေါင်းစပ်ထားခြင်း**

ဤပုံ(၇)တွင် အလွန်ချွန်သော နှာဖျားချွန်ကို တွေ့ရမည်၊ နှာဖျားချွန်ရုံချွန်လျှင် ချုပ်ထည်းတတ် သတိရှိတတ်၏။

ဤပုံအတိုင်း ချွန်ရုံမက အောက်သို့ပင် အနည်းငယ်ငိုက်ယောင်တွဲယောင် ဖြစ်နေပါက သူတစ်ထူးအပေါ် မသင်္ကာစိတ် မွေးတတ်၏၊ လျှို့ဝှက်ကြံစည်တတ် ပြုလုပ်တတ်၏၊ လျှို့ဝှက်ချစ်ကြိုက်တတ်၏၊ ဤနှာခေါင်းမျိုး ရှိသူကား လျှို့ဝှက်အကြံဖြင့် တံခါးကို မဟတဟဖွင့်ကာ ချောင်းကြည့်တတ်၏၊ တံခါးကွယ် ထရံကွယ်မှနေ၍ နားထောင်တတ်၏၊ သော့ပေါက်မှ ချောင်းကြည့်တတ်၏၊ ကြည့်စရာ အပေါက်အကြားမရှိလျှင် ရှိအောင်လုပ်၍ ချောင်းကြည့်တတ်၏။

ပုံ(၆)ကိုပြန်ကြည့်ပါ။ နှာချွန်ပုံ မတူကြ၊ ဤပုံ(၇) ချွန်ပုံက တစ်မျိုးဖြစ်၏၊ ထိပ်မတုံး ပို၍ချွန်၏၊ ပုံ(၆) စပ်စုနှာခေါင်းကဲ့သို့ပင် သူလည်း စပ်စုချင်၏၊ မေးချင်၊ မြန်းချင်၊ သိချင်၏။

သို့သော် သူ၏စပ်စုခြင်းမှာ သံသယပါ၏၊ ပုံ(၆)၏စပ်စုခြင်းမှာ အပြစ်ကင်း၏၊ ယုတ်မာသော စိတ်နှင့်မဟုတ်၊ ဤပုံ(၇)၏စပ်စုခြင်းကား မသင်္ကာသောစိတ်ဖြင့် စစ်စစ်ပေါက်ပေါက် ပုလိပ်စစ်ခြင်းမျိုး ဖြစ်၏၊ လွန်စွာကြောက်ဖို့ကောင်း၏။

ခြောင်း. . . ဒုရေ ဒုရေ ရှောင်လေ ရှားလေဟု ဆိုကာ သူကမရှောင်လျှင် ကိုယ်ကရှောင်လေ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏စိတ်စုခြင်းမျိုးမှာ အပြစ်ရှာလိုသော စပ်စုခြင်းမျိုးလည်း ဖြစ်၏၊ အတိုက်အခံလုပ်ဖို့ စပ်စုခြင်းဖြစ်၏၊ ယုတ်မာစိတ်ဖြင့် စပ်စုခြင်း ဖြစ်၏၊ နှုတ်စွာတတ်၏၊ လျှာရှည်တတ်၏၊ မကောင်းသောစိတ်ဖြင့် စပ်စုခြင်းဖြစ်ရာ၊ မုန်းတီးဖွယ်ကောင်းလောက်အောင်လည်း မေးခွန်းများ ထုတ်တတ်၏၊ စုန်းအိုမကြီးနှာခေါင်းဟု ကင်ပွန်းတပ်ရမည် ဖြစ်၏။

## သဘင်သည်နှာခေါင်း၊

ပုံ(၈)

နှာခေါင်းပေါက်များ ခပ်ရှည်ရှည်ဖြစ်ကာ အပေါ်သို့ရှုန်းမနေပဲ ပါးပြင်ပေါ်သို့ ခပ်တွဲတွဲရှိနေက သဘင်သည်ဉာဏ်ရှိသော နှာခေါင်းဖြစ်၏။

ပုံ(၈)ကား၊ သဘင်သည်နှာခေါင်းပင် ဖြစ်၏၊ သဘင်ဉာဏ် ကောင်း၏၊ သူတစ်ထူးပြုလုပ်သည့်အတိုင်း လိုက်၍ တုပပြုလုပ်နိုင်စွမ်းရှိ၏၊ ဤမှာဘက်မှ ဟိုမှာဘက်သို့ စိတ်ရောကိုယ်ပါ ကူးပြောင်းသွားတတ်၏။

ဤနှာခေါင်းမျိုးတွင် နှာခေါင်းပေါက် ထိုသို့ပင်ရှည်ကား နှာခေါင်းခပ်လျှော့လျှော့ ရှိပါမူ အသော့ဘက်မှာ ကျွမ်းကျင်၏၊ တာသနေ့ာ၍ ဆိုပြောတတ်၏။

အကြောင်းကား ခပ်ငိုက်ငိုက်နှာခေါင်းများမှာ တခဏုပ္ပတ္တိဉာဏ် (ဝါ) လတ်တလောဉာဏ်၊ ကျပန်းဉာဏ်နှင့် ဟာသဉာဏ် ကောင်းကြသော ကြောင့်ပင် ဖြစ်သည်။

ထိုနှာခေါင်းမျိုးမှာပင် နှာသီးဖျားသည် အောက်ဘက်သို့ ဆိုင်သယောင် တွဲသယောင် ရှိပါက အလွမ်းဘက်က ကျွမ်းကျင်၏။

အလွမ်းအဆွေး ကောင်း၏။

အသောဘက်၊ အရွှန်းဘက်၌ ကျွမ်းကျင်သော နှာခေါင်းမျိုးမှာ ရယ်လီဟာရင်းနှင့် ဂျေးအက်စ်တူးလ်တို့တွင် တွေ့ရ၍၊ အလွမ်းအဆွေး



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းမျိုးမှာ ဆရာဘန်တတ်နှင့် ဆာဟင်နရီအားဗင်းတို့၏ နှာခေါင်းမျိုး ဖြစ်ပေ၏။

နှာယောင်ပါးလျှားသော နှာခေါင်းမျိုးကား အသုံးအစွဲကြီး၏၊ မနှမြောတတ်၊ ငွေကြေးကို ကုန်ကုန်ခန်းခန်း သုံးတတ်၏။

နှာယောင်ထုကောင်း၍ ခပ်ပြွားပြွားရှိနေလျှင်မူ (ဝါ) နှာယောင်စဲ့တတ်လျက် နှာယောင်၏နယိနိမိတ်သည် မျက်နှာပြင်ပေါ်သို့ ပြန့်ဆင်းနေပါမူ စုဆောင်းသိမ်းဆည်းတတ်သော ဓါသနာရှိ၏၊ ဘာမဆို စုချင်၏၊ သိမ်းထားချင်၏၊ အကျိုးအမြတ် ရရှိခံစားလို၏။

သို့သော် ဤနှာခေါင်းမျိုးကို နှာခေါင်းတစ်ခုတည်းကြည့်၍ မဆုံးဖြတ်ရ၊ ထိုဉာဏ်မျိုးကို အောက်နှုတ်ခမ်းက ထိန်းပေးနိုင်၏။

ထိုနှာခေါင်းမျိုး ရှိစေကာမူ အောက်နှုတ်ခမ်း၏ အစွန်းကြား နှစ်ဖက်သည် ခပ်ဖြိုးဖြိုးရှိပါက သနားညှာတာမှု စေတနာသဒ္ဓါတရား ကောင်းမှုရှိမည်ဖြစ်၏။

သို့ဖြင့် ထိုနှာခေါင်းမျိုးနှင့် ထိုအောက်နှုတ်ခမ်းမျိုး တွဲမိက သူ၏ စုဆောင်းသိမ်းဆည်းသမျှမှာ အခြားသူ၏ အကျိုးအတွက် စုဆောင်းသိမ်းဆည်းခြင်းဖြစ်၍ နှာတံပါးလျှားပြီး အောက်နှုတ်ခမ်း ပါးသူထက် ပို၍ရက်ရောတတ် သဘောကြီးတတ်ပေသေး၏။

အကြောင်းကား နှာယောင်ပါးလျှားပြီး နှုတ်ခမ်းပါးလျှားသူ၏ မနှမြောမှုမှာ အသနားအညှာအတာစိတ် မရှိသူ ဖြစ်သည့်အတိုင်း ကိုယ်တိုင်သုံးဖြုန်းခြင်း ကိုယ်ကျိုးအတွက် မနှမြောခြင်းဖြစ်၏၊ သူတစ်ပါးအတွက် မနှမြောခြင်း မဟုတ်သောကြောင့်ပင် ဖြစ်၏။

အတိကျတူသော နှာခေါင်းနှစ်ခုဟူ၍ မရှိပေ။ သို့သော် ပြခဲ့ပြီးသော စရိုက်သဘာဝမျိုးများအား အနည်းငယ်များ ပေါ်ရှိသော နှာခေါင်းများ၌လည်း တွေ့ရဖို့ခဲယဉ်း၏။

www.burmeseclassic.com

www.burmeseclassic.com



စရိုက်သဘာဝ အမျိုးမျိုးရှိသော နှာခေါင်းအမျိုးမျိုးတို့မှကား တွေ့ရမည်သာဖြစ်၏။ သို့ဖြင့် နှာခေါင်းအမျိုးမျိုးကိုကြည့်ကာ စရိုက်အမျိုးမျိုး ဖော်ထုတ်နိုင်မည်ဖြစ်၏။

၁။ နှာယောင်ထက်ဖျားမှ မော့ကော်ခြင်းက တိုက်ခိုက်လိုမှုကို ဖော်ထုတ်ပြ၏။

၂။ နှာတံပါးလျားခြင်းက ရက်ရောမှု၊ မနေမြောမှုကိုပြ၏။

၃။ အရိုးမမည် အသားမမည်သော နှာခေါင်းပေါက်နှစ်ခုကို ခြားထားသည့် နှာရိုးနုကလေး၏ အောက်ဘက်ကို ငိုက်ထွက်ခြင်းက ရင်းမြစ်ရှာဖွေဉာဏ်၊ တီထွင်ဉာဏ်ကို ဖော်ပြ၏။

၄။ နှာခေါင်းပေါက် လျားလျားရှိမှုက လှုပ်ရှားဖျတ်လတ်မှုကို ဖော်ပြ၏။

စသည်စသည်ဖြင့် နှာခေါင်း၏သဘာဝကို ဆန်းစစ်ဖော်ထုတ်နိုင်ပေ၏။

ဤသို့ ဖော်ထုတ်ရာတွင် အထက်တွင် ညွှန်းဆိုခဲ့သည့်အတိုင်း မုံသွင်တစ်ရပ် သင်္ကေတတစ်ရပ်တည်းပေါ်တွင် အခြေမပြုပါနှင့်၊ မုံသွင်အရပ်ရပ် လက္ခဏာအရပ်ရပ်ကို ချိန်ဆ၍ဖော်ထုတ်ပါ။

မုံသွင်အရပ်ရပ် လက္ခဏာအရပ်ရပ်ကို ဆုပ်မိပါစေ။ အချို့ မုံသွင်လက္ခဏာရပ်များမှာ အငြင်းပွားဖွယ်ရာ ရှိနေပါက နှစ်ဆပို၍ လေ့လာပါ။

အင်္ဂါရုပ်သင်္ကေတ ပညာရပ်မှာလည်း အခြားပညာရပ်များ ကဲ့သို့ပင် သင်ယူလေ့လာမှု လိုအပ်ပေသည်။ အမြင်အသိလျင်မြန်ဖို့ လိုအပ်ပေသည်။ ထို့ပြင် မျက်နှာမလိုက်၊ အခိုင်အမာ အကဲဖြတ်နိုင်ဖို့ လိုပေသည်။

www.burmeseclassic.com



ရှုမလကင်္ဂာကို ဟောဖတ်ရာတွင် ဦးနှောက်နှင့် ဖတ်ရ ဟောရမည်။ နှလုံးသားနှင့် မဟောရ၊ မဖတ်ရ (ဝါ) ကရုဏာစိတ်နှင့် မဖတ်ရ၊ မဟောရ။

ဘာကြောင့်နည်း။ သင်္ကေတဖတ်သည်ဟူရာဝယ် အမှန်သိဖို့ ဖြစ်ရာ သင်္ကေတဆိုးကိုတွေ့ရာဝယ် သနားသဖြင့် ကောင်းပါသည်ဟု ဟော၍ မဖြစ်နိုင်သောကြောင့်ဖြစ်၏။ မကောင်းသည့်ကို ကောင်းသည်ဟု ဟောလိုက်သဖြင့် အကောင်းဖြစ်မလာနိုင်သောကြောင့်တည်း။

စာရေးဆရာတစ်ယောက် ဖြစ်ချင်သူ၊ အဆိုကျော်တစ်ယောက် ဖြစ်ချင်သူအား စာရေးဆရာ ဖြစ်နိုင်သည့် သင်္ကေတ၊ အဆိုကျော် ဖြစ်နိုင်သည့် သင်္ကေတ မတွေ့ရပဲနှင့် စာရေးဆရာ ဖြစ်နိုင်ပါသည်၊ အဆိုကျော် ဖြစ်နိုင်ပါသည်ဟု ဟော၍သင့်ကောင်းအံ့လော။

* * *

## အသားအရေအရောင် ရှု၍သတိထား

(ရူပ၊ မံသ၊ ဝဏ္ဏ) ကိုယ်ခန္ဓာ၏ အသားအရောင် အရေအဆင်းများ နက်နဲကျယ်ဝန်းလှသည့် ပညာတစ်ရပ် အပါအဝင် ဖြစ်သော အသားအရေ အရောင်အဆင်းကို လူတိုင်းနားလည်စိမ့်သောငှာ ရိုးရိုးနှင့်ရှင်းရှင်း သရုပ်ပေါ်အောင် ဖော်ပြပါမည်။

နေလောင်သော အသားအရောင်အဆင်းမှာ အနောက် နိုင်ငံများတွင် ခေတ်စားလျက်ရှိသော အသားအရောင်ပင် ဖြစ်ပေသည်။

၎င်းအရောင်အဆင်းရရန် နေပူစာလှုံရခြင်း၊ နေအလှူအရှိန် ချို့တဲ့သော ဥရောပတိုက်တွင် ကျန်းမာရေးနှင့် ယှဉ်တွဲလျက်ရှိသော နေရောင်ကို အများအပြားပင် လှုံကြရကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ကဲ့သို့ ပူအိုက်သောနိုင်ငံ၌ နေပူကျဲကျဲတွင် မည်သူမျှ မနေလို။ မိမိအသက်မွေးမှုကြောင့်သာ နေပူတွင် အလုပ်လုပ်ကြရ၏။

ထို့ကြောင့် နေလောင်သော အသားရှိသူမှာ အင်အားကို အရင်းတည်၍ သို့မဟုတ် အရင်းအနှီးမရှိသော လုပ်ကိုင်စားသူ လူတန်းစားများနှင့် အိမ်တွင်းစက်မှုလက်မှုဖြင့် လုပ်ကိုင်ရသော လူတန်းစားများ၊ ၎င်းနှစ်ရပ်ကို ခွဲခြားသတ်မှတ်ပြီးမှ အင်္ကျီအစိတ်အပိုင်းကို သင်္ကေတပြုမှတ် လေ့လာရခြင်း၊ မည်သို့ အသားညိုသူ ဖြစ်စေကာမူ အိမ်တွင်းနေရသူမှာ လောင်းရိပ်မိသဖြင့် အနှစ်ခေါ် ပွင့်လင်းဖြူဖျော့သော ဖြူရောင်ရောင်ကို တွေ့မြင်ရမည်။

အပူပိုင်းဖြစ်သော မြန်မာပြည် အလယ်ပိုင်းသားတို့တွင် အသားအရေ အရောင်အဆင်းမှာ ကြမ်းတမ်းပြီး ထူအမ်းအမ်း ဖြစ်နေသည်ကို တွေ့မြင်ရမည်။

ရန်ကုန်မြစ်ဝကျွန်းပေါ်ဒေသနှင့် တွာနသာရီ၊ ရှမ်းပြည်နယ်များတွင် အရေပြားအပါးနှင့် အဖြူများကို တွေ့ရပေမည်။ အသားအရေ အရောင်အဆင်းဖြူသလောက် လက်ဖဝါးနီသည်များကို တွေ့ကြရ၏။

ရုပ်အင်္ဂါနှင့် ပတ်သက်၍ အကဲခတ်ရာ၌ မည်မျှမလွယ်ကူကြောင်းကို ဖော်ပြရခြင်းဖြစ်သည်။

ဆိုက်ကားနင်းစားသူကို စာပုံနှိပ်တိုက် စာစီသမားများ၊ အိမ်တွင်းလက်မှုပညာသည်များနှင့် လုံးဝဆန့်ကျင်သော အရောင်အဆင်း အသွေးကို တွေ့မြင်ရပေမည်။

ပန်းပဲလုပ်သူ၊ ပန်းထိမ်လုပ်သူများမှာ ႏ လက်ဖဝါးကြမ်းတမ်းသော်ငြားလည်း လောင်းရိပ်မိသော အသားအရေကို တွေ့ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



စေတနာသဒ္ဓါ ဗရုပ္ပဖြင့် - အကျိုးဆောင်ပါလျက်. .. အကျိုးမဖြစ်လာသည်နှင့်ပင် အကျိုးယုတ်သည် မဟုတ်ပါပဲလျက် အကောင်းပြောရာ တွန့်တိုကြ၏။

စေတနာသဒ္ဓါတရား ကောင်းမွန်စွာဖြင့် ပြုလုပ်သူများ၏ မေတ္တာကရုဏာ တရားတို့မှာ လမ်းညွှန်မှုလွဲမှားပြီး အသိအမြင် လိုနေသဖြင့် ကျွမ်းကျင်မှုမရှိသဖြင့် သူတို့ထောက်ပံ့ကူညီမှု အရာမရောက်ပဲ ရှိတတ်သကဲ့သို့ပင် ကောင်းသော ကြံရွယ်ချက်ဖြင့် ပြုလုပ်ပါလျက်လည်း လူသားတို့အတွက် အကျိုးရှိခဲ့သည်များကို မကြာခဏ တွေ့ရတတ်သည်။

ကျွန်ုပ်တို့၏ ဘဝသတ်တမ်းဝယ် ကျွန်ုပ်တို့ကာကွယ်ရမည့် အချက်မှာ ရှေးထောင့်စပ်စပ် အပေါက်ထဲသို့ စို့အလုံး၊ သပ်အလုံးကို ရိုက်မသွင်းရန်ပင် ဖြစ်ပေသည်။

ဤကမ္ဘာတွင် လူတိုင်းအသုံးပြုနိုင်ဖို့ရာ လူတိုင်းနေထိုင်ဖို့ရာ အရာဝတ္ထုများ ရှိ၏။ အလုပ်အကိုင်များ ရှိ၏။

နေရာထိုင်ခင်းများ ရှိ၏။ သို့တစေ. . အကြောင်းဆိုးလှသည့် အားလျော်စွာ တချို့သူများအတွက် ၎င်းအခြေအနေများကို ရရှိစိုးပိုင် ခံစားနိုင်ဖို့ရာ သူတို့၏ ဉာဏ်ပညာအရည်အချင်းနှင့် သတ္တိ၊ ဗျတ္တိများ ဖန်တီးမပေးနိုင်ကြပေ။ (ဝါ) သူတို့တွင် ဉာဏ်ပညာအရည်အချင်းနှင့် သတ္တိ ဗျတ္တိများ ရှိစေဦးတော့၊ အရာရောက်အောင် အသုံးမချတတ်ပေ။

များသောအားဖြင့် ယွင်းချက်လွဲမှားသော အကြောင်းမလှ၊ မကောင်းကြသော ပတ်ဝန်းကျင်၏ ဩဇာရိပ် လွှမ်းမိုးမှုတို့ကြောင့် တံငါနားနီးလျှင် တံငါဖြစ်၊ မုဆိုးနားနီးလျှင် မုဆိုးဖြစ်ရသကဲ့သို့ အကောင်းဆုံးသော သဘာဝသည်ပင် မဖွံ့မထွား၊ ချိုးစားမတဲ့၊ ချည်နှောင်၍ သွားရပေသည်။

လူ၏ပင်ကိုထီးထီး ကိုယ့်ချည်းရပ်တည်၍ မရပေ။ အချင်းချင်း

www.burmeseclassic.com



စာရေးဆရာ၊ ပန်းချီဆရာ၊ စက်ချုပ်သမား၊ ဈေးဆိုင်အိမ်ဆိုင်ဖွင့်၍ရောင်းသူများမှာ ယေဘုယျ*အားဖြင့် အလုအပနှင့် ကုန်ခြောက်ပစ္စည်းများ ရောင်းသူများမှာ လက်ဖဝါးနုများနှင့် လောင်းရိပ်မိသောအသားများရှိကြကုန်၏။

ငင်းနည်းနှင့် အကဲခတ်သူများ ရှုံးရလောက်အောင် လှည့်စားတတ်သော အသွေးအရောင်များကို ဒေသဥတုဟု ဆိုအပ်သော အကြောင်းများ၊ သက်မွေးမှုအလိုက် ပိုင်နိုင်စွာ အကဲခတ်နိုင်ရန် ဖော်ပြရခြင်း ဖြစ်ပါသည်။

သို့သော် လက်ခုံအရေခွံနှင့် လက်ဖဝါးကို ကြည့်ပါက ပို၍ အသက်မွေးမှု အကဲခတ်ရန် လွယ်ကူမည်။ လက်ခုံအရေခွံထူအမ်းအမ်းရှိပြီး အဝေးကကြည့်လျှင် အနက်ရောင်လွှမ်းနေပုံကို မြင်ပါက လယ်ယာကိုင်းကျွန်း လုပ်သူဟု မှတ်ထားပါ။

လက်ဖဝါးကိုကြည့်ပါက ဖြူ၍သွေးရောင်မရှိသော အရေထူကို မြင်ရပေမည်။ လက်ချောင်းများကြားတွင် အသားမာကို တွေ့ရပေမည်။

ငင်းလက်ဖဝါး အရေခွံထူလျှင် စရိုက်ကြမ်းတတ်၏။ သည်းခံစိတ်လည်းရှိ၊ အကြောက်အရွံ့နည်း၏။ ယုံလွယ်တတ်၏။ ဗလအားကိုး၍ လုပ်သူများဖြစ်၍ ဦးနှောက်ကိုအားကိုးသူများ မဟုတ်။ လက်ခုံအရေ ပါးသူများမှာ စိတ်ထိခိုက်လွယ်၏။ အတွေးသမားဖြစ်၏။ လူရှုယ သေးငွေးပါက အကြံကြီး ကြံတတ်၏။

လက်ဖဝါးသားမှာ နီ၍ လက်မအောက်ဘက်ရှိ လက်ဖဝါး (၂)ဖက်စလုံး အဥများကဲ့သို့ အနီအပြောက်များရှိပါမူ လူချမ်းသာလက်ဟု ဆိုကြသည်။

---

* ယေဘုယျ = အများအားဖြင့်ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



လက်ခုံအရေခွံ ပါး၍ လက်ဖဝါးအရေခွံ ထူသူများမှာ တစ်ပါးသူကို မယုံကြည်တတ်ကြ၊ ဘာသာကိုလည်း နှစ်နှစ်ကာကာ မလေ့လာတတ်ပေ၊ တစ်ယူသန်သူ များလှ၏၊ လက်သည်းတိုများမှာ အလုပ်အလွန်လုပ်သူဟု ယူဆကြပြန်သည်။

* * *

## ဆံပင်ကို လေ့လာမှုမှတ်ချက် (The Hair)

ဆံပင်အမွေးအမှင် အကြမ်းအနု အပျော့အမာနှင့် အသွေး အရောင်အဆင်း ပုံသဏ္ဌာန်တို့က လူ၏ ပင်ကိုသဘောထားကို ဖော်ပြပေသည်။

ထို့ကြောင့်ပင် ဆံပင်ကောက်သူများအား စိတ်ကောက်တတ်သည်ဟု ရှေးဆန်သူ လူကြီးများ ယူဆကြခြင်း ဖြစ်ပေသည်။

ပင်ကိုသဘောဝထက် အကျင့်စရိုက်ကို ဆံပင်က ပို၍ဖော်ပြခြင်း၊ ၎င်း၌ စရိုက်ဟူသည်မှာ စိတ်ဓာတ်၏ အမူအကျင့်ကို ဆိုလိုခြင်း၊ ပင်ကိုသဘာဝကား ရုပကာယတွင်တည်ရှိ၍ သန္ဓေပါဟုဆိုနိုင်သော လူ့ဉာဏ်များ၊ တိရစ္ဆာန်ဉာဏ်များ ဖြစ်ခြင်း၊ ဆံပင်များကား အလွန်သေးငယ်သော ပြွန်ချောင်းကလေးများပင် ဖြစ်ကြခြင်း။

၎င်းဆံပင်သည် ခန္ဓာကိုယ်မှ အာဟာရဓာတ်ရည်ကို စုပ်ယူကာ တည်နေခြင်း၊ ၎င်းအာဟာရဓာတ်ရည်များက ဆံပင်ကို အဖျော့ဆုံး ရွှေဝါရောင်မှ အမှောင်ဆုံး ညိုနက်ရောင်ထိ အရောင်အမျိုးမျိုး ဖြစ်စေခြင်း၊ ၎င်းဆံပင်အရောင်က လူ့ပင်ကို သဘာဝကိုယ်ခန္ဓာ ဖွဲ့စည်းတည်ဆောက်ချက်ကို ဖော်ပြခြင်း။

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပန္နာပညာရှင်များ ဆရာဝန်များ၏ အခိုင်အမာပြောဆိုချက်မှာ ဆံပင်ဟူသည် အနက်ရောင်စစ်စစ် မရှိ ဟူ၍လည်းကောင်း၊ သို့သော် အရင့်ဆုံး ညိုနက်ရောင်ကို အမြင်အားလျော်စွာ အနက်ဟု ခေါ်ဆိုကြခြင်း၊ လျှပ်စစ်ပြာရောင်က ဆံပင်ကို အနက်အသွင် ဖြစ်စေခြင်း၊ အာဟာရဓာတ်ရည်က ဖြစ်စေသော ဆံပင်အရောင် တစ်မျိုးမျိုးကို အရက်ပြန်တွင် ဖျော်ကြည့်လျှင် အရောင်ကျွတ်ထွက်သည်ကို တွေ့ရခြင်း၊ အဖျော့ဆုံး ဂုန်လျှော်ရောင် ဖြစ်လာခြင်း။

အရောင်ရင့်ဖြစ်ရသည်မှာ ကိုယ်ခန္ဓာရှိ အရောင်ဖြစ်စေတတ်သည့် ဓာတ်သဘာဝ ချို့တဲ့မှုကြောင့် ဖြစ်ရခြင်း၊ ဆံပင် ပို၍နက်မှောင်လေ ပြင်းထန်သော သဘာဝရှိလေ၊ ချစ်စိတ် မုန်းစိတ် ပြင်းထန်လေ့ရှိခြင်း။

ခွေလိပ်ဆံပင်ရှိလျှင် အသက်ဓာတ်အားကောင်းခြင်း၊ ခွေလိမ်ခြင်းမှာ တေဇောဓာတ်အပူဓာတ် သဘာဝဖြစ်သည့် ဥသ္မာလျှပ်စစ်ဓာတ်က စွဲဝင်ပျံ့နှံ့နေသောကြောင့်ဖြစ်ခြင်း၊ ဥသ္မာလျှပ်စစ်ဓာတ်က ဖျတ်လတ်မှု အသက်အားကောင်းမှုကို ဖြစ်စေခြင်း။

ဖြောင့်ဖြူးဆံပင်များကား အမှုစရိုက် တည်ကြည်ခြင်းကို ပြကြခြင်း၊ ဆံမှင်ကြမ်းများကား ခွန်အားကောင်းမှုကို ပြကြခြင်း၊ ဆံပင်နုများကား သိမ်မွေ့မှု မိန်းမဆန်မှု မိန်းမဆန်သော ထိတွေ့ခံစားချက်ရှိမှုများကို ဖော်ပြခြင်း။

အာရုံထိခိုက်လွယ်သူတိုင်း နုသောဆံပင်ရှိခြင်း၊ ထိုသူမျိုး၌ မျက်တောင်များ မျက်ခုံးများပါ အလားတူပင် နုနယ်တတ်ခြင်း၊ ဆံပင်နီများကား စိတ်ကြီးဝင်သောသဘာဝ၊ ပလွှားတတ်သောသဘာဝ၊ အာရုံခံမင်လိုက်စားတတ်သောသဘာဝကို ပြခြင်း။

သို့သော် ပါးလွှာ၍နုနယ်သော နှုတ်ခမ်းရှိသူများ၏ အာရုံလိုက်စားမှုနှင့် ခြားနားပေခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်နီများကား စိတ်ဆင်းရဲခြင်း၊ စိတ်မြန်ခြင်း။ သို့သော် ဆံပင်နက်မှောင် သူများကဲ့သို့ လက်တုံ့ပြန်တတ်သောသဘော ရန်ငြိုးဖွဲ့တတ်သောသဘော မရှိချေ။

စိတ်မြန်စေကာမူ အခဲမကျေသောသဘော၊ အမြဲစိတ်ဆိုး စိတ်ကောက်နေသောသဘောကား မယူတတ်ခြင်း၊ သူတို့ချစ်ပုံ မုန်းပုံများမှာ ထက်ထက်သန်သန် မရှိခြင်း။

ရွှေရောင်ဆံပင်များမှာကား စိတ်ပြောင်းလွယ်တတ်မှု ကိုယ်ကာယပျော့ညံ့မှုကို ပြခြင်း၊ သို့သော် စိတ်ပြောင်းလွယ်မှုမှာ ကိုယ်ကာယပျော့ညံ့မှုကြောင့်သာ ဖြစ်ရခြင်းကများ၏။

အရောင်ဖျော့သောဆံပင် ရှိသူများမှာ နက်မှောင်သောဆံပင် ရှိသူများလောက် ကိုယ်ခန္ဓာအင်အား မသန်စွမ်းနိုင်ခြင်း၊ ၎င်းသဘာဝ တိရစ္ဆာန်များတွင်လည်း တွေ့ရတတ်ခြင်း။

အမွေးဖြူသော သတ္တဝါများမှာ အမွေးအရောင်ရင့်သော အမွေးနက်သော သတ္တဝါများထက် သတိပိုခြင်း၊ အန္တရာယ်ကို ဂရုစိုက်တတ်ခြင်း၊ ကိုယ်ခန္ဓာအင်အား နည်းပါးသောကြောင့်ပင်ဖြစ်ခြင်း များသောအားဖြင့် ဆံပင်ကိုကြည့်ကာ လူတစ်ယောက်ချင်း ကျန်းမာရေး အခြေအနေကို ခန့်မှန်းနိုင်ခြင်း။

အကြောင်းမူကား ကျန်းမာနေသူတစ်ယောက်၏ ဆံပင်သည် ဆီမလိမ်းပဲနှင့် အရောင်ထွက်နေခြင်း၊ မွဲခြောက်ခြောက်မရှိ၊ ရွရွကလေး နေခြင်း၊ ဆံပင်လည်း ပိုရှည်များခြင်း၊ မကျန်းမာသူ ကျန်းမာရေး မကောင်းသူများ၏ ဆံပင်ကား ပျော့ခြင်း၊ လျော့ရိဖျော့ရဲနေခြင်း အရောင်မှိန်ခြင်း၊ မွဲခြောက်ခြောက်ရှိနေ၏။

ဦးနှောက်ကို အသုံးပြုရလွန်းအားကြီးသူတို့၏ ဆံပင်မှာ သောကများလွန်းအားကြီးသူတို့၏ ဆံပင်မှာ အတွေးကြွယ်လွန်းသူတို့၏

www.burmeseclassic.com

www.burmeseclassic.com


ဆံပင်မှာ အကျွတ်များခြင်း၊ သို့မဟုတ် ပါးသွားခြင်း၊ ဖြူဖွေးလာခြင်း၊ ထိုသို့ ဖြစ်ရသည်မှာ အာဟာရဓာတ်ရည် အရောင်ဖြစ်စေတတ်သော ဓာတ်သဘာဝများ ဆံပင်မြွန်ပေါက်အတွင်းဝယ် ကုန်ခန်းသွားကြသောကြောင့် ဖြစ်၏။

ငင်းကဲ့သို့ အာဟာရဓာတ်ရည်များ ကုန်ခန်းသွားရသည်မှာ အတွေးနက်လွန်းသောကြောင့် ဒွေးဦးနှောက်သို့ အဟုန်နှင့်သွားခြင်းအားဖြင့် ကြွက်သားများ တဆတ်ဆတ်လှုပ်ရာမှ ဖြစ်ပေါ်လာသော အပူဓာတ်သဘာဝကြောင့် ကုန်ခန်းသွားရခြင်း ဖြစ်ပေသည်။ (သို့သော် ရောဂါဝေဒနာ စာစ်ခုခုကြောင့်လည်းကောင်း၊ ကိုယ်ခန္ဓာအားနည်းမှုကြောင့်လည်းကောင်း၊ ဆံပင်ကျွတ်ခြင်းများကို မဆိုလိုခြင်း။)

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဦးခေါင်းကို လေ့လာမှုမှတ်ချက် (The Head)

ဦးခေါင်း၏ နောက်စေ့မှ နဖူးထက် ဘေးတိုက်အကျယ်အဝန်း ထိပ်အမြင့်တို့ကို ကြည့်ရ၏။

နားကိုဗဟိုပြုကာ နားမှ အနောက်ဘက်အကျယ်၊ အရှေ့ဘက် အကျယ်၊ နားမှ အပေါ်ဘက်ထိပ်အမြင့်တို့ကို လေ့လာရ၏။ ပေတံနှင့် တိုင်းတာလေ့လာရန်မလို။ မျက်စိနှင့် ကြည့်ရှုခန့်မှန်းရန်သာ ဖြစ်သည်။

နားကိုဗဟိုပြုကာ ခန့်မှန်းရာဝယ် မျက်စိအမြင်ဖြင့် ရှေ့ဘက်၊ နောက်ဘက် ဘယ်မျှရှိသည်။ ဘယ်ဘက်က ပိုကျယ်သည်။ ထိပ်မည်မျှ မြင့်သည်ကို သိနိုင်သည်သာ ဖြစ်၏။


တိရစ္ဆာန်ဉာဏ်များမှာ ဦးနှောက်၏ အောက်ခြေဖြစ်သော နောက်စေ့ဘက် နား၏နောက်ဘက်တွင် တည်ပေသည်။ လူ့ဉာဏ်ဖြစ်သော အသိဉာဏ်ဆိုင်ရာများကား နားမှအရှေ့ဘက် နဖူးပိုင်းတွင် ပါဝင်တည်ရှိ ပေသည်။

### မှုမှန်အသိဉာဏ် ဦးနှောက်နှင့် နားတည်နေပုံ

မျှတညီညွတ်သော ဦးနှောက်ရှိသည့် (ဝါ) မှုမှန်အသိဉာဏ်ရှိသည့် ဦးနှောက်နှင့် နားတို့တည်နေပုံကား ဦးခေါင်းသည် နား၏ရှေ့ဘက်တွင် ၃ပုံ ၂ပုံရှိ၍ နား၏နောက်ဘက်တွင် ၃ပုံ ၁ပုံရှိ၏။ ဤသို့တည်ရှိခြင်းဖြင့် တိရစ္ဆာန်ဉာဏ်တည်ရှိရာ အစိတ်အပိုင်းဖြစ်သော နောက်ဘက်ပိုင်းက လူ့ဉာဏ်ဖြစ်သော ဆင်ခြင်တုံတရားတည်ရာ ရှေ့ဘက်ပိုင်းကို ပြောပလောက်အောင် မလွှမ်းမိုးကြောင်း သိနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဤပုံကိုကြည့်လျှင် လူတို့တွင်ရှိရမည့် မှုမှန်နားရွက်တည်နေပုံ အနေအထားနှင့် ဦးခေါင်းအရှေ့ခြမ်း အနောက်ခြမ်းတို့ကို တွေ့ရမည် ဖြစ်သည်။ ဤသို့မှုမှန်အတိုင်း ရှိခြင်းဖြင့် တိရစ္ဆာန်ဉာဏ်များကား လူ၏ဆင်ခြင်တုံအသိဉာဏ်ကို မလွှမ်းမိုး။ လူ့အသိနှင့် လူ့ဉာဏ်ကပိုမို၍ အရာရာတွင် လူစိတ် လူအသိဖြင့် ပြုပိပြုလုပ်မည်ကို ပြ၏။

မုထုရ္မနော၊ ဥမ္မတ္တကော သဘောသွားအရ ရုံခါဖောက်၍ လာတတ်သည်များကိုမူ ကပ်၍မပြောသင့်ပေ။ အနည်းနှင့်အများ လူမှန်လျှင် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတရားများ ရှိမြဲအတိုင်း အများပြုမိသည့်အခါ ရှိရမည်သာ ဖြစ်ပေသည်။

## တိရစ္ဆာန်ဉာဏ် ဦးခေါင်းနှင့် နားတည်နေပုံ

တိရစ္ဆာန်ဉာဏ်များကား ကျိုးကြောင်းဆင်ခြင်တုံတရား လူ့အသိဉာဏ်အပေါ် လွှမ်းမိုးမှုရှိနေသော ဦးခေါင်းမျိုးကို နားရွက်တည်နေပုံ အနေအထားအရ မြင်လျှင်မြင်ချင်းပင် သိမြင်နိုင်ပေသည်။

ဤပုံ(၂)ကို ကြည့်ဦးလော့။ နားရွက်တည်နေပုံအရ နောက်စေ့ဘက်အပိုင်းသည် ပုံ(၁)ထက်များ၏။ ကျယ်သီ၏ အရှေ့ဘက် ခြမ်းလောက်နီးနီး ရှိနေ၏။ ဤအတိုင်းအတာ ပမာဏအတွက် တိရစ္ဆာန်ဉာဏ် များနေကြောင်း၊ တိရစ္ဆာန်စိတ်က လူစိတ်ကို လွှမ်းမိုးနေကြောင်း ကောင်းစွာပြနေ၏။

သို့သော် ဤအမျိုးအစားအရ လူစိတ်တစ်ဝက်၊ တိရစ္ဆာန်စိတ် တစ်ဝက်ကား မဟုတ်ချေ။ လူစိတ် ၂ဆ၊ တိရစ္ဆာန်စိတ် ၁ဆသာ ရှိ၍ တော်ပေသေးသည်။ အကယ်၍ နားသည် ဇဟိုကျကျ တည်ရှိနေ၍ ရှေ့ပိုင်းနောက်ပိုင်း မျှနေပါက လူတစ်ပိုင်း တိရစ္ဆာန်တစ်ပိုင်းဟူ၍ပင် ခေါ်ဆိုရပေတော့မည်။

www.burmeseclassic.com



သိမှတ်ဉာဏ်ရှင် ဦးခေါင်း

ဦးခေါင်းပုံသဏ္ဌာန် အနေအထားအားလျော်စွာ လူစိတ် လူ၏အသိဉာဏ် ဖြစ်ပေါ်ရပေရာ၊ အကယ်၍ ဦးခေါင်းသည် နား၏အထက်တွင် သာမန်ရှိသင့်သည်ထက် ပိုပြီးမြင့်မားစွာရှိကာ ကဒတာပုံဆန်စွာရှိမူ စိတ်ဓာတ်သည် အမြင့်သို့မှန်းလွန်းမည်၊ ကဗျာဆန်လွ းသော အတွေးအခေါ်ရှိမည်၊ စိတ်ကူးယဉ်၍ အတွေးကြီးမ ၌။

ဤ(၁)ကိုကြည့်လျှင် နား၏နောက်ဘက်တွင် ၄ပုံ ၁ပုံသာရှိ၍ အရှေ့ဘက်တွင် ၃ပုံ ၃ပုံရှိသည်ကို တွေ့ရမည်။

ဦးခေါင်း ၁မြင့်လည်း သာမန်လူများထက် အတန်မျှပိုသည်၊ ဤဦးခေါင်းမျိုးကား သိမှတ်ဉာဏ်ရှင် ဦးခေါင်းဖြစ်၏၊ စိတ်ကူးကောင်း၏၊ အကောင်အထည် ဖော်နိုင်၏၊ ကဗျာဆရာကြီးများ အားလုံးပင် ဦးထိပ်မြင့်ကြသည်၊ ဤဦးခေါင်းမှာ ကဗျာဉာဏ်၊ စိတ်ကူးဉာဏ်လည်း လွန်စွာကောင်းသည်။

ဗိသုကာနည်းပညာ မရှိကြောင်းကား ဦးခေါင်းအနေအထားကပင် အထင်အရှား ပြသနေ၏၊ လွန်စွာ သိမှတ်ဉာဏ်ကောင်းကြောင်း၊ စိတ်ကောင်းရှိကြောင်းမှာ ထင်ရှားလှ၏။

ဒိန့်တီ၊ ရှိတ်စပီးယား၊ မီလတန်၊ ရှူးဘင်းစ်၊ ဘိုင်ရွန်၊ ဝိုးအက်သ်ဖန်ဒိုက်တို့ကို နမူနာအဖြစ် ကြည့်နိုင်သည်။ ဤပုဂ္ဂိုလ်ကြီးများ မည်မျှ သိမှတ်ဉာဏ်ကောင်းကြ၍ သူတို့၏လုပ်ငန်းတွင် မည်မျှ ပြောင်မြောက်ကြောင်းကို သူတို့အကြောင်းလေ့လာလျှင် သိရမည်သာ ဖြစ်၏။

ဤပုံ(၃)ကဲ့သို့ပင် နားမှအရှေ့ဘက်ပိုင်း ကျယ်ပြန့်သော်လည်း ဦးထိပ်မမြင့် မှန်တမ်းရှိပါက "အရှည်မြင်မြော်တတ်သော ဉာဏ်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမျိုးသည် ရှေ့ရေးကို ကြိုတင်တွေးမြင်တတ်၏။ သူ၏အသိဉာဏ်နှင့် စိတ်ကူးများမှာ အမြဲပင် ဖရိုဖရဲဖြစ်နေတတ်သော အနာဂတ်အတွက် တင်ကြိုစီမံကိန်း ချတတ်သည်။

နဖူးအတန်းအစား

ဤကဏ္ဍတွင် အဓိကမှာ နဖူးပင်ဖြစ်၏။ ထို့ကြောင့် နဖူးကို ဖွင့်ဆိုရမည်ဖြစ်၏။ နဖူး၌ အတန်းအစား (၃)ရပ်ခွဲခြားထား၏။ ထို(၃)ရပ်မှာ အောက်ပါအတိုင်းဖြစ်၏။

၁။ အမြင်မျက်မှန်း ကောင်းခြင်း၊

၂။ ဆင်ခြင်အောက်မေ့ဉာဏ်၊ ပြန်လည်စဉ်းစားဉာဏ် ကောင်းခြင်း၊

၃။ နှိုင်းယှဉ်ဉာဏ်၊

ဤ(၃)ရပ်တွင် အမြင်မျက်မှန်းကောင်းသော နဖူးမျိုးကား မျက်စိအမြင် သန့်ရှင်းမှုမက စိတ်အမြင်ပါ သန့်တတ်ပေသည်။ ဆင်ခြင်အောက်မေ့ဉာဏ်၊ ပြန်လည်စဉ်းစားဉာဏ် ကောင်းသော နဖူးမျိုးကား ကျိုးကြောင်းဆင်ခြင်ရေးတွင် လွန်စွာအရာရောက်လှသည်။

နှိုင်းယှဉ်ဉာဏ်နဖူးမျိုးကား အမှားဖမ်းတတ်၊ ရှာတတ်သည်၊ အပြစ်ကိုမြင်တတ်သည်၊ ပိုင်းခြားဝေဖန်တတ်သည်၊ ဆုံးဖြတ်ချက် ချတတ်သည်။

နဖူးအောက်ပိုင်း အမြင်ဉာဏ်တည်ရှိရာ မျက်ခုံးနှစ်ခုအပေါ်က နောက်သည်ဆိုပါက သိမြင်တတ် မှတ်သားတတ်သည်၊ ပါးရှည် နပ်ရှည် လိမ္မာရှည် နှုသည်၊ အကြည့်အမြင် စူးစိုက်ဖျတ်လတ်သည်၊ များသောအားဖြင့် ထိုလူမျိုးတွင် မျက်ခုံးများဖြောင့်၍ မျက်လုံးနှင့် ခြားနားမှုရှိပြီး မျက်လုံးအတွင်း နက်နက်တည်မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ပေါင်းသင်းဆက်ဆံကာ တစ်ဦး၏မိတ်သည် အခြားတစ်ယောက်၏ အပေါင်းအသင်း ဖြစ်ရမည်ဖြစ်ရာ အိမ်နီးချင်းများ (ဝါ) အပေါင်းအသင်း များ၏ အပြစ်အနာများကို တွေးတတ်မြင်တတ်သကဲ့သို့ ကိုယ်တိုင် တွင်လည်း ထိုသို့သော အပြစ်အနာများ မရှိရအောင် မတွေ့ရအောင် ပြုပြင်တတ်ကြရပေသည်။ ကမ္ဘာတွင်ရှိရှိသမျှ သက်ရှိသက်မဲ့ အရာတိုင်းမှာ လူတို့အဖို့ စိတ်ဝင်စားစရာများပင်ဖြစ်၏။

လူ၌လည်း လူ့အဖို့ စိတ်ဝင်စားဖွယ်ဖြစ်၏။ အများနှင့် ပေါင်းသင်းဆက်ဆံခြင်းဖြင့်လည်း မိမိအဖို့ စာရိတ္တကြံ့ခိုင်ရေးဝယ် အထောက်အကူ များစွာရနိုင်ပေသည်။

သူတစ်ပါးကိုလည်း ကူညီနိုင်၍ မိမိအဖို့လည်း တိုးတက်မှု ရနိုင်လေသည်။ ကျွန်ုပ်တို့ တစ်ယောက်ကိုတစ်ယောက် အမှတ်မထင် အကဲခတ် အကဲဖြတ်တတ်ခြင်းမှာ မျက်နှာပြင်ကြောင့်ပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် အမှားမှား အယွင်းယွင်း အကဲခတ် ဆုံးဖြတ်မိခြင်းမှာ မျက်နှာပြင်ကြောင့်လည်းမဟုတ်၊ အင်္ဂါရုပ်သင်္ကေတ ဝိဇ္ဇာမှ သိပ္ပံပညာကြောင့်လည်း မဟုတ်ပေ။ ကျွန်ုပ်တို့ကိုယ်တိုင်ကြောင့် ဖြစ်ပါသည်။

လူတို့တိုင် ကိုယ်တိုင်ခံစားမှုများနှင့် အလုအပ နှစ်သက်မှု များကြောင့် လူတစ်ယောက်အဖို့ အမှန် ချီးမွမ်းဖွယ်ရာနှင့် စပ်လျဉ်း၍ အရွဲ့ဖြတ်ရာတွင် မကြာခဏ အကန်းသဖွယ် ဖြစ်ကြရသည်။

၎င်းထက်ပို၍ပင် မိမိယုံကြည်ချက်မှာ မှန်ကန်မှု ရှိရ၏။ မမှန်မကန် မရှိစေရဟူ၍ သဘောမထားကြပေ။

တည်မြဲသည့် ပုံပန်းသင်္ကေတ ဗေဒစာ် ချက်များ မျက်နှာပြင်နှင့် ဦးခေါင်းတွင်ရှိပေရာ ၎င်း၏အဓိပ္ပါယ်ကို မေ့မထားသင့်ပေ။ အကြောင်းမှာ လူတစ်ဦးတစ်ယောက်တွင် ၎င်းသင်္ကေတအမှတ် ဥပဒေပညာ်ချက်များ

www.burmeseclassic.com

www.burmeseclassic.com



နဖူးအလယ်ပိုင်းကား ဆုံးဖြတ်ဉာဏ် မှတ်ဉာဏ်နှင့် နှိုင်းယှဉ်ဉာဏ် တည်ရာဖြစ်၏။ နဖူး၏ အပေါ်ဆုံးအပိုင်းကား ကျိုးကြောင်းဆင်ခြင်ဉာဏ် တည်ရာဖြစ်၏။ ကျိုးကြောင်းချိန်ဆခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဝယ် ထူးချွန်မည် မထူးချွန်မည်ကို ၎င်းအပေါ်ပိုင်းက ဖော်ပြသည်။

ကြည့်ကြစို့။ နဖူးသည် မည်သည့်နေရာက ကျယ်သနည်း၊ မောက်သနည်း၊ အောက်ပိုင်းကလော၊ အလယ်ပိုင်းကလော၊ အပေါ်ဆုံးက ထိပ်ဆုံးဘက်ကလော၊ ရှေ့တည့်တည့်မှကြည့်ရှု၍ ရုတ်ခြည်းမသိနိုင်၊ ဘေးဘက်မှကြည့်လျှင် ချက်ချင်းသိသာ၏။

## မြင်သိဉာဏ်နဖူး

နဖူးအောက်ပိုင်း မျက်ခုံးနှစ်ခု အထက်နားအပိုင်းသည် ကျယ်သည့် မောက်သည်ဆိုပါက မြင်တတ်၊ သိတတ်၊ မှတ်သားတတ်သော ပါးရည်နပ်ရည်လိမ္မာရည်ရှိသော နဖူးပင်ဖြစ်၏။

ပုံ(၄)က ထိုနဖူးကို ဖော်ပြသည်။ အကြည့်အမြင်ပါ စူးစိုက်ဖျတ်လတ်သည်။ သို့သော် ဤပုံ(၄)တွင်ပင်ကြည့်ပါက သိမှတ်ဉာဏ်ပိုင်းကောင်းသလောက် နဖူးသည် အပေါ်ဘက်သို့ လျှောလျှောတက်သွားသည်ကို တွေ့ရမည်ဖြစ်ရာ၊ ထိုအချက်က သိမှတ်ဉာဏ်ကောင်းသလောက် ပြန်လည်စဉ်းစားဉာဏ်နှင့် အတွေးအခေါ် ညံ့ဖျင်းကြောင်းကို ဖော်ပြနေပေသည်။

ဤသို့သော နဖူးရှင်မျိုးကား သူ၏သိမှတ်ဉာဏ်ညီ ပါးရည်နပ်ရည် ရှိပင်ရှိငြားသော်လည်း စိတ်အားထက်သန်နေဆဲ အခိုက်အတန့်တွင်သာ မှုန်မှုန်မှိုင်းမှိုင်း အများအားဖြင့် လုပ်ကိုင်တတ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ ရှုးရှုးဒိုင်းဒိုင်း လုပ်ဆောင်ချက်များမှာ ချွတ်ယွင်းချက်မရှိ မှန်ကန်မည်ဖြစ်ကြောင်း သံသယဖြစ်ဖွယ်မရှိ။

သို့သော် ကျိုးကြောင်းဆင်ခြင်ဉာဏ် အတွေးဉာဏ်မရှိသဖြင့် သူ၏လုပ်ဆောင်ချက်နှင့် ပတ်သက်၍ ဘာကြောင့် ဤသို့ပြုလုပ်ရသည်ကို ရှင်းလင်းနိုင်စွမ်း မရှိတော့ပေ။

**ခြေးစားဉာဏ်နဖူး**

အပေါ်ပိုင်းမှမောက်၍ အောက်ပိုင်းတွင် ခပ်လျောလျောနေသော နဖူးကား အထက်ပါ သိမြင်ဉာဏ်နဖူးမျိုးနှင့် ဆန့်ကျင်ဘက်ဖြစ်လေသည်။

ဤပုံ(၅)တွင်ပါသော နဖူးရှင်မျိုးကား ကိုယ့်စိတ်ကူးမှလွဲလျှင် ဘာတစ်ခုမျှ မသိမမြင်တတ်သူမျိုးဖြစ်သည်။

သူတို့သည် သူတို့၏စိတ်ကူးများကို တကယ့်ဖြစ်ရပ်များ ဖြစ်သည်ဟု သဘောကျနှစ်ခြိုက်နေတတ်ကြကာ၊ ကိုယ့်စိတ်ကူးနှင့်ကိုယ် ရှုးနေတတ်ကြလေသည်။ (ဝါ) စိတ်ကူးအယဉ်ကြီး ယဉ်နေတတ်ကြလေသည်။

ဤသဘာဝမျိုးမှာ ထုံးစံအတိုင်းပင် ဟောဟောဒိုင်းဒိုင်း ဆုံးဖြတ်တတ်ကြလေသည်။ တစ်ဝက်မျှသာသိမြင်၍ ကျန်တစ်ဝက်ကိုမူ စိတ်ကူးယဉ် အပိုင်းတွင်သာ ထားတတ်ကြလေသည်။ မကြာခဏ ဆိုသလိုပင် အမှားများကို စိတ်ကူးပြီး ဘာတစ်ခုမျှ အရာမထင် ဖြစ်တတ်ကြလေသည်။

နဖူးမောက်မောက်ကြီး၊ ရှိသူတစ်ယောက်ကား အခါများစွာပင် စိတ်ညစ်ကာ၊ စိတ်မချမ်းမသာဖြစ်ကာ၊ မျှော်မှန်းမှုကင်းမဲ့ကာ ထုံးလုံး စိတ်ဓာတ်ကျဆင်းသွားတတ်လေသည်။ များသောအားဖြင့် တွေ့ရသည်သာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖို့ လမ်းခုလတ်တွင် တောင်ကြီးများ၊ သမုဒ္ဒရာကြီးများ ကာဆီးနေသကဲ့သို့ ဖြစ်ရတတ်လေသည်။

နဖူးအပေါ်ပိုင်း ကျယ်မောက်လွန်းက အတွေးဉာဏ်၊ ပြန်လည်စဉ်းစားဉာဏ် လွန်စွာကောင်းလေသည်။ သို့သော် အနက်အဓိပ္ပာယ် မရှင်းတတ်၊ သိပ္ပံနည်းကျကျ အသိမရှိ လက်တွေ့ထက် စိတ်ကူးကပိုသည်။

နဖူးမောက်သူတိုင်းပင် မျက်လုံးပြူးယောင်၊ စူးရှယောင်ရှိကာ သူတို့၏စိတ်ကူးများကို ပြောပြရာတွင် အလွန့်အလွန် ထိထိမိမိ အပြောကောင်းကြသည်ကို တွေ့ရတတ်ပေသည်။ စိတ်ကူးယဉ် သမားများကား များသောအားဖြင့် စိတ်ထိခိုက်လွယ်လှပေသည်။

မြင်သိဉာဏ် စဉ်းစားဝေဖန်ဉာဏ် နဖူး

တစ်ခုသောနဖူးသည် အကယ်၍ မျက်ခုံးအထက်မှ ဆံစပ်အထိ အမို့အမောက်မျှ၏။ အောက်ပိုင်းရော အလယ်ပိုင်းရော အထက်ပိုင်းပါ မို့မောက်သည်။ ကြည့်၍မကောင်းအောင် မောက်ခြင်းမဟုတ်။ ထိုသို့သော နဖူးများတွင် မြင်သိဉာဏ်လည်းရှိ၏၊ ပြန်လည်စဉ်းစားဝေဖန်ဉာဏ်လည်း ရှိ၏၊ မှတ်ဉာဏ်လည်းရှိ၏။

ပုံ(၆)တွင် မြင်သိဉာဏ် စဉ်းစားဝေဖန်ဉာဏ်နှင့် ပြည့်စုံသူ၏ နဖူးကို ဖော်ပြထား၏။ လက်တွေ့အသိအမြင် စွယ်စုံသော နဖူး[illegible] ဤနဖူးမို[illegible]ပင်ဖြစ်သည်။

ဤနဖူးရှင်မျိုးကား မြင်သိတတ်သောဉာဏ်[illegible] ကြည့်[illegible] ထိုကြည့်၍မြင်သမျှကို ဖြန်လည်စဉ်းစားဉာဏ်ဖြင့် [illegible]ခြင်စဉ်း[illegible]၏ ထို့နောက် မှတ်ဉာဏ်ဖြင့်မှတ်၏ ထို့နောက် ဝေဖန်ဉာဏ်ဖြင့် ချိန်ဆကြည့်၏၊ အကြောင်းရှာ၏၊ အခြေအမြစ် [illegible]ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖို့ ဆုံးဖြတ်ချက်ချဖို့ရာ အခြေခံဖြစ်စေနိုင်မည့် အကြောင်းအချက် ဟူသမျှကို စိစစ်ကြည့်၏၊ ယထာဘူတ ကျနိုင်သမျှကျအောင် ရှုမြင်တတ်သော နဖူးမျိုးပင်ဖြစ်သည်။

အကြွင်နဖူးသည် လေးထောင့်စပ်စပ်ဖြစ်၏။ အမို့အမောက်မျှ၏၊ ထိုသို့သောနဖူးကား၊ မြင်သိဉာဏ် မှတ်ဉာဏ် စဉ်းစားဉာဏ် ဝေဖန်ဉာဏ် အဘက်ဘက်ပြည့်စုံသော နဖူးပင်ဖြစ်သည်။

လူ့လောကအဖို့ လိုအပ်သော နဖူးမျိုးပင်ဖြစ်သည်။

ကျယ်၍ထောင့်ကျသောနဖူးကား ကျယ်မှန်းသိသာ မြင်သာ၏။

ကျဉ်းသောနဖူးသည်လည်း အချိုးကျမင် ကျဉ်းခြင်းဖြစ်သည်က များ၏။

နားမှ အရှေ့ဘက်နားသယ် အပါအဝင် နဖူးပိုင်းကျယ်၏၊ ပြန့်၏ဆိုပါက အသိအမြင်နှင့် စွမ်းရည်ဟူသမျှ ပို၍ကြီးကျယ်သည်သာ ဖြစ်သည်။

ဤသို့ . . ဤသို့ လူ့သဘာဝများကို ဘာကြောင့်ဖော်ထုတ်နိုင်သနည်းဟု မေးလာပါက မည်သို့ဖြေမည်နည်း။

မြင်းဇောင်းတစ်ခုထည်းတွင် မြင်းနှစ်ကောင် အတူရှိရာ မြင်ရုံမျှဖြင့် အဘယ်မြင်းသည် ပြိုင်မြင်းဖြစ်၍ အဘယ်မြင်းမှာ လှည်းဆွဲမြင်းဖြစ်ကြောင်း သိနိုင်သကဲ့သို့ပင် လူနှစ်ယောက်အနက် အဘယ်သူသည် ဘယ်သဘာဝမျိုးရှိ၍ အဘယ်သူက ဘယ်သဘာဝမျိုး ရှိသည်ကို သိနိုင်သည်သာဖြစ်သည်။

ဘာကြောင့်သိသနည်း၊ ဘာကိုကြည့်၍သိသနည်း ဟူငြားအံ့၊ မြင်းတို့ကို ပုံပန်းသဏ္ဍာန်ကိုကြည့်၍ သိသကဲ့သို့ လူတို့ကိုလည်း ပုံပန်းသဏ္ဍာန်ကိုပင်ကြည့်၍ သိသတည်း။



www.burmeseclassic.com

www.burmeseclassic.com



စရိုက်နှင့်အသိဉာဏ်

လူတို့ပြောဆိုပြုမူသမျှ အရာတိုင်းမှာပင် လူ့စရိုက်များ ပါရှိနေကြ၏။

၎င်းစရိုက်အရ ရိုင်းသည်၊ ယဉ်သည်၊ ကြမ်းသည်၊ နုသည်၊ ဆိုးသည်၊ ကောင်းသည်၊ လိမ္မာသည် စသည်ဖြင့် အသိအမှတ်ပြုကြ၏။

လူတစ်ယောက် ဘာကိုပင်လုပ်လုပ် သူ့သဘာဝ စရိုက်များကို မြင်ရသည်ပင်ဖြစ်သည်။ ရှေ့ပိုင်းတွင် စာရေးရာ သီချင်းဆိုရာကအစ စရိုက်များကို တွေ့မြင်နိုင်ကြောင်း ဖော်ပြခဲ့သည် မဟုတ်လော။

ထိုစရိုက်သဘာဝဟူသည် အသိဉာဏ်နှင့် မဆိုင်ပေ။ စရိုက် သဘာဝဟူသည် ကိုယ်ကာယဆိုင်ရာနှင့် ပတ်သက်၏။ စရိုက်ဟူသည် ကိုယ်၏အပြုအမူ တစ်ရပ်ပင်ဖြစ်သည်။

အသိဉာဏ်ကား စိတ်ဓာတ်နှင့် ပတ်သက်၏။ စိတ်၏သဘာဝ တစ်ရပ်ပင်ဖြစ်၏။

စရိုက်သဘာဝတည်းဟူသော ဟန်အမူရာသည် ရုပ် (ဝါ) ရူပက္ခန္ဓာပေါ်တွင် အဓိကအားဖြင့်တည်၍ အသိဉာဏ်သည် စိတ် (ဝါ) ဝိညာဏက္ခန္ဓာပေါ်တွင် အဓိကအားဖြင့်တည်သည်ဟု ဆိုလိုကဆိုနိုင်သည်။

အသိဉာဏ် သို့မဟုတ် စိတ်သည် နားလည်မှု၏ စွမ်းအင်သာ ဖြစ်သည်။ စရိုက်သဘာဝသည် အရာရာတိုင်းမှာတည်၏။

ခြေမြင့်ဆုံး လူသားမှ အနိမ့်ဆုံး တိရစ္ဆာန်ထိ စရိုက်သည်ရှိ၏။ စရိုက်ကို အပြင်ပန်းလက္ခဏာများဖြင့် ခန့်မှန်းရ၏။

ခွန်အားကို ကြွက်သားစိုင် ထွားကျိုင်းတောင့်တင်းမှုဖြင့် ခန့်မှန်းရ၏။ တက်ကြွလုပ်ရှားမှု ဖျတ်လတ်မှုကို ခြေတံ၊ လက်တံ အရှည်အသွယ် အတုတ်ကိုကြည့်၍ ခန့်မှန်းရ၏။

www.burmeseclassic.com

www.burmeseclassic.com


အာသာဝမ်းဝမ်းရှိမှုကို မေးရိုးငေါ်ခြင်းဖြင့်လည်းကောင်း စိတ်ဓာတ်အင်အားကို မေးရိုးအရှည်ဖြင့် ခန့်မှန်းရ၏။

အားနည်းခြင်း၊ အားငယ်ခြင်းနှင့် ကြောက်ရွံ့တတ်ခြင်းကို နောက်ပြန်လျှောနဖူးမျိုးဖြင့် သိနိုင်၏။ လျှောသောမေးစေ့ဖြင့် သိနိုင်၏။

ငြိမ်ဆိတ်မှု၊ သိမ်မွေ့မှုကို ယေဘုယျအားဖြင့် ဝရှိလုံးဖြိုးသော အချိုးအစားရှိသူများ၌ တွေ့ရတတ်၏။

အပေါင်းအသင်း မိတ်သင်္ဂဟ ရွေးချယ်ရာတွင်မူ ၎င်းတို့၏ ကိုယ်ကာယ အချိုးအစားမျှကိုသာ အရေအတွက်မသွင်းပဲ စိတ်ဓာတ်ကိုပါ အကဲခတ်ရမည် ဖြစ်ပေသည်။

လူသားများကား တိရစ္ဆာန် ဟူသမျှထက် ဦးနှောက်ပွားမှု အဆင့်အတန်းမြင့်၏။ ထို့ကြောင့်ပင် တိရစ္ဆာန်များအပေါ် လွှမ်းမိုးနိုင်ကာ တိရစ္ဆာန်များကို နိုင်နင်းသည့်စွမ်းအင် ရှိခြင်းဖြစ်၏။

ဦးနှောက်ကို တိုင်းတာရာတွင် ဦးခွံတည်ရှိပုံ ပုံပန်းသဏ္ဍာန်ဖြင့် တိုင်းတာရ၏။ သင်္ချာဇယား ပေတံများဖြင့် မတိုင်းတာရ။

အရွယ်က စွမ်းအင်ကို ဖွင့်ဆို၏၊ ဦးနှောက်ကို အရွယ်ပမာဏ တည်နေပုံများအရ ရှုကြည့်ရ၏။ မြုံ၍တိုင်းထွာမကြည့်သင့်၊ ဦးခွံရိုးထုသည် အထူအပါး သဘောကိုပါ ထည့်တွက်သင့်၏။

ဦးခွံပတ်လည်ကို ပေကြိုးဖြင့်တိုင်းပြီး၊ အသိဉာဏ် အဆင့်အတန်း မည်မျှရှိသည် စသည်ဖြင့် ဆုံးဖြတ်ပြောဆိုချက်များမှာ လိမ်ညာဖြန်းထန်းမှုများသာ ဖြစ်ပေသည်။

နောက်စေ့ပိုင်း ဦးနှောက်၏အခြေတွင် တိရစ္ဆာန်ဉာဏ်ဗွေး တည်ရှိ၏။

ကြီးမားသောဦးခေါင်းကို မြုံ၍ဆုံးဖြတ်ရာတွင် အသိဉာဏ်ထက် တိရစ္ဆာန်ဉာဏ်က ပိုသည်ဟု များသောအားဖြင့် မဆိုလိုပေ။

www.burmeseclassic.com

www.burmeseclassic.com



အသိဉာဏ်ရည်ဆိုင်ရာများမှာ နားနှအရှေ့ဘက်ပိုင်းတွင် နေရာအများယူ။ ထို့ကြောင့် နားကို အချက်အချာပြု၍ စိတ်ဓာတ် ဉာဏ်ရည်နှင့် ပတ်သက်ပြီး ခန့်မှန်းရ၏။

တိရစ္ဆာန်ဉာဏ်များမှာ အချိုးအစားအရ အသိဉာဏ်ထက် ပို၍ပြင်းထန်၏။ အသိဉာဏ် ၃ပုံ ၂ပုံသည် တိရစ္ဆာန်ဉာဏ် ၃ပုံ ၁ပုံနှင့် ညီမျှ၏။

ထို့ကြောင့် နားသည် မှန်တမ်းအားဖြင့် ဦးခေါင်း၏ဘေးတိုက် အတိုင်းအတာ၏ရှေ့ဘက်မှ ၃ပုံ ၂ပုံ၊ နောက်စွန်ဘက်မှ ၃ပုံ ၁ပုံနေရာတွင် တည်ရမည်ဖြစ်၏။ သို့မှသာ ဉာဏ်ချင်းမျှကာ တိရစ္ဆာန်ဉာဏ်က မလွန်ကဲနိုင်မည်ဖြစ်၏။

နားတွင်းဝမှ မျက်စိ၏ နားတစ်ဖက်အထိ အကျယ်ပမာဏ များလေ၊ အသိဉာဏ် များလေဟု ဆိုရ၏။ လူ့ကျင့်ဝတ်ဆိုင်ရာ စာရိတ္တများကား ဦးထိပ်တွင်တည်၏။

စိတ်ဓာတ်သဘာဝနှင့် ကမ္ဘာဉာဏ် အရည်အချင်းတို့ကား နားတွင်းအဝမှ ဦးခေါင်းထိပ်ဖျားထိ အမြင့်ပမာဏအရ တည်ရှိ၏။

အားလုံးသော ဦးခေါင်းနှင့်မျက်နှာများကို မိမိနှင့်နီးစပ်သမျှ ဆုံစည်းမိသမျှ မလျှော့သောစိတ်ဖြင့် နှိုင်းယှဉ်လေ့လာပါက ပညာကို တတ်မြောက်မည်သာ ဖြစ်၏။

လူ့စရိုက်နှင့် ပတ်သက်၍ ခွဲခြမ်းကြည့်လျှင် စိတ်ကြမ်းနှင့် စိတ်နု (ဝါ) စိတ်ရိုင်းနှင့် စိတ်ယဉ် (ဝါ) စိတ်မိုက်နှင့် စိတ်လိမ္မာဟူ၍ သဘာဝနှစ်မျိုး တွေ့ရမည်ဖြစ်၏။

ဤတွင် စိတ်ကြမ်း၊ စိတ်ရိုင်း၊ စိတ်မိုက်များမှာ အရင်းသဖြင့် လွန်ကဲတတ်၍ စိတ်နု၊ စိတ်ယဉ်၊ စိတ်လိမ္မာတို့မှာ အားနည်းအားဖြင့် ငုပ်နေတတ်ကြောင်း သတိပြုသင့်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတစ်ခုလုံး ခြုံလိုက်လျှင် လူ့နှင့်ပတ်သက်၍ မျက်စိ၊ နှာခေါင်း၊ ပါးစပ်လုရှ် အပိုင်း(၃)ရပ်ကို တွေ့ရမည်ဖြစ်၏။

မျက်လုံးသည် ဦးနှောက်၏အောက်တွင် တိုက်ရိုက်ဆက်စပ်တည်ရှိ၏။ အသိဉာဏ်ဆိုင်ရာ အတွေးအခေါ် ဖြစ်ပေါ်မှုများ၏ အသွင်လက္ခဏာကိုဆောင်၏။

နှာခေါင်းကား အရိုးမာ၊ အရိုးနုဖြင့် ပုံသဏ္ဌာန်ဖြစ်ပေါ်၏။ သူ၏ အရှယ်အမြင့် ထင်ရှားမှုအားလျော်စွာ ထိထိရောက်ရောက် လုပ်ဆောင်နိုင်စွမ်းကို ဖြစ်စေ၏။ နှာရိုးပိုမြင့်၍ ပိုပြီးထင်ရှားလျှင် ပို၍ထိရောက်သော စွမ်းအင်ရှိ၏။

ပါးစပ်ကိုဆိုသော် သွေး၊ အသားမျှင်၊ အသိအာရုံကြော၊ ကြွက်သားစိုင်တို့ဖြင့် တည်ဆောက်ထားရာ အချစ် ဒေါသ သနားကြင်နာမှု အာရုံခံစားမှုတို့ကို ၎င်းပါးစပ်က ဖွင့်ဆို၏။

ဤသို့အားဖြင့် နဖူးနှင့်မျက်လုံးများသည် အသိဉာဏ်နှင့်ဆိုင်၏။ နှာခေါင်းနှင့်ပါးရိုးများသည် ထိရောက်စွာ လုပ်ဆောင်စွမ်းနှင့်ဆိုင်၏။

ပါးစပ်နှင့်မေးစေ့သည် ကိုယ်ရေးကိုယ်တာနှင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန သဘာဝများနှင့်ဆိုင်၏။

ဤအချက်များကို ထိုအစိတ်အပိုင်းများ၏ ပွားစီးတည်နေပုံ ထင်ရှားမှု မထင်ရှားမှု စသော အခြေအနေ အဆင့်အတန်းများအရ သိရှိနိုင်ပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဆိတ်မျက်နှာရှင် သိမှတ်လေ့လာချက်

**ဆာဟူးဘတ်ဝယ်ကင်း**

၁၉၅၉ခု၊ မတ်လ(၁၇)၊ အင်္ဂါနေ့တွင် မြောက်ဝင်ရိုးတည့်တည့်ရှိ ရေခဲပြင်ပေါ်သို့ (စကိတ်)အမည်ရှိ အမေရိကန် ရေငုပ်သင်္ဘော ပေါ်ထွက်လာခြင်းမှာ ဒုတိယအကြိမ်ဟု ခေါ်ဆိုရပေမည်။

တစ်နည်းဆိုသော် ဆာဟူးဘတ်ဝယ်ကင်းသည် ရေငုပ်သင်္ဘော ဖြင့် ဤနေရာကို ပထမရောက်ခဲ့ကြောင်း သက်သေထူခြင်းဟုလည်း ဆိုနိုင်သည်။

မြောက်ဝင်ရိုးစွန်းသို့ ပထမဦးစွာ ရေငုပ်သင်္ဘောဖြင့်တစ်ကြိမ်၊ လေယာဉ်ပျံဖြင့်တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် ရောက်ခဲ့၏။ ဝယ်ကင်းသည် အသက် ၆၉နှစ်တွင် အနားယူခဲ့လေသည်။

ရေခဲပြင်ဖြင့် ပြည့်နှက်ရှုပ်ထွေးသော အန္တာတိတ်သမုဒ္ဒရာမြေပုံကို ဤကားကျောက်ဆောင် ဤကားရေပြင် စသည်ဖြင့် အတိအကျ အမှန်ကန်ဆုံး မြေပုံဖြင့် ဖော်ပြစွမ်းနိုင်သူမှာ ဝယ်ကင်းမှလွဲ၍ အခြားလူ မဖြစ်နိုင်ဟု နိုင်ငံပေါင်းစုဖွဲ့စည်းထားသော ပထဝီဂန္ထဝင်အသင်းကြီးမှ ကြေငြာခဲ့လေသည်။

၁၉၃၁ခုတွင် ဝယ်ကင်းသည် အမေရိကန်အစိုးရထံမှ ဖျက်ဆီးရန်ထားသော ရေငုပ်သင်္ဘော(နော့တီလပ်)ကို တစ်ဒေါ်လာ ပေး၍ဝယ်ခဲ့လေ၏။ အသုံးချပြီးပါက မြှုပ်ပစ်ရန်ကိုလည်း အစိုးရက ညွှန်ကြားလိုက်၏။

ရေငုပ်သင်္ဘောပျက်ကို ပြင်ဆင်ပြီး သင်္ဘောသားသုံးယောက်အား ချော့မော့၍ သူနှင့်တစ်ပါတည်း ခေါ်သွားလေ၏။ ဤကဲ့သို့ တိတ်တဆိတ် ဥပဒေကိုကျူးလွန်၍ သွားခဲ့ကြောင်း လျှို့ဝှက်ထား၏။

www.burmeseclassic.com

www.burmeseclassic.com




ဆိတ်မျက်နှာရှင်

www.burmeseclassic.com

www.burmeseclassic.com



အသေးအဖွဲမျှအနေဖြင့်ဖြစ်စေ ရှိနေပါက၊ ၎င်းသင်္ကေတ ပညတ်များကို အခြားအပြင်ပန်း အင်္ဂါရုပ်မှုရာ တစ်ခုခုဖြင့် ပြုပြင်ဖုံးကွယ်ထားစေကာမူ ထိုတည်မြဲသည့် အသေးအဖွဲသင်္ကေတ ပညတ်ချက် ခုမဒေသကုပြသော စာရိတ္တသဘာဝမှာ မှန်ကန်သည်သာဖြစ်ရာ မလျော့ကန်သော လွှမ်းမိုးမှု ရှိနေချိန်မှတစ်ပါး၊ ၎င်း၏ သဘာဝက ဖော်ပြမည်သာ ဖြစ်ပါသည်။

စိတ်သဘောထားနှင့် စာရိတ္တတို့ကို ဖော်ပြရာ၌ မျက်နှာပြင်ရှိ အခိုင်အမာပုံသွင်း သင်္ကေတများကို ယူရမည်။

၎င်းသင်္ကေတများက ဖွင့်ဆိုထားသော သဘောထားများ၊ အထုံဝါသနာများကို အခြားသင်္ကေတများနှင့် ချိန်ဆရမည်။ သင်္ကေတ အထွေထွေ အစားစားတို့ကို နှိုင်းယှဉ်လျက် ချိန်ဆလျက် လေ့လာပါက၊ စိတ်ဓာတ်၊ ဉာဏ်ပညာအရည်အချင်းနှင့် ကာယဆိုင်ရာ သဘောသဘာဝ တို့ကို အမှန်အတိုင်း ခန့်မှန်းပိုင်းခြား ဖွင့်ဆိုနိုင်မည် ဖြစ်ပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ၂၇နှစ်မျှ ကြာသောကာလ ထိုစဉ်က သူသွား၍ ရှာခဲ့သော ဗဟုသုတများမှာ ၁၉၅၉ခုနှစ်တွင် (စက်ိတ်)ရေငုပ်သင်္ဘော ရေအောက်မှ မြောက်ဝင်ရိုးစွန်းသို့အရောက်တွင်. . .

'ဆရာကြီး ဝယ်ကင်းခင်ဗျား၊ 'ဆရာကြီး၏ ကြုံတွေ့ခဲ့ရသော ဗဟုသုတအခြေခံကို မှီတည်ပြီး ကျွန်တော်စွန့်စားခဲ့ရာ၊ ယခု မြောက်ဝင်ရိုးစွန်း တည့်တည့်မှနေ၍ ဆရာကြီးအား ဂုဏ်ပြုလိုက်ပါသည်' ဟု ရေဒီယိုမှ ကြေငြာလိုက်ရာ ဆရာဝယ်ကင်းမှာ တစ်ဖန်. . .

'မှားနေပါသည် ခင်ဗျား၊ ယခုပို့လိုက်သော ရေဒီယိုမှသတင်းမှာ စတက်ဖန်စန်ဆိုသူ ခင်ဗျားအတွက်ပါ' ဟု ပြန်ကြားလိုက်လေသည်။

၁၉၁၃ခုနှစ်က ကနေဒါနိုင်ငံမှ မြောက်ဝင်ရိုးစွန်းကို သွားရောက်ရှာဖွေရေးအဖွဲ့တွင် လာရောက်၍ အလုပ်လျှောက်ခဲ့၏။

ဂေါင်မောင်ရုပ်ရှင်ကုမ္ပဏီမှ ဝယ်ကင်းသည် အလွန်ဓာတ်ပုံ အရိုက်တော်သော ဓာတ်ပုံဆရာတစ်ယောက် ဖြစ်ပါ၍ အလုပ်ပေးပါရန် ထောက်ခံစာကို တစ်ပါတည်း ယူဆောင်လာခဲ့သည်။

ဝယ်ကင်းသည် လေယာဉ်ပျံအတောင်စွန်းတွင်မှောက်၍ ဓာတ်ပုံရိုက်ခြင်း၊ မီးပုံးပျံစီး၍ ဓာတ်ပုံရိုက်ခြင်း၊ သွားလျက်ရှိသော မီးရထား၊ မော်တော်ဆိုင်ကယ်များမှ ဓာတ်ပုံရိုက်ခြင်းအပြင်၊ ပထမ (ဘောကင်)စစ်မြေပြင်တွင် (ကီနီ)ခေါ် အငယ်စားရုပ်ရှင်စက်ဖြင့် အောင်မြင်စွာ ရုပ်ရှင်ရိုက်ကူးခဲ့သေးသည်။

ဤအကြောင်းအရာများကို ကျွန်ုပ်အဖွဲ့က မသိခဲ့ပါ။

ကျွန်ုပ်တို့အဖွဲ့နှင့် ခရီးသွားစဉ် တစ်နေ့လုံးဓာတ်ပုံရိုက်၊ သန်းခေါင်းလွဲအထိ ကူးသည်၊ ဆေးသည်၊ နံနက် ၄နာရီထ၍ အလုပ်လုပ်၊ ဤမျှမမောမပန်း လုပ်နေပုံကို အံ့ဩခဲ့၏၊ တဖြည်းဖြည်း လေ့လာ သူသည် အလုပ်တစ်ခုတည်းကိုသာ စိတ်တစ်ခုသွင်း၍ စားချိန် အိပ်ချိန် မောရန်အချိန်များကို ဝယ်ကင်းသည် မမှုတော့ပေ၊ စိတ်မျှမကူးတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



*ဝယ်ကာင်း အသက်(၆၀)လောက်တွင် စစ်တပ်များနှင့်အတူ* အယ်စကာ့ရေခဲပြင်တွင် အလုပ်လုပ်ကြရာ၊ အသက်(၂၀)ခန့်ရှိ စစ်သားတစ်ယောက်က ဒီအဘိုးကြီး တစ်နေ့လုံးသွားနေတယ်၊ တစ်ခါမှ နားတာမတွေ့ရဘူးဟု ချီးကျူးသည်။

လူငယ်စစ်သားများသာ မောမောပန်းပန်းနှင့် ချည့်နဲ့စွာ စခန်းသို့ပြန်လာခဲ့၏။ ဝယ်ကာင်းကား လန်းလန်းဆန်းဆန်းပင်။

ဝယ်ကာင်းသည် ၁၈၈၈ခုနှစ်တွင် ဩစတြေးလျတောင်ပိုင်းတွင် မွေးခဲ့၏၊ မွေးချင်း(၁၃)ယောက်တွင် အထွေးဆုံးဖြစ်၏၊ ပထမစစ်ကြီး ဖြစ်ချိန်တွင် အနောက်စစ်မျက်နှာ၌ မာတ်ပုံသထင်းထောက်အဖြစ် အမှုထမ်းရာ (၉)ကြိမ် ဒဏ်ရာရခဲ့၏။

စစ်ပြီးသောအခါဝယ် ဝယ်ကာင်းသည် ရှုစန်ဘာနပ်ခေါ် နာမည်ကျော် ရုပ်ရှင်မင်းသမီးနှင့် လက်ထပ်ခဲ့၏၊ တစ်နှစ်လျှင် ရက်သတ္တပတ် (၄)ပတ်ခန့်သာ အိမ်၌ရှိ၏။

ဝယ်ကာင်းသည် အန္တာတိတ်ရေခဲပြင်ပေါ်သို့ လေယာဉ်ပျံဖြင့် မောင်းရန် နားရန် အလုပ်များနေလေသည်။ လေယာဉ်ပျံမောင်းရန် လက်ဖတင်နင်ဘင်အယ်ဆင် ဆိုသူအား ပူးတွဲမြှုလုပ်ရန်ငှား၏။

တစ်ကြိမ်က နော်ဝေမြောက်ဘက် ၊မိုင်(၁၃၀၀)အကွာရှိ ကျွန်းတစ်ကျွန်းတွင် ငါးရက်တိုင်တိုင် လေပြင်းတိုက်ခိုက်နေသဖြင့် နားနေရ၏။

လေပြင်း၊ နှင်းပြင်း တိုက်နေသည့်ကြားမှ လေယာဉ်ပျံကို ကိုယ်တိုင် အောက်မှဆင်းတွန်းပြီး အရှိန်ရ၍ တက်ခါနီးမှ သူသည် လေယာဉ်ပေါ်သို့ ခုန်တက်ခဲ့၏။

၁၉၂၈ခုနှစ်တွင် ပဥ္စမမြောက် ဂျော့ဘုရင်သည် ဝယ်ကာင်းအား ဆာဘွဲ့ကို ပေးသနားတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



ပထဝီအဖွဲ့ပေါင်းစုံမှ တံဆိပ်များ။ စစ်ဘက်မှပေးသော ရဲရင့်ဆုတံဆိပ်(၂)ခု ရခဲ့သော်လည်း၊ ဝယ်ကင်းသည် မည်သည့်အခါမျှ ဤအကြောင်းကို ဖွင့်မပြောခဲ့ပေ။ "တံဆိပ်ဆိုတာ တိုက်ဆိုင်ရင် ရတာပေါ့"ဟု ပေါ့ပေါ့ဆဆ ပြောတတ်၏။

မီးခံအဝတ်အစားကို တီထွင်ပြီး ရာတ်ဆီနှင့် လောင်နေသော မီးထဲသို့ဝင်၍ ပြခဲ့သည်။

နွားတ်များသည် အတိုက်အခိုက် ဝါသနာပါ၏၊ ဖွဲလည်းကြီးလှ၏။ ထို့အတူ ဆိတ်ပုံမျက်နှာရှင်များလည်း ဤကဲ့သို့ပင် ဖြစ်လေသည်၊ အလုပ်လုပ်ပြီး၍ အိမ်သို့ပြန်သွားရာက တစ်နာရီခန့်တွင် ဝယ်ကင်း အနိစ္စရောက်တော့သည်။

* * *

## မြင်းမျက်နှာရှင် သိမှတ်လေ့လာချက်

မြင်းကျမ်းတွင် ကျယ်လေးကျယ်၊ သွယ်လေးသွယ်ဟု ပြဆိုခဲ့၏။ မြင်းသဏ္ဍာန် မိန်းမများတွင် မျက်နှာသွယ်ခြင်း၊ နှာတံသွယ်ခြင်း၊ ပေါင်ခြေသလုံးသွယ်ခြင်း၊ လက်ချောင်းသွယ်ခြင်း၊ လည်တိုင်သွယ်ခြင်း များနှင့် ပြည့်စုံရမည်။

ကျယ်လေးကျယ်မှာ မျက်လုံးကျယ်ခြင်း၊ နှာအိုး၊ နှာခေါင်း ကျယ်ခြင်း၊ တင်ကျယ်ခြင်းတို့ ဖြစ်လေသည်။

မြင်းစီးရာတွင် မြင်းကုန်းနှီးတင်သောနေရာ ကျယ်သည့်ပုံ မိန်းမများတွင် တင်လုံးကျယ်၏။ နောက်တွင် မွေ့ရာသားခေါ် အလုံးကလေးများဖြင့် တင်ပါးဆုံကျယ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းသဏ္ဌာန် မိန်းမမျိုးမှာ သည်းခံတတ်၏၊ မိမိ လင်ယောကျ်ား၏ စရိုက်အလိုကို လိုက်လျောတတ်၏၊ မိမိကိုယ်တိုင် ရှေးတောင်းခေါင်းပေါ်တင်ပြီး ရောင်းဝယ်သွားရသည့်တိုင်အောင် မငြိုငြင် တတ်ကြပေ၊ အလွန့်အလွန် မသင်္ကာသာမှသာ မြင်းများကတ်သလို ပေကတ်ကတ်နိုင်တတ်၏။

မျက်ဆန်သေး၏၊ အပေါ်နှုတ်ခမ်း အောက်နှုတ်ခမ်းပါး၏၊ (အလွန်ထူသော နှုတ်ခမ်းကိုမဆိုလို) မေးစေ့ပိုင်း၏။

အကြောင်းပါကာစတွင် သတိထား၍ ပြုပြင်ပေးပါ၊ ထိုမိန်းမမျိုးသည် မိမိ၏ယောကျ်ားအား အခြားမိန်းမများနှင့် သွားပုပ်လေလွင့် မယုတ်ပတ်ကြပေ။

၎င်းတို့၏သဏ္ဌာန်တွင် နားရွက်ပါး၏၊ လက်သည်းခွံပါးရမည်၊ လက်သည်းလန်ရမည်၊ ခြေမျက်စိသေးရမည်။

မြင်းအုန်းခွံ၊ ကျွန်ကုလား၊ မယားတော်သူဟု မိန်းမများလို အလုပ်ကြမ်းလုပ်ရ၍ ခြေသလုံး တုတ်တုတ်ကြီးဖြစ်စေကာမူ ၎င်းသည် အခြားခြေသလုံးတွေနှင့်စာလျှင် ပို၍သေးသွယ်လှ၏။

ပြဆိုခဲ့သော သဏ္ဌာန်များမှာ အားလုံးပါရမည်ဟု မဆိုလိုပါ။ အချို့မိန်းမများတွင် ရောပြွမ်းလျက်ရှိ၏။

ဖော်ပြပါ အကြောင်းအရာများကို ပုံသေကားချလည်း မယူဆနှင့်၊ များသောအားဖြင့် ဖြစ်ပေါ်တတ်ကြသည်ဟု ယူဆပါ။

ဥပမာ. . . မြင်းမျက်နှာ (ငါးမြှောင့်မျက်နှာတွင် ကျား၊ ကြောင်၊ ဖားကွက် စသော မျက်လုံး နှုတ်ခမ်းများ ရောနှောပေါင်းစပ်နေ၍မူ ထိုမျက်လုံး နှုတ်ခမ်းများမှာ နာရီပိုင်းမျှသာ ဖောက်ပြန်တတ်ကြ၍ အစဉ်သဖြင့် ပင်မဖြစ်သော မြင်းမျက်နှာသဏ္ဌာန်ကို မစွန့်လွှတ်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်သစ်ချာနည်းအားဖြင့် ရောပြွမ်းမှုကို အဖြည့်အစွက် အဖြစ်သာ ထည့်စဉ်းစားပါ။ ကြက်သားဟင်းချက်ရာ၌ ကြက်သားဟင်းသည် အဓိကဖြစ်၍ ဆီ၊ ဆား၊ ရေတံ၊ ကြက်သွန်သည် ပင်မအခြေခံ မဖြစ်နိုင်ပါ။ အခြားမျက်နှာများကိုလည်း ဤကဲ့သို့ ယူဆရာ၏။

www.burmeseclassic.com

www.burmeseclassic.com





မြင်းမျက်နှာရှင်

* * *

www.burmeseclassic.com

www.burmeseclassic.com



## ကြောင်နှင့်ကျား မျက်နှာရှင် သိမှတ်လေ့လာချက်

မျက်ခုံးတို့၌ ထူပျစ်၏၊ မျက်ဆန်ကြီး၏၊ နှာအိုးကား၍ လန်၏၊ နှာရင်းပြဲ၏၊ နဖူးဆံစကျဉ်း၏၊ ဆံပင်ကောက်တတ်၏၊ မေးရိုးပါးရိုးကား၏၊ အိပ်လျှင် နှုတ်ခမ်း မျက်လုံး မစေ့တတ်၊ လက်ချောင်းတို၏၊ လက်သည်းခွံမှာ ထူ၍ကုပ်၏၊ ခြေသလုံးနှင့်ပေါင်တုတ်၏၊ ခြေမျက်စိကြီး၏၊ တင်ပါးရှုံ့၏၊ တင်ပါးခွက်ကြီး၏၊ အလွန်လှပသော ပခုံးသားရှိ၏၊ ပခုံးအသားများ၏၊ ရင်သားကြီး၏။

လင်ကိုချစ်တတ်၏၊ ရှိးရှိးနေစဉ်တွင် မိမိယောကျ်ားကို အလွန်ယုယတတ်၏၊ အခြားမိန်းမများနှင့် အရောဝင်သည့်ကိစ္စကို အလွန်ကြီးလေးသော အပြစ်ကြီးတစ်ခုအနေဖြင့် ယူဆတတ်၏။

အထူးသတိထား၍ သူစိမ်းတစ်ရံဆံ မိန်းမများကို အရောဝင်ချင်လျှင် ဖရှေးဦးစွာ ပန်းကန်ဆိုင်၊ အိုးဆိုင်၊ မှန်ဆိုင်များကို အော်ဒါပေးပြီးမှ အရောဝင်လေ။

အကြောင်းမှာ ကိုယ်တွေ့စူးစမ်းရှာဖွေခဲ့ရာ အိမ်ထောင်သည် (၂၀)ထက်မနည်း ထစ်ခနဲရှိလျှင် ပန်းကန်၊ ခွက်ယောက် စသည်တို့ကို ခဲပစ်နေသဖြင့် ကလေးကစားစရာ ကြွေခံစများဘဝသို့ ရောက်ရသည်ကို စုံတွဲအများပင် ခတွေ့ခဲ့ရသောကြောင့်တည်း။

ချစ်လျှင်လည်း ကျားချစ်၊ ကြောင်ချစ် ချစ်တတ်လှ၏၊ ဝက်သစ္စာန်ရှိသော ယောကျ်ားများနှင့် သင့်တော်၏၊ လင်လည်းကျား၊ မယားလည်းကျားဆိုလျှင်ကား ရသည့်လခမှာ ပန်းကန်ဖိုးများနှင့်ပင် မွဲလောက်ပါပေသည်။

www.burmeseclassic.com

www.burmeseclassic.com





ကျားမျက်နှာရှင်

* * *

www.burmeseclassic.com

www.burmeseclassic.com



## ယုန်မျက်နှာရှင် သိမှတ်လေ့လာချက်

ယုန်မျက်နှာရှင်မှာ ဖော်ပြပါပုံအတိုင်း ကြမ်ဥပုံသဏ္ဌာန် လုံးဝန်းနေသော မျက်နှာရှိ၏၊ အပေါ်မျက်ခွံတုန်း၍ အောက်မျက်ခွံ စနေတတ်၏၊ မျက်ဆန်ခုံး၏၊ မျက်နက်ကြီး၏၊ မျက်ဘောင်ရှည်၏၊ နှုတ်ခမ်းနီ၏၊ (နှုတ်ခမ်းထူပါးမှုများကို ဖော်ပြခဲ့ပြီးသော အခန်းများကို ပြန်ကြည့်ပါ) နှုတ်ခမ်းစု၏။

ရှေ့သွားနှစ်ချောင်း အခြားသွားထက်ရှည်၏၊ နှာအိုးကား၏၊ နားရွက်သားပါး၏၊ နားရွက်မှာကြီး၏၊ ခါးတုတ်၏၊ မြင်းပုံရှိသော မိန်းမများလောက် ပေါင်တံမရှည်လောက်ကြပေ။

ဤမိန်းမ ဤယောကျာ်းတို့နှင့် အကြောင်းပါသူမှာ အထူး ကံချွန်သူများ ဖြစ်ကြ၏၊ လက်ချောင်း တတိယအဆစ် ဖောင်းနေတတ်၏၊ (လက်သည်းခွံအဆစ်ကို ပထမအဆစ်ဟု မှတ်ထားပါ)။

အလွန်သည်းခံတတ်၏၊ ကြောက်ရွံ့ရှိသေတတ်၏၊ အိမ်ထောင် ဖက်များဖြင့် ခွဲခွာနေရသော်လည်း ဖောက်လွဲဖောက်ပြန်မှုများ မရှိကြပေ။

ပူပင်ကြောင့်ကြမှုများ ဖြစ်ပေါ်လာပါက တစ်ခဏ တစ်ဖြုတ်သာ ပူပင်တတ်၏၊ အစဉ်သဖြင့် အေးအေးနေတတ်ကြ၏၊ အိမ်ထောင်ဖက် များအား နားပူနားဆာ မပြုလုပ်တတ်ကြချေ။

ထိုယုံသဏ္ဌာန် ယောကျာ်း မိန်းမများမှာ နံနက်မွေးပါမူ အေးအေးချမ်းချမ်းနှင့် နေရတတ်၍ ညမွေးပါမူ မိမိစီးပွားကို မိမိ လုပ်ကြရမည်၊ ယုန်များသည် နေ့တွင်အိပ်၍ ညတွင်အစာရှာသည့် ထုံးစံအတိုင်းပင် ယူဆပါ။

မျက်နှာတွင် ရှင်းရှင်းလင်းလင်း ရှိနေပါမူ ပို၍ကောင်း၏၊ ရှင်းရှင်းလင်းလင်းဆိုသည်မှာ နဖူးအရစ်၊ မျက်ခုံးနှစ်ခုအကြားအရစ်၊ မျက်လုံးအောက်အရစ်၊ ပါးစပ်အရစ်များကို ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com





ယုန်မျက်နှာရှင်

www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်တွင် ထိုအရစ်များပါရှိက ယုန်နက် ယုန်ကျားဟူ၍ ခေါ်၏။

နဖူးအရစ်ရှိလျှင် အရှယ်နှင့်မလိုက်အောင် ပေါ်လွှင်နေမှု ပြုံစူစောင်းမြောင်း၍ ရုန့်လိုသည်။

မျက်လုံးများအောက်တွင် ပစောက်ကဲ့သို့သော အရစ်များ ထူးကဲစွာ ပေါ်လွင်နေပါမူ အိမ်ထောင်ဦးနှင့် ရှင်ကွဲသေကွဲ ကွဲတတ်၏။ မျက်မှောင်နှစ်ခုအကြား တစ်ရစ်ရှိမူ တစ်ယောက်များမူ များသလို ယူဆ၏။

နှာခေါင်းဘေးတွင် အရေးအကြောင်း ထင်ထင်ရှားရှားရှိမူ အိမ်ထောင်ပျက်များနှင့် ညားတတ်၏။ နှုတ်ခမ်းညိုပါမူ သိမ်ဖျင်းသော စကားကို ပြောဆိုတတ်၏။

နှုတ်ခမ်းထက်အောက် မှဲ့နက်ရှိခြင်းနှင့် အစုံတွဲပင်ဖြစ်၏။ မှဲ့နီ၊ မှဲ့နက် အမွေးရှည်ပါမူ မိခင်ဖခင်နှင့်တူသော အိမ်ထောင်ဖက်များသာ ဖြစ်၏။

အမွေးအကြိုင်ကို ကြိုက်တတ်လေ၏။ ဝတ်ကောင်းစားလှကို များစွာမခုံမင်တတ်ချေ။ ရိုးရိုးအေးအေးနှင့် ဘယ်သူ ဘာပြောပြော အာဃာတ မထားတတ်ကြပေ၊ ပြီးပြီး ပျောက်ပျောက် နေတတ်ကြ၏။

ခါးစောင်းပေါ်တွင် ဖုလျက်ရှိနေပါမူ ဘေးစောင်းမွေ့ရာဟု ခေါ်ပါသည်၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသည်ဟု ယူဆပါ။

ထိုယောကျ်ား မိန်းမများကို ပတ်ဝန်းကျင်မှ 'နေလဲနေနိုင်တယ်' ဟူ၍ ပြောလောက်အောင်ပင် အေးချမ်းစွာ နေတတ်လှ၏၊ ယုန်သဏ္ဌာန် မျက်နှာရှိ မိန်းမယောကျ်ား အတူတူဟု ယူဆပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဝက်မျက်နှာရှင် သိမှတ်လေ့လာချက်

ဝက်သဏ္ဌာန်မျက်နှာရှိသော ယောကျ်ားများမှာ နှုတ်ခမ်းနှာခေါင်း လန်၏၊ အောက်နှုတ်ခမ်းတွဲ၏၊ ထမင်းစားရာတွင် ဝက်များစားသကဲ့သို့ ပျတ်ပျတ်မြည်သောအသံဖြင့် စားတတ်ကြ၏၊ ပါးစပ်တွင် ထမင်းရှုတ်ကို သွင်းရာ၌ ဖိတ်ဖိတ်စဉ်စဉ် သွင်းတတ်ကြသည်၊ ပါးစပ်ထဲအချို့ ပန်းကန်တွင်းအချို့ ဖြစ်သလိုစားတတ်သည်၊ အစားကို ဂရုမစိုက်သလောက် မိမိ၏ ခင်ပွန်းကိုကား အထူးဂရုစိုက်တတ်လှ၍ ဆန့်ကျင်ဘက် လိင်ကင်းလျှင် မနေတတ်ကြပေ။

ဝက်ကဲ့သို့ ရာဂပြင်းထန်၏၊ အခြားလုပ်ငန်းဆောင်တာများတွင် စေ့စပ်သေချာသလောက် အိမ်သူ အိမ်ထောင်ဖက်များအပေါ်တွင် အသက်ညှာဆုံး ပြုတတ်၏။

နှားရှက်ထူ၏၊ နှားသားထူ၏၊ အသားအရေသည် ဝက်အရေခွံကဲ့သို့ သဏ္ဌာန်ရှိ၏၊ မျက်ခုံးပါး၏၊ ကိုယ်လုံးကိုယ်ထည်ကြီး၏၊ လက်သည်းထူ၏။

နေ့အချိန်မွေးဖွားသော ဝက်မျက်နှာရှိသူများမှာ ငယ်စဉ်က အလုပ်အကိုင် ကြိုးစားလုပ်ကိုင်ကြ၍ ကြီးပြင်းလာသောအခါ ဉစ္စာပစ္စည်း အသင့်အတင့် ရှိတတ်၏။

ထိုဝက်မျက်နှာရှင်ကို ညမွေးပါမူ ချမ်းသာသောမိဘ သို့မဟုတ် ချမ်းသာသောပုဂ္ဂိုလ်များ၏ မွေးစားသားများဖြစ်၏၊ ဝက်မည်း၊ ဝက်ဖြူ နှစ်မျိုးခွဲခြားပါ၊ ဝက်မျက်နှာရှင် ယောကျ်ားသည် အသားဖြူပါက ကောင်းစားတတ်၍ အသားမည်းပါက ပင်ပန်းစွာ ရှာဖွေကြရ၏။

အသားမည်းသူမှာ မိမိ၏ဘဝကို မိမိ ဖန်တီးကြရသည်၊ ဝက်မျက်နှာရှိ ယောကျ်ားများမှာ အထက်ပိုင်းကြီး၍ အောက်ပိုင်း ရှူးတတ်သည်။ လည်ပင်းတိုသည်၊ ကုပ်သားထူသည်။

www.burmeseclassic.com

www.burmeseclassic.com






ဝက်မျက်နှာရှင်

www.burmeseclassic.com

www.burmeseclassic.com



ထိုယောကျ်ားများနှင့် အကြောင်းပါသူများမှာ မိမိ၏ ဆွေမျိုးသားချင်းကိုဖြစ်စေ၊ ခင်ပွန်းသည်၏ ဆွေမျိုးသားချင်းကိုဖြစ်စေ၊ လွတ်လပ်သော မိန်းမငယ်များအား အိမ်လာခိုင်းစေခြင်း၊ တည်းခိုခြင်း မပြုသင့်ပေ၊ အထူးဆင်ခြင်ရာ၏။

* * *

## နဂါးမျက်နှာရှင် သိမှတ်လေ့လာချက်

နဂါးမျက်နှာရှင်မှာ မျက်နှာရှစ်မြှောင့်ရှိ၏။ နဖူးထောင့်နှစ်ထောင့်၊ ရှေးမြန်မာအခေါ် မဟာနဖူးခေါ်၏၊ မျက်လုံး၏အောက်ရှိ ပါးရိုးနှစ်ထောင့်၊ မေးရိုးနှစ်ထောင့် (နားရွက်အောက်တွင်ရှိ၏။)

ပါးစပ်အောက်ရှိ မေးစေ့ရိုးနှစ်ထောင့်၊ ပေါင်း ရှစ်မြှောင့် ရှစ်ထောင့် ရှိရမည်၊ ကိုယ်လုံးမှာ နဂါးမြွေကဲ့သို့ လုံးရမည်။

ခါးသေးခြင်း ရင်ဖွံ့ဖြိုးခြင်းများနှင့်မဆိုင်၊ နေတက်ဖွား ညဖွား နှစ်ခုတွင် နေတက်ဖွားကို ကောင်းကင်နဂါး၊ ညဖွားကို ရေနဂါးဟု ခွဲခြားထားသည်။

နဂါးမျက်နှာရှင် ယောကျ်ားများ၏ အင်္ဂါရုပ်မှာ မျက်နှာ သွယ်ရမည်၊ နားရွက် ကြီးရမည်၊ မျက်ခုံးမွေး ရှည်ရမည်၊ နားမွေး ရှည်ရမည်၊ မေးစေ့အောက်မွေး ရှိရမည်၊ (မုတ်ဆိတ်မွေးကို မဆိုလို) လက်ဆစ် ကြီးရမည်။

မျက်လုံး သမင်မျက်လုံးကဲ့သို့ ရှိရမည်၊ အပေါ်နှုတ်ခမ်း ရှည်ရမည်၊ သွားတွင် အစွယ်လေးချောင်း ရှိရမည်၊ လက်တံ ခြေတံ ရှည်ရမည်၊ လည်တိုင် ရှည်ရမည်၊ လည်အရစ် ပါရမည်၊ ဤကား အင်္ဂါပြည့်ဝသော နဂါးရုပ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြပါ အားလုံးပါရမည် မဆိုလို၊ အနည်းအများပါမှသာ ကောင်း၏၊ ကျော်ကြား၏၊ ထိုနဂါးမျက်နှာရှင် ယောကျ်ားများမှာ စိတ်ရှည်တတ်ကြသော်လည်း ဒေါသဖြစ်လျှင် ကြောက်စရာ ကောင်းလောက်အောင်ပင် ဖြစ်တတ်၏။

ဟောဟောဒိုင်းဒိုင်း ပြောတတ်ကြ၏၊ နဂါးအင်္ဂါများနှင့် ညီညွတ်ပြည့်စုံမည်ဆိုလျှင် အလှူအတန်း ရက်ရောလှ၏။

နဂါးမျက်နှာရှင် မိန်းမများမှာ စိတ်ဆတ်သည်၊ စိတ်ကောင်းရှိသည်၊ စိတ်ကောက်မြန်သလောက် စိတ်ပြေလွယ်သည်၊ အိမ်ထောင်ဖက်များအား အထူးလေးစားတတ်သည်၊ ဘွင်းဘွင်း ပြောတတ်ကြသည်။

များသောအားဖြင့် မိမိစိတ်သဘောနှင့် တိုက်ဆိုင်သူကိုသာ ရွေးချယ်တတ်ကြသည်၊ သူတစ်ပါး၏ သွေးဆောင်ချက်၊ တိုက်တွန်းချက်များဖြင့် အိမ်ထောင်ဖက်ကို မရှာတတ်ကြချေ၊ အရပ်ရှည်၍နွဲ့သည်၊ ပေါင်တံရှည်သည်၊ ပေါင်ရင်းခွကျဲပါမူ အိမ်ထောင်ရေး များတတ်သည်။

မျက်ခုံးမွေး များရမည်၊ မျက်ခုံးမွေး နည်းပါမူ ငယ်စဉ်က ကောင်းစားခဲ့သော်ငြားလည်း၊ ဒုတိယအရွယ်တွင် ကိုယ့်ထူးကိုယ်ချွန် လုပ်ကိုင်စားသောက်ကြရသည်၊ အသက်(၄၀)ကျော်မှ ကောင်းစားတတ်ကြသည်။

မျက်လုံးကို ရိုးရိုးကြည့်စဉ်တွင် ကျဉ်းသော်လည်း ပြူးလျှင် အထူးသဖြင့် ဝိုင်းဝန်းသော သဏ္ဌာန်ရှိရမည်၊ ဤကား ပညာရှိမှု၊ မရှိမှုကို အကဲခတ်ရန်ပင် ဖြစ်သည်။

နဂါးကိုကြည့်ရာတွင် အစွယ်ကို ရှေးဦးစွာ မြင်ရသကဲ့သို့ ထိုမိန်းမ၏အစွယ်မှာ အခြားသွားများထက် ပိုမိုပေါ်ထွက်နေတတ်သည်၊ ပါးစပ်ပေါ်သို့ပင် ခပ်မို့မို့ကလေး ပေါ်နေရုံတွင်မက ပြုံးရာရယ်ရာတွင် လက်ကိုင်ပဝါလေးကို ပိတ်ကာ ဆတ်ဆတ်ခါ ရယ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ထိုမိန်းမကား ၎င်း၏အလှကို မြင်သူ ကြည့်သူ၏စိတ်တွင် ထိုရုပ်ပုံဟန်ပန်ကိုပင် ဝင့်ကြွမှုင်တွင် ယင်ကောင်မိနေသည့်အလား အာရုံငြိကာ ခံစားကြရရှာသည်။

နဂါးနံ့နက်ဖွား အင်္ဂါရုပ်များနှင့် ပြည့်စုံပါမူ ထိုမိန်းမသည် သွားဖြင့် မြက်ပင် သို့မဟုတ် ရေအပင်ကိုကိုက်ပြီး ကောင်းကင်ရှိ စက်တာန်ကို ဖြတ်ကြည့်ကာ နဂါးမှန်က ပြတ်ရမည်ဟု အဆိုရှိသည်။ ထိုသို့ အကြိမ်ပေါင်း(၁၀)ကြိမ် ဖြတ်ပြီးသော သစ်မြစ်ဖြင့် ကိုယ်လက် သေနေသူအား လိမ်းသုတ်ပေးပါက ရောဂါပျောက်သည်ဟု အဆိုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com





နဂါးမျက်နှာရှင်

* * *

www.burmeseclassic.com

www.burmeseclassic.com



## ကြွက်မျက်နှာရှင် သိမှတ်ဖွယ်ရာချက်

ကြွက်မျက်နှာရှင်များမှာ ကိုယ်လုံးကိုယ်ထည် သေးသည်၊ အရပ် ပျပ်ပျပ်ညှက်ညှက်ရှိသည်၊ သို့သော် သူ့ကိုယ်လုံးနှင့်သူ သင့်တော်သော လက်တံရှိသည်။

မျက်ခုံးမွေး နှာခေါင်းကုတ်၍ အဖျားသေးသည်၊ သိသိသာသာ နဖူးအလယ်တွင် ချွန်နေသော ဆံစကို ထင်ရှားစွာ တွေ့မြင်ရသည်။

မျက်လုံးမှာ တစ်လုံးနှင့်တစ်လုံး ညီညီမရှိတတ်၊ တစ်လုံးမှာ အနည်းငယ် စေးကွာနေရမည်၊ မျက်လုံးညီပါလျှင်လည်း မျက်စိ သူငယ်အိမ်မှာ စွံပယ်ကြည့်ဟု ဓာတ်ခေါ်ခေါ်သော အနည်းငယ် ဖွေစောင်းရှိတတ်သည်။

သိပ်စောင်းနေသော ပထဝီတစ်လုံး အာဃာတစ်လုံးဆိုသော မျက်လုံးများကို မဆိုလို။

ကြွက်မသဏ္ဍာန် မိန်းမများတွင် အလွန် အချိုးအဆစ် ပြေပြစ်သော ခြေသလုံးများကို တွေ့မြင်ရပေမည်၊ သူ့တစ်ကိုယ်လုံးတွင် အလှဆုံးမှာ ခြေသလုံးပင်ဖြစ်၏။

အိမ်ထောင်မှုကို ကောင်းစွာနိုင်နင်း၏၊ ငယ်စဉ်ကပင် ထမင်းဟင်းချက်မှုကို ဝါသနာပါတတ်ကြ၏။

စိတ်နေသဘောထားမှာ နဂါးမနှင့် ဆန့်ကျင်ဘက်ဖြစ်၏၊ စိတ်ပျော့ပျောင်း၏၊ ခင်ပွန်းသည်အပေါ်တွင် ကြင်နာတတ်၏၊ လင်ယောကျ်ား ပေးကျွေးသမျှနှင့် ဖြစ်အောင်နေတတ်၏။

မိန်းမတိုင်း အလွန် သဘောကြီးနိုင်ခဲသော မယားငယ် ကိစ္စများကိုပင် စိတ်ရှည်ရှည်ဖြင့် မိမိခင်ပွန်းသည်စိတ်ကို အနှောင့်အယှက် မပေးတတ်ကြပေ၊ အလုပ်အကိုင် ကိစ္စများတွင်လည်း ယောကျ်ား နိုင်းရာကိုသာ လုပ်တတ်၍ မိမိကိုယ်တိုင် ဦးစီးဦးကိုင် မလုပ်တတ်ပေ။

*

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းသားမှာ အောက်နှုတ်ခမ်းထူ၍ အထက်နှုတ်ခမ်းပါး၏။ ခြေသည်းခွံ၊ လက်သည်းခွံကိုကြည့်လျှင် ပါး၍ အဖျားခပ်ကုပ်ကုပ်နေပါက ပို၍ စီးပွားရေးကို အပတ်တကုတ် ရှာဖွေသိမ်းဆည်းတတ်၏။

သားသမီးများနှင့် ပတ်သက်လျှင် အထူးဂရုစိုက်မှုလွန်၍ နိုက်ရန်ဖြစ်တတ်သော အလေ့အထရှိ၏။

ထိုကြက်မျက်နှာရှင် မိန်းမများတွင်လည်း လက်သည်းခွံထူပါက မိမိဥစ္စာရမှုကိုသာ ရှေးရှု၍ မည်သည့်နည်းနှင့်ရရ အခြားသူ၏ နစ်နာမှုကို ပမာနမထားပဲ တရားသည် မတရားသည် ဂရုမပြုတတ်ကြပေ။

အစားအသောက်ကို အခြားလက်ဆောင်ပစ္စည်းများထက် ခုံမင်တတ်ကြသောကြောင့် အစာဖြင့် ဖြားယောင်းခြင်းကြောင့် မကြာခဏ ဒုက္ခတွေ့တတ်လှ၏။

လင်သားအပေါ်တွင် မိမိကိုယ်ရေးကိုယ်တာအတွက် သည်းခံနိုင်သော်ငြားလည်း သားသမီးများအတွက်နှင့် ပတ်သက်ပါက လင်သားကိုပင် ကွာရှင်းရန် ဝန်မလေးတတ်ကြပေ။

ကြက်ယောက်ျားများမှာ ကြက်မျက်နှာရှင် အမျိုးသမီးများနှင့် လုံးဝမတူ၊ တစ်မူထူးခြား၏။ စိတ်သဘောထားချင်း မတူသောကဏ္ဍမှာ သားသမီးအပေါ်တွင် များစွာမခင်မင်တတ်ကြချေ။ မဲ့ကို ခင်၍သာ ဥ့ကို ခင်မင်တတ်ကြသော မလွဲသာသည့် ခင်မင်မှုဟု ဆိုရပေမည်။

ထိုကြက်ယောက်ျားများ၏ မျက်နှာမှာ အသားနီ၍ အလွန်ပေါ်လွင်သော အရိုးများရှိပါမူ ကာမဆန္ဒ ပြင်းထန်လှ၏။ လူအမျိုး ကြက်အရိုးဟု ပုံနိုင်းတတ်ကြသလို ကြက်အသွင်ယောက်ျား၏ ရင်ဘတ်ကို ကြည့်ပါက ကြက်ရင်ကဲ့သို့ ချွန်နေ၍ ရင်ညွန့်တွင် အရိုးပို အစွန်းထွက်၏။

သားစဉ်မြေးဆက်ဆိုသလို ထိုကဲ့သို့ အချွန်ပါတတ်ကြ၏။ မိန်းမများတွင်ကား မထင်ရှားလှပေ။

www.burmeseclassic.com

www.burmeseclassic.com



ကြက်မျက်နှာရှင် မိန်းမများ၏ တင်သားကိုကြည့်ပါက တင်ပြားတင်လုံး နှစ်မျိုးရှိ၏။ တင်လုံးဖြစ်မူ ဥစ္စာပစ္စည်း အတက်အကျမြန်လှ၏။ ချမ်းသာလျှင် ချက်ချင်း ချမ်းသာတတ်ကြသလို၊ ဆင်းရဲလျှင်လည်း လျှင်မြန်စွာ ဆင်းရဲတတ်ကြ၏။

မိန်းမများကဲ့သို့ တင်ကားများရှိသော ယောကျ်ားကို ယုတ်ညံ့သည်၊ သဝန်ကြောင်တတ်သော သဘောရှိသည်ဟု ယူဆကြ၏။

ကြက်မျက်နှာရှင် ယောကျ်ားများသည် ဖော်ပြခဲ့ပြီးသော နဂါး မြင်း၊ ယုန် မျက်နှာရှင် ယောကျ်ားများထက် ရာဂစိတ်ပြင်းထန်တတ်၏။ မျက်စိမျက်ပေါက်ကျဉ်း၏။ မျက်ဆန်သေး၏။

မျက်ဆန်ဘေးသားကို ကြည့်ပါက ကြက်မျက်စိကဲ့သို့ ဘေးပတ်လည်တွင် အဖြူရစ်ကလေးကို တွေ့ရမူ အရွယ်မရောက်မီကပင် ကိုမ်ဖောက်ပြုသူ၊ ကာမဆန္ဒကို လိုအပ်သည်ထက် ပိုမိုဖြုန်းတီးခဲ့သော အထိမ်းအမှတ်ပင် ဖြစ်၏။ ကုလားလူမျိုးများတွင် အများအပြားတွေ့ရ၏။

အရပ်အမောင်း ထွားကျိုင်းသောအမျိုးနှင့် သေးကွေးသောအမျိုး နှစ်မျိုးတို့တွင် ထွားကျိုင်းသောအမျိုးသည် ရန်လိုစိတ်နည်း၍ သေးကွေးသော အရပ်ရှိသူသည် အလွန်ရန်လိုတတ်ကြ၏။ အပေါ်နှုတ်ခမ်းတိုလျှင်ကား သိမ်ဖျင်းသောစကားများကို လုပ်ကြံ၍ပင် ပြောဆိုတတ်ကြပေသည်။

ပါးစပ်အပေါ်နှုတ်ခမ်း ဘေးသို့ရှည်ပြီး အောက်နှုတ်ခမ်းသေး၏။ ပါးစပ်ပြ၏၊ သွားများ ကြွက်သွားကဲ့သို့ ညီ၏၊ ပခုံးဖြောင့်နေပါမူ စိတ်အားကိုယ်အားကို ပိုမိုယုံကြည်၏။

ပခုံးဝိုင်းနေပါမူ ကိုယ်အားဖြင့် လုပ်ရခြင်းထက် စိတ်အားဖြင့် ပြုလုပ်ရခြင်းကို လိုလားတတ်၏၊ ဤအယူအဆကို မည်သည့်မျက်နှာရှင် ယောကျ်ား မိန်းမတို့မဆို ယူဆပါ၊ ကြက်မျက်နှာရှင် ယောကျ်ား၏

www.burmeseclassic.com

www.burmeseclassic.com






ကြက်မျက်နှာရှင်

www.burmeseclassic.com

www.burmeseclassic.com



ပခုံးနှင့်လည်ပင်းကြား အရိုးကိုကြည့်လျှင် ထောင်နေ၍ လည်ပင်းအောက် အရိုးကိုကြည့်လျှင် အရိုးနှစ်ခုကြားတွင်လည်း ထောင်နေပါမူ ချစ်သဝန်ကြောင်တတ်၏။

လည်မင်းတွင် စလုတ် ထင်ရှားစွာရှိရမည်၊ ကြက်သဏ္ဍာန် မျက်နှာရှိသော ယောက်ျားများတွင် စလုတ်ပေါ်၍ မတွေ့ရက အိမ်ထောင်သည့်ပေါ်တွင် ယောက်ျားမပီသသော သဘောအပြုအမူများ ရှိတတ်၏။

အမြဲတမ်း သွားတစ်ပါးနှင့် မသက်ာတတ်သော စိတ်ရှိ၏၊ မျက်ခုံးနှစ်ခုကြားတွင် မှဲ့ရှိပါမူ ယောက်ျားတွင် အဆိုးကို မယူတတ် သော်လည်း မိန်းမတွင်မူ မကောင်းချေ။

အဆိုးဘက်တွင်ရှိသည်ဟု ယူဆကြရုံတွင်မက ရှေးအခါက မိန်းကလေးများတွင် ဤမှဲ့ပါလာပါက ငယ်စဉ်ကပင် မိဘများသည် လှီးဖြတ်တတ်ကြ၏၊ မူရာမာယာ အလွန်များသည်ဟု ဆိုလိုသည်။

ကြက်ယောက်ျားများအား အိမ်ထောင်ပြုသူများသည် အခြားမိန်းမနှင့် ပတ်သက်၍ စိတ်နှလုံး ပူပင်ရတတ်၏။

ညမွေးပါက ကြ ယောက်ျားများအတွက် အေးချမ်းစွာ ရှာဖွေစားသောက်ကြရပြီး၊ နေ့မွေး ကြက်ယောက်ျားများမှာ ပင်ပန်းစွာ ရှာဖွေစားသောက်ကြရ၏။ လမ်းလျှောက်ရာ၌ ခြေဖျားထောက်၍ ဖနောင့် မြေသို့ကောင်းစွာမထိသောသူအား သက်ဆိုးမရှည်ဟု ယူဆကြကုန်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဗီးကွက်မျက်နှာရှင် သိမှတ်လေ့လာချက်




ဗီးကွက်မျက်နှာရှင်

www.burmeseclassic.com

www.burmeseclassic.com



ဖီးကွဲက်မျက်နှာရှင်မှာ ဖီးကွက်မျက်လုံးကဲ့သို့ ပြူးကျယ်သော မျက်စိရှိ၏။ မျက်နှာပိုင်း မျက်နှာပြားများသော များပြားလှ၏။ ဉာဏ်ထက်မြက်၍ ပွင့်လင်းသောမျက်စိ ရှိသလောက် မာန်မာန ခက်ထန်တတ်၏။

ခေါ်ရွှေခရား တွေ့ရှိတွင် အလွန် ရင်းနှီးခင်မင်စွာပင် ဆက်ဆံတတ်ကြသော်လည်း ရေရှည်တွင် တည်တံ့ကောင်းမွန်သော မိတ်ကောင်းသဖွယ် ဆက်ဆံ၍ မရတတ်ကြပေ။

ကုသိုလ်ကောင်းမှုကို မိမိကိုယ်ရေးကိုယ်တာကို မငဲ့ကွက် မငြီးငြူပဲ လှူဒါန်းတတ်ခြင်း၊ သူတစ်ထူးထက် လွန်ကဲစွာ လှူဒါန်းတတ်ကြ၏။ စေတနာ လွန်ကဲတတ်ကြသဖြင့် လူလိမ်ခံရသော အလှူမျိုးကိုပင် လှူမိတတ်ကြပေသည်။

သဒ္ဓါနှင့်ပညာကို မယှဉ်တွဲပဲ သဒ္ဓါတစ်ခုတည်းဖြင့် မိမိ ထိုလားချက်ကို ရလိမ့်မည်ဟု မျှော်လင့်ကာ မလှူလို့မရှိ ဟူသော စကားလုံးကို ယုံကြည်ကိုးစား ပြုလုပ်တတ်ကြ၏။

မျက်ခုံးမှာ မျက်လုံးပေါ်သို့ ဖြတ်၍တက်ပြီး ကွေးနေပါက အိုယာယီမာယာများ၍ မိမိလောက်တော်သူ မိမိလောက်အကင်းပါးသူ မရှိဟူသော အယူအဆများ ရှိတတ်၏။ မျက်တောင်မွေး ပါးပါးပါမူ မိမိကိုယ်မှလွဲ၍ အခြားသူများကို သဒ္ဓါတရား မရှိတတ်ကြပေ။

မျက်နှာသဏ္ဌာန်သည် လူ၏စာရိတ္တကို (၄၀)ရာခိုင်နှုန်းမျှမှန်၏။ မျက်လုံး နှာခေါင်း ပါးစပ်စသော အဖြည့်လက္ခဏာများပါ ပေါင်းစပ်ပြီးမှ ယူဆပါ။

နှုတ်ခမ်း ဖီးကွက်အသွင်ရှိ မိန်းမများမှာ မိမိခင်ပွန်းသည်ကို ကြောက်ရတတ်၏၊ ဥစ္စာပစ္စည်း ချမ်းသာတတ်၏၊ ညမွေးပါမူ သားဖေလေနှင့် မည်မျှပြည့်စုံစေကာမူ အလုပ်အကိုင် ပင်ပန်းကြီးစွာ လုပ်ကိုင်ကြရ၏။

ပါးစပ်ပြဲရမည်၊ နှာခေါင်းတံတိုရမည်၊ အရပ် ပျပ်ပျပ်ညှက်ညှက်ရှိရမည်၊ အသံစူးရမည်၊ ခြေသည်းလက်သည်းကို ကြည့်ပါက ရှည်သောလက်သည်းများသည် ပျင်းရိပျင်းတွဲ အလုပ်မဖြစ်တတ်ကြချေ။ လက်သည်းတိုလေ အလုပ်နှင့်လက် မပြတ် ပြုလုပ်တတ်လေဖြစ်၏။ ဇီးကွက်မျက်နှာအသွင်တွင် နှုတ်ခမ်းစူသည်၊ စာဂုဏ်ပျက်တတ်သည်၊ ဂီတပညာကို ကျွမ်းကျင်တတ်သိခြင်း အရည်အချင်း မရှိတတ်ပေ။

အအိပ်ကျူး၏၊ အစားကျူး၏၊ ငွေကို အခြားမျက်နှာရှင်များထက် ကျွန်ခံမှုလောက်အောင် ခုံမင်တတ်၏၊ နံနက်မွေးပါမူ အလုပ်နှင့်လက် မပြတ် ပြုလုပ်တတ်ကြ၏။

ညမှောင်ချိန်တွင် **မွေးပါမူ ပျင်းတတ်၏၊** ဥစ္စာများကို ပင်ပန်းကြီးစွာ ရှာရန်မလိုသော စည်းစိမ်ရှင်ဟု ဆိုကြရပေမည်၊ နားရွက်သည် ဦးခေါင်းနှင့်မကပ်၊ လွတ်လပ်စွာ ကွာနေသောသူများမှာ ပထမအရွယ် တတိယအရွယ်တွင် ကောင်းစားပြောသော်လည်း၊ ဒုတိယအရွယ်တွင်မူ ကုတ်ကုတ်ကတ်ကတ်ဖြင့် ဥစ္စာပစ္စည်းများကို ကြိုးပမ်းလုပ်ကြရပေသည်။

မိမိ ဆွေမျိုးသားချင်းများပေါ်တွင် သက်ညှာစွာပေါင်းသင်း ကြည့်ရှုတတ်ကြ၏။

ဟူးဟူးဒိုင်းဒိုင်း ပြောတတ်ဆိုတတ်၏၊ ဝမ်းထဲတွင်ကောက်၍ မနေတတ်ကြချေ၊ စိတ်ကောက်လျှင်လည်း ကြာရှည်ကြာမြင့် မကောက်တတ်ကြ။

မိမိ၏ အိမ်ထောင်ဖက်များပေါ်တွင် ကြင်နာတတ်သော လင်ကောင်း၊ မယားကောင်း ပီသလှလေ၏၊ ခြေသလုံး၊ ခြေမျက်စိ မြုပ်နေပါမူ အခြားသဏ္ဌာန် ရှိသူများထက် သည်းခံတတ်ကြလေ၏၊ ခါးတုတ်ခိုင်ပါမူ အစားအသောက် ခုံမင်တတ်ကြလေ၏၊ ဖော်ပြပါသဏ္ဌာန်

www.burmeseclassic.com

www.burmeseclassic.com



ရှိသူများမှာ အချို့ အချက်ပေါင်းများစွာ တူတတ်ကြလေ၏၊ အချို့ အချက်အလက်များမှာ ကွဲပြားစွာ ပါလာပါမူ များစွာသဏ္ဌာန်တူများ၏ အစိပ္ပါယ်ကိုယူ၍ အခြားပါဝင်သော သဏ္ဌာန်များ၏စရိုက် ရောနှောပါဝင်တတ်ကြသည်။

တစ်မျိုးတည်း သန့်သန့်ရှိသူများ ရှိတတ်ကြသော်လည်း ရောယှက်လျက် ပါရှိပါမူ ဖော်ပြပါအတိုင်း တွေ့ကြုံယူဆကြပါကုန်။

*　　*　　*

ခွေးမျက်နှာရှင် သိမှတ်လွယ်လာချက်

ခွေးအသွင်မျက်နှာရှင် မိန်းကလေးများမှာ များသောအားဖြင့် ထည်တိုင်အလွန်သေးခြင်း၊ စလုတ်ယောင်ယောင်ရှိခြင်း၊ လင်ယောက်ျား အပေါ်ဝယ် နွံ့ချင်တိုင်း မာယာကွန်ရက်ကို ဖြာယှက်ကာနွဲ့ခြင်း စသော ရောမာယာများသလောက် မိမိခင်ပွန်းသည်၏ကျေးဇူးကို မသိတတ်ကြပေ။

မှုယပိုက်ထွေး အချစ်ပေါ်တွင် ငယ်မူပြန်ကာ သေခါနီး အရွယ်အိုပင် ဖြစ်လင့်ကစား မပီကလာပီကလာဖြင့် ပြောတတ်ကြသည်။

မိမိခင်ပွန်းသည်အား တာချင်တိုင်းတာရုံနှင့် အားမရသေးပဲ ဆင်မရှိချိန်တွင် လူကောင်း၊ လင်အိမ်သို့ပြန်ချိန်ဝယ် ဝေဒနာသည်တမျှ ဟယာကြွယ်တတ်လှ၏။

ကိုယ်ဟန်ကား အဆမတန်သေးခြင်း၊ မျက်ရစ်တင်းခြင်း၊ နှာခေါင်းအလွန်ရှည်ခြင်း၊ လက်ဆံခြေဆံ ယောက်ျားကဲ့သို့ရှိခြင်း၊ လက်ဆစ်ကြီးခြင်း၊ ဆံပင်မကောင်းခြင်း၊ ကိုယ်နံ့ရှိခြင်း စသော အင်္ဂါရပ်များရှိသည့်ဖြင့် လင်ယောက်ျားကွယ်ရာတွင် သဘောငယ်ထား တတ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com





ခွေးမျက်နှာရှင်

www.burmeseclassic.com

www.burmeseclassic.com



မျက်ရစ်နှင့် ပတ်သက်၍ ဖော်ပြရသည့်ရှိသော် အပေါ်ရစ် ရှိသူသည် မိန်းမဂုဏ်မောက်ကာ ဇင့်ဖါတတ်၍၊ မျက်ရစ်ရှိသူသည် ကျိုးနွံသောစရိုက် ရှိတတ်သည်။

တင်ကားသူသည် တင်မရှိသူထက် မိဘအမွေကို ခံစားရ၏၊ သို့သော် တည့်မတ်ဖြောင့်မှန်သော စာဂမရှိဟု ယူဆကြလေသည်။

ခွေးအသွင်မျက်နှာရှင် အမျိုးသမီးများမှာ ရန်လိုတတ်ခြင်း၊ သည်းခံစိတ်နည်းခြင်း၊ လင်၏အလုပ်အကိုင်တွင် ပါဝင်စွက်ဖက်ခြင်းများကို အထူးသဖြင့် ဝါသနာပါတတ်သည်။

လင်၏ အပေါင်းအဖော်များ၏ ဆိုးပြစ်ကောင်းကျိုးကို ဝေဖန်ရန် စောလွန်းသေးသည့်အချိန်ပင် ဝေဖန်ပြောဆိုတတ်သည်။

တင်ကြီးနေပါမူ ရုပ်ဝါဒကို စိတ်အယူအဆထက်ပင် လေးစားတတ်၏။ ပေါင်လုံးကြီး၍ ခြေငယ်သူများမှာ ခွေးမျက်နှာအသွင်ပင် ဖြစ်လင့်ကစား သဘောပြည့်ဝစွာ လင်၏အလိုကို လိုက်တတ်သည်။

ခွေးမျက်နှာပိုင်ရှင်များမှာ နဖူးကား၍ မေးဝိုင်းမေးဖျားရှူး၏၊ ချွန်၏၊ နှာတံသွယ်၏၊ မျက်လုံးသူငယ်အိမ်ကြီး၏၊ အပေါ်နှုတ်ခမ်းထူ၍ အောက်နှုတ်ခမ်းပါး၏၊ လည်ညီတိုင်သွယ်၏၊ ရင်သားတွားကျုံး၏။

ယောက်ျားဆိုလျှင် ရင်အုပ်ကျယ်၏၊ လက်ဖျားရှည်၏၊ လက်တံခြေတံ သွယ်၍လျလျရှိတတ်၏။

သွားဖုံးသားနီလျှင် ကောင်း၏၊ သွားဖုံးနက်လျှင် သို့မဟုတ် သွားဖုံးသားအနက်များ ရောနေပါမူ သူတစ်ထူး၏ ဥစ္စာပစ္စည်းများကို ခိုးမင်တတ်၏၊ စောရနက္ခတ်နှင့် ဆိုင်၍ဖွားသူဟု အဆိုရှိ၏။

တင်သားရှုံးကာ ပေါင်တံပြည့်ဖြိုးသလောက် ခြေသလုံးငယ်၏၊ ခွေးမျက်နှာရှင် အမျိုးသမီးမှာ စကားသံရှည်၏၊ ယောက်ျားများကို မြှူခေါ်တတ်လှ၏၊ တွေ့တွေ့ဆိုင်ဆိုင် မျက်နှာချင်းဆိုင်၍ အရေးဆိုရာ၌

www.burmeseclassic.com



လိုက်တော့မလို မလိုက်သလိုနှင့် ဦးဇွာ အလွန်ခက်ခက်ခဲခဲနှင့် ကျကြရ၏။

ညွှားပါကလည်း သူတို့လောက် လင်ကိုချစ်တတ်သူ မရှိသလောက် အလိုလိုက်တတ်၍ ယုယတတ်၏။ လင်၏အလိုကိုသာ ကျေကျေနပ်နပ် ဖြစ်စေရမှု နှစ်သိမ့်တတ်ကြသည်။

သမီးမိန်းကလေးများပင် အပြုအစု ပြုလုပ်ခြင်းကို မလိုလားကြပေ၊ သားသမီးများ ရှာကာစဉ်း ရန်လိုတတ်လှသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဆင်မျက်နှာရှင် သိမှတ်လေ့လာချက်




## ဆင်မျက်နှာရှင်

- ထိုသူကား မေးရိုးကား၏၊ နှားရွက်ကြီး၏၊ မျက်လုံးသေး၏၊ နှာခေါင်းပေါက်ရှည်၏၊ ခြေတံလက်တံတုတ်၏၊ သွားကြီး၏၊ နှာခေါင်းထိပ်ဖျား လုံးဝန်း၏၊ ဆံပင်သန်၏၊ လည်ပင်းကြီးရမည် ဦးခေါင်းနောက်စေ့ထွက်၏၊ လမ်းသွားလျှင် ဝမ်းဘဲသွား သွားတတ်၏၊ တင်ရှူး၏၊

www.burmeseclassic.com

www.burmeseclassic.com



ကားပါမှ တင်ပြား၏။ နားရွက်ကိုကြည့်ပါက ဦးခေါင်းနှင့်မကပ်ပဲ ဘေးသို့ ကားထွက်နေပါမှ အလုပ်ကို ပင်ပင်ပန်းပန်း ပြုလုပ်ရ၏။ ဦးခေါင်းနှင့် ကပ်နေပါမှ သက်တောင့်သက်သာအလုပ်ကို လုပ်ရမည်။

ဖော်ပြပါအင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံပါလျှင် အသက်ရှည်ခြင်း၊ ဥစ္စာပစ္စည်း ပြည့်စုံခြင်းကို ရည်ညွှန်း၏။ ဝမ်းဘဲသွား သွားတတ်သူများသည် ပစ္စည်းကို ခုံခုံမင်မင် ခြိုးခြိုးခြံခြံ စုဆောင်းတတ်ကြလေသည်။

နှုတ်ခမ်းမွေးပါမှ အလုပ်နှင့်လက် မပြတ် လုပ်တတ်ကြ၏။ ညမှောင်ချိန်တွင်မွေးပါမှ ပျင်းတတ်၏။ ဥစ္စာများကို မပင်ပန်းကြီးစွာ ရှာရန်မလိုသော စည်းစိမ်ရှင်ဟု ဆိုရပေမည်။

နားရွက် ဦးခေါင်းနှင့်မကပ် လွတ်လပ်စွာ ကွာနေသူများမှာ ပထမအရွယ် တတိယအရွယ်တွင် ကောင်းစားခြေးသော်လည်း ဒုတိယအရွယ်တွင်မှ ကုတ်ကုတ်ကတ်ကတ်ဖြင့် ဥစ္စာပစ္စည်းများကို ကြိုးပမ်းပြုလုပ်ရပေမည်။

မိမိ ဆွေမျိုးသားချင်း မွေးချင်းများပေါ်တွင် သက်ညှာစွာ ပေါင်းသင်းကြည့်ရှုတတ်၏။ ဟုားဟုားဒိုင်းဒိုင်း ပြောဆိုတတ်၏။ ဝမ်းထဲတွင် ကောက်ကျစ်၍ မနေတတ်ကြချေ။

စိတ်ကောက်လျှင်လည်း ကြာရှည်ကြာမြင့် မကောက်တတ်ကြ။ မိမိအိမ်ထောင်ဖက်များ အပေါ်တွင် ကြင်နာတတ်သော လင်ကောင်း မယားကောင်း ပီသလှ၏။

ခြေသလုံး ခြေမျက်စိမြုပ်နေပါမှ အခြားသတ္တဝါနှင့်ရှိသူများထက် သည်းခံတတ်ကြ၏။ ခါးတုတ်ခိုင်ပါမှ အစားအသောက် ခုံမင်တတ်ကြ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## နွားမျက်နှာရှင် သို့မှတ်လေ့လာချက်

ထိုမျက်နှာရှင်များမှာ မျက်ခုံး မျက်ခွံနက်ကျယ်၏ နှာပွ၏ သွားများ မကောင်းတတ်ကြပေ၊ ပါးစပ် နှုတ်ခမ်းထူ၏ အသံအောတတ်၏ လည်တိုင်တုတ်၏။

ကိုယ်လုံးကိုယ်ထည် ဝသောသူများ၏ နားရွက် ပါးရှိပျော့၏ တုတ်ခိုင်သော တင်ကြီးများ ပုံစံပျက်မတတ် ကြီးတတ်ကြရာ၊ နဖူးကာ မေးဖျားလုံး၏။

မိမိလွှင်ယောကျ်ားကို ဈေးတောင်း ခေါင်းပေါ်ရွက်၍ ရှာကျွေးတတ်ကြ၏၊ အိမ်ထောင်ကို မိမိတစ်ဦးတည်း တတ်နိုင်သလော ဖန်တီးရှာဖွေတတ်ကြ၏ မေးရိုးကား၏၊ ကြီး၏၊ သားသမီးများတတ်၏ ရာဂစိတ် ပြင်းထန်တတ်ကြ၏။

စီးပွားရှာရာ၌ နေရာမရွေး သွားရောက်ရှာဖွေတတ်ကြ၏ မည်သည့်ကိစ္စကိုမဆို ပြီးပြီးပျောက်ပျောက် မဟုတ်မှုပဲ ထပ်တလဲ ပြန်လည်ပြောဆိုတတ်ကြ၏၊ ခင်သား၊ သားသမီးများ ကိစ္စတွ စိတ်ရှည်လက်ရှည် ပြုမှုတတ်ကြသည်။

ရပ်ရွာအရေး သာမှုနာမှု ကိစ္စများကို မနားမ ပြုပေးတတ်ကြရာ မိန်းမနှင့်ယောကျ်ား အတူတူဟု ယူဆ ရှေ့ရေးကိုတွေး၍ ပူပင်တတ်သူများ မဟုတ်ကြပေ၊ ဖြစ်သလိုနေ ရောင့်ရဲတတ်ကြရာ မိမိပင်ကိုထက် အခြားသူများ၏ ကိစ္စကို ဦးစားပေး ဆောင်ရွက်တတ်ကြ၏။

အပေါင်းအသင်းများ၏၊ ကူညီမစမှုကြောင့် ကြီးပွားရသေ သူများကို အများအပြား တွေ့ဖူး၏၊ ပျော်ပျော်ရွှင်ရွှင် ပွင့်ပွင့်လင်းလင်း ပြောဆိုရွှင်ပျော်တတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်းများကိုလည်း ဖြည့်ဖြည့်စွက်စွက် ပေါင်းသင်းဆက်ဆံတတ်ကြ၍ ပေါင်းလို့သင်းလို့ကောင်းသော ဖော်ရွေသူများပင် ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com





နွားမျက်နှာရှင်

* * *

www.burmeseclassic.com

www.burmeseclassic.com



## မျောက်မျက်နှာရှင် သိမှတ်လေ့လာချက်

မျောက်မျက်နှာရှင် ပိုင်ရှင်များကား ပါးစပ်အုံထွက်ခြင်း၊ မျက်လုံးသေးခြင်း၊ နားရွက်ငယ်ခြင်း၊ နှာခေါင်းပြားခြင်းများဖြင့် ရှိတတ်၏။ လက်တံ ပေါင်တံ ရှည်လှ၏။

ထိုမျက်နှာပိုင်ရှင်များသည် ကိုယ်လုံးကိုယ်ထည် သေးကွေး သည်နှင့်အမျှ မိမိကိစ္စ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ စပ်စုတတ်ကြ၏။ အချစ်ကိစ္စများ၌ လေးလေးနက်နက် မရှိတတ်ကြပေ။

မျက်ခုံးမွေးပါလျှင် ကွေ့ကောက်လျက် လဆန်းလပမာ ရှိပါမူ မုရာကြွယ်လျက် ပရိယာယ်များ၏၊ မိမိအလုကိုအားကိုး၍ အချုပ်အချယ်မရှိ နေတတ်ကြ၍ မဖြစ်သင့်သောကိစ္စများ ဖြစ်ပေါ်တတ်ကြသည်။

ပေါင်ရင်းသားကျယ်၍ ရင်သားဖွံ့ဖြိုးပါမူ အိမ်ထောင်တစ်ဆက်နှင့် မပြီးတတ်ကြချေ။

သားသမီးများကိုလည်း မခင်မင်တတ်ကြပေ၊ မည်သည့် မျက်နှာကိုမျှ မထောက်ထားပဲ ထင်ရာကို စွတ်လုပ်တတ်ကြ၏၊ ယောကျ်ားများဖြစ်ပါမူ ဥစ္စာပစ္စည်း အဖတ်မတင်၊ စုဆောင်း၍မရ၊ ဥစ္စာစည်းစိမ်ကြွယ်ဝခြင်း နည်းလှ၏။

လက်မှုပညာသည်များ စာပေလိုက်စားသူများ ပေါများလှ၏၊ မိမိကိုယ်တိုင်က သတ္တိနည်းငြားသော်လည်း ဟိုတို့ဒီတို့ကိုက်နှင့် တို့မီးရှို့မီး မြှူမှုကျင့်ကြံတတ်ကြ၏။

လက်ကိုဖြန့်၍ လမ်းလျှောက်သူများမှာ မိမိပြုရန်ရှိသော ကိစ္စများကို ပိုင်ပိုင်နိုင်နိုင် မဆုံးဖြတ်နိုင်ခြင်း၊ လျှို့ဝှက်သော ကိစ္စများကို တိုင်ပင်ရန် မသင့်လျော်ခြင်း၊ ထိုသူများသည် စိတ်ယောက်ယက်ခတ်တတ်သူ၊ စိတ်ဓာတ်ပျင်းရိခြင်း၊ လူမိုက်နှင့်ငွေ အတူမနေဆိုသော စကားပုံနှင့် တိုက်ဆိုင်သောလူမျိုးဟု အဆိုရှိ၏။

www.burmeseclassic.com

www.burmeseclassic.com


လက်များကိုဆုပ်လျက် လမ်းလျှောက်သူများမှာ အကြံကြီး အစည်ကြီး တစ်ခုခုကို မြဲမြဲစွာ လေ့လာကြံစည်သူ၊ လက်မနှင့် လက်ဖဝါးကိုဖြစ်စေ၊ လက်ညှိုးကိုဖြစ်စေ ညှစ်နေသည်ကို တွေ့မြင်ပါမူ ထိုလူ၌ တစ်စုံတစ်ခုသော ကိစ္စတစ်ခုခု၏ အညှ်အနှိပ် အကြိမ်ကြိမ် ခံနေရကြောင်း လေးနက်သော ဆုံးဖြတ်ချက်ချကာ ပြုမူတတ်သူဟု ယူဆပါ။

လက်ညှိုးနှင့်လက်သန်းကို ထုတ်ထားလျက် လက်ခလယ်နှင့် လက်သူကြွယ်တို့သည် ရင်ဘတ်ကို ထိရုံထိပြီး စကားပြောတတ်သူများမှာ မိန်းမများတွင် များစွာတွေ့ရပေမည်။

ထိုကဲ့သို့သော အမျိုးသမီးများမှာ မိမိကိုယ်ကို လှပစွာ ဝတ်စားတန်ဆာ ဆင်ယင်တတ်သူ၊ အနေအထိုင်တတ်သူ၊ မိမိ အိမ်ထောင်သည်များအား ကူညီလိုသူ၊ ညှိုးနွမ်းနေလျှင် ပျော်အောင်၊ စိတ်ဆိုးနေလျှင် ပြေစေရန် လုပ်ဆောင်နိုင်သော အိမ်သူကောင်းတစ်ဦး၏ အရည်အချင်းပြည့် ရတနာတစ်ပါးဟု အဆိုရှိ၏။

ဗိုက်လည်းပူမည်၊ လက်ဝဲဘက်ခါးကိုထောက်၍ လက်ညှိုး တငေါက်ငေါက် စကားသံ၈ူန်တင် ပြောတတ်သူကား အထက်ပါ အချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်၍ အဝေးကရှောင်ရန် သင့်လှပေသည်။

လူတစ်ဦးတစ်ယောက်ကို ရှေးဦးစွာ အမှတ်မထင် အကဲခတ်ရန် စကားမပြောမီ သူ၏ခြေဖြင့် ကြမ်းပြင်ကို တရွတ်တိုက်၍၊ ပြောလျှင်လည်း သူပြောသောစကားကို အမှန်ထင်တတ်၍၊ အခြားသူများပြောသော စကားကို လက်မခံတတ်ပေ၊ လူတစ်ယောက်သည် မိမိ၏ ခြေဖနောင့်နှင့် ထောက်၍ ခြေဖျားလှုပ်လျက် စကားပြောပါမူ ကစားခုန်စား လိုက်စားသူ၊ အပြိုင်အဆိုင်ကို ဝါသနာပါသူ၊ လူရှုံးနှင့် ပူပေါင်းအလုပ်လုပ်လိုသူဟု ယူဆပါ။

www.burmeseclassic.com

www.burmeseclassic.com




မျောက်မျက်နှာရှင်

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်သည် ခြေကို တင်ပျဉ်ချိတ်၍လည်းကောင်း၊ ခြေချင်း ကြက်ခြေခတ်၍လည်းကောင်း၊ စကားပြောတတ်သောသူသည် မိမိ၏အပြစ်ကို ဝန်ချတောင်းပန်ရန် ဝန်မလေးသူဟု မှတ်ယူပါ။

ပါးစပ်ကို အစွမ်းကုန်ဖြဲ၍ အသံထွက်အောင် ရယ်မောတတ်သူမှာ လူတစ်ဦးအား ကူညီလိုသူ၊ စောင့်စည်းတတ်သူဟု ယူဆပါ။

ပါးစပ်ကို ပွင့်ပွင့်လင်းလင်း မဖွင့်ပဲ မပွင့်တပွင့်ဖြင့် ရယ်မောတတ်သူမှာ အုံပုန်းသမားဖြစ်၍ မိမိကိုယ်တိုင် ဖြောင့်မတ်စွာ မကျင့်သူ၊ မိမိပြောသောစကားကို မိမိမယုံသူဟု အဆိုရှိ၏။ ထိုသူများမှာ အလွန်ယဉ်ကျေးဟန် ပြုမူတတ်ကြ၏။

လူတစ်ယောက်သည် အမှတ်မထင် မိမိလက်သုတ်သောစက္ကူကို ဆေးလိပ်တိုလုပ်၍ ပစ်ပါမူ သို့မဟုတ် ဆုတ်ချေ၍ ပစ်ပါမူ ထိုသူသည် ဒုက္ခတစ်ခုခုနှင့် ရင်ဆိုင်နေသူဟု ယုံမှတ်ပါလေ။

မိမိ၏ နှာခေါင်းကိုပွတ်၍ အဖြေပေးသူမှာ သူသည် အမှန်ကို မပြောလို၍ လိမ်လည်ပြောဆိုနေသည်ဟု ယူဆနိုင်ပေ၏။


* * *

www.burmeseclassic.com

www.burmeseclassic.com



ကျညီတတ်သည့် ယောကျ်ားပုံ



**အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်း ထူသောသူ**

အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်း နှစ်ခုစလုံးမှာ အသားအရေများ ထူနေသူမျိုးများသည် စိတ်သဘောထား အလွန်မြင့်မြတ်ကြပြီး လူတစ်ဖက်သားကို အမြဲတမ်း ကူညီစောင်မချင်စိတ်ရှိသည့် သူမျိုးများပင်ဖြစ်သည်။

ထိုလူမျိုးများသည် အသက်(၃၀)ကျော်သော အရွယ်တွင် ရာထူးအဆင့်အတန်း မြင့်မားစွာ နေထိုင်ကြရပြီး ကြွေးဓာအာဏာ ရှိလိမ့်မည်၊ ထိုလူမျိုးများသည် မိမိကိုယ်ကျိုးထက် အများကိုယ်ကျိုးကို သယ်ပိုးဆောင်ရွက်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



လူသည် စိတ်သဘောထားကောင်းသူ၊ စိတ်သဘောထား ညံ့ဖျင်းသူ စသည်ဖြင့် စိတ်ဓာတ်အမျိုးမျိုးရှိရာ အင်္ဂါရုပ်ပညာ တတ်သိနားလည်ထားသူ တစ်ယောက်အနေဖြင့် စိတ်နေသဘောထားနှင့် ပတ်သက်၍ မည်သူမျှ ကွယ်ဝှက်၍မရပါ၊ မျက်နှာပြင်ပေါ်တွင် ပေါ်လွင်နေမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် သင်သည် အထက်ဖော်ပြပါ အချက်အလက်များကို လေ့ကျင့်ပြီး ကျွမ်းကျင်စွာ တတ်မြောက်ထားမည်ဆိုလျှင် လူများ၏ စိတ်နေသဘောထားကို လျှပ်တစ်ပြက်အချိန်အတွင်း ကြည့်ရှုရုံမျှနှင့် မှန်ကန်စွာ ခွဲခြားပြောဆိုနိုင်ပါမည်။

ဤပညာရပ်ကို ဖတ်ရှုလေ့လာသူများအနေဖြင့် အထက်ဖော်ပြပါ အချက်များထဲမှ မကောင်းသော ညံ့သော အပိုင်းများနှင့် မိမိ၏ အင်္ဂါရုပ်ပုံစံမှာ တိုက်ဆိုင်တူညီမှု ရှိနေခဲ့သည်ရှိသော် ဦးစွာပထမ လုပ်ဆောင်ရန်အချက်မှာ မိမိ၏စိတ်ဓာတ်ရေးရာကို ကောင်းမွန်သည့် ဘက်သို့ ပြုပြင်ပြောင်းလဲပေးရန် အထူးပင် လိုအပ်ပါသည်။

လူဆိုသည်မှာ မိမိအကျိုးကိုသာ ဦးစွာကြည့်တတ်ပြီးမှသာ သူတစ်ပါး၏အကျိုးကို ဆောင်ရွက်တတ်သော သဘောရှိပါသည်။

လောကတွင် စီးပွားဥစ္စာ ပျက်စီးသည်ထက် အကျင့်စာရိတ္တ ပျက်စီးခြင်း၊ စိတ်ဓာတ် ပျက်စီးခြင်းသည် အဆိုးဆုံးပင် ဖြစ်ပါသည်။

စိတ်သည် ပင်ကိုသဘောအားဖြင့် မကောင်းသောအာရုံ၌ ပျော်မွေ့တတ်သော သဘောရှိသည်။

ထိုစိတ်ကို ကောင်းမွန်သော နေရာတွင် အသုံးမချမိဘဲ မကောင်းသော နေရာတွင် အသုံးပြုမိသဖြင့် များစွာသောလူတို့သည် ပျက်စီးဆုတ်ယုတ်ကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုပျက်စီးနေသောစိတ်ကိုပင် ဟုတ်မှန်သည်ထင်ပြီး လုပ်ချင်တိုင်း လုပ်နေကြသောကြောင့် တားဆီး၍ မရနိုင်အောင်ဖြစ်ကာ လမ်းဆုံးသို့သာ ရောက်တတ်ကြပါသည်။

ထို့အတူ လူတစ်ဖက်သားပေါ်တွင် မကောင်းမှုတစ်ခု မွေးဖွားလာခြင်းသည် မိမိအတွက်လည်း မကောင်းမှုတစ်ခု မွေးဖွားလာခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် အတ္တလွန်ကဲပြီး ဆန္ဒစောနေကြသော စိတ်ဓာတ်ကို ပယ်ဖျက်ပြီး ပရစိတ်ဓာတ်ဖြင့် သူတစ်ပါးကို ကူညီဖို့ ကြိုးစားရန် အထူးပင် လိုအပ်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## စာပေပညာတတ်မြောက်သူ (ဝါ) ဘွဲ့ဒီဂရီရရှိသူတစ်ယောက် ဖြစ်နိုင်-မဖြစ်နိုင် ဥပမိမျက်နှာ အကဲခတ်နည်း



ကျွန်ုပ်တို့သည် စာပေပညာတတ်မြောက်သူ (ဝါ) ဘွဲ့ဒီဂရီရရှိသောသူနှင့် ပတ်သက်၍ အဓိကထားပြီး ကြည့်ရှုလေ့လာရန်မှာ နဖူးပြင် တစ်ခုတည်းကိုသာပင် ဖြစ်ပါသည်။

စာပေပညာတတ်မြောက်သူ (ဝါ) ဘွဲ့ဒီဂရီရရှိသူ၏ နဖူးပြင်မှာ ဖြည့်တင်းညီညာ စိုပြည်နေပြီး အသားအရေ အရောင်အဆင်းပါ ကောင်းမွန်နေရပါမည်၊ ချိုင့်ခွက်များ ဖုထစ်များ မပါရှိရပဲ ပကတိညီစွာ ချောမွေ့နေရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်များသည် အလွန်အရေးကြီးသော အချက်များပင် ဖြစ်ပါသည်။ ထို့ပြင် နဖူးပြင်ထိပ်ပိုင်း ဆံစနားတွင်လည်း အနည်းငယ် မို့မောက်၍နေရပါမည်။

နဖူးပြင်ပေါ်သို့ ဆံပင်များ နိမ့်ဆင်းစွာပေါက်နေသူ (နဖူးကျဉ်း) မျိုးများဆိုလျှင် ညီညာတိကျ ပြတ်သားသော နဖူးဖြစ်မှသာလျှင် စာပေပညာ တတ်မြောက်ပေလိမ့်မည်။

ထိုနဖူးကျဉ်းလွန်းသော လူမျိုးများသည် နဖူးပြင်ကျယ်သော လူမျိုးများနှင့် နှိုင်းယှဉ်ပါလျှင် စာပေပညာအားဖြင့်လည်းကောင်း၊ ဉာဏ်ပညာအားဖြင့်လည်းကောင်း မထက်မြက်ကြသည်ကို အထူး သတိပြုရပါမည်။

ဤကဲ့သို့ဆိုလျှင် မဟာနဖူးကဲ့သို့ နဖူးပြင်ကျယ်ပြန့်စွာ ရှိနေကြသော်လည်း စာပေပညာ မတတ်မြောက်သူ (ဝါ) ဘွဲ့ဒီဂရီ မရရှိသူတွေ မြောက်မြားစွာ အဘယ်ကြောင့် ရှိနေကြပါသနည်းဟု ကျွန်ုပ်ကို မေးကြပေလိမ့်မည်။

နဖူးပြင်မကောင်းသည့် ယောက်ျားပုံ

၁



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အတွက်ကြောင့် ထိုကဲ့သို့ ဖြစ်ပေါ်ရသည်ကို ပြန်လည်၍ လေ့လာဆန်းစစ်ကြည့်လျှင် နဖူးပြင်ကျယ်နေသော်လည်း ညီညာချောမွေ့မှု မရှိပဲဖြစ်နေခြင်း၊ ချိုင့်ခွက်များ ပါရှိနေခြင်း၊ အရောင်အဆင်း မှုံးမှိန်နေခြင်းနှင့် နဖူးပြင် အလွန်မြင့်မောက်နေခြင်းတို့ကြောင့်ပင် ဖြစ်ပါသည်။

နောက်ကြည့်ရှုရန် အရေးကြီးသော အချက်တစ်ချက်မှာ နဖူးပြင် မည်မျှကောင်းမွန်နေသူ ဖြစ်နေကာမူ၊ အလယ်တွင် ဆံစထိုးပ်မှစ၍ အောက်ဘက်ထိ လိုင်းအစင်းရာကဲ့သို့ ထောင်လိုက်အရေးကြောင်း ပေါ်လွင်နေလျှင်လည်း စာပေပညာ မတတ်မြောက်နိုင်ပေ။

ထို့ကြောင့် ပထမအရွယ်တွင် ပညာရှာ၊ ဒုတိယအရွယ်တွင် ဥစ္စာရှာ၊ တတိယအရွယ်တွင် တရားမေ့အားထုတ်ဟူသော စကားအရ အင်္ဂါရုပ်ပညာတွင် ပထမအရွယ်ကို အဓိကထားပြီး ကြည့်ရှုလေ့လာရန် ဖြစ်သော နဖူးပြင်ကောင်းမှသာ စာပေပညာ တတ်မြောက်ပြီး မိမိ၏ ဘဝရှေ့ရေးရပ်တည်ချက် ကောင်းမည်ဖြစ်ပါသည်။

နဖူးပြင် အလွန်မြင့်မောက်နေသော အမျိုးသမီးဖြစ်လျှင်မူ အိမ်ထောင်ရေးပါ အဆင်မပြေ ဖြစ်တတ်ပါသည်။

ထိုအချက်သည် အိမ်ထောင်ရေးနှင့် ပတ်သက်၍ အလွန် အရေးကြီးသော အချက်ပင်ဖြစ်ပါသည်။

နဖူးပြင် ညီညာပြည့်တင်းစိုပြည်နေပြီး ထိပ်ပိုင်းဆံစနားတွင် အမွေးနုကလေးများ လုံးဝမရှိပဲ ပကတိချောမွေ့နေသူမျိုးများဆိုလျှင် ငယ်ဇာတာ အလွန်ကောင်းသူ တစ်ယောက်ပင်ဖြစ်၏။

နဖူးပြင်၏ အသက် အပိုင်းအခြားမှာ အသက်(၁၅)နှစ်မှ (၃၀)နှစ်အထိဖြစ်၍ နဖူးကောင်းမှသာ စာပေပညာ (ဝါ) ဘွဲ့ဒီဂရီ ရရှိပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ နဖူးဆံ့စထိပ်ပိုင်းတွင် အမွေးနုကလေးများစွာ ပေါက်နေသူမျိုး ဖြစ်နေလျှင် ထိုသူသည် ငယ်ရွယ်စဉ်တွင် ၎င်း၏ မိဘဖြစ်သူများ အလုပ်အကိုင် အဆင်မပြေဖြစ်ခြင်းကြောင့် စီးပွားရေး ကျဆင်းနိုင်သည်။

ထို့ပြင် နဖူးပြင်ဆံစထိပ်တွင် ဆံပင်အချွန်ကလေး ဖြစ်ပေါ်နေသူမျိုးများသည်လည်း ငယ်ရွယ်စဉ်အခါတွင် အလွန်ညံ့တတ်ပြီး အသက်(၂၁)နှစ် အရွယ်တွင်လည်း အလွန်ညံ့တတ်ပါသည်။

* * *

## အရာရှိကြီး ဖြစ်နိုင်မည့်သူ၊ အရာရှိကြီး မဖြစ်နိုင်မည့်သူ စသည်တို့ကို ခွဲခြား၍ ဥပဓိမျက်နှာ အကဲခတ်နည်း

ကျွန်ုပ်တို့သည် အစိုးရဌာနများတွင် အမှုထမ်းနေသူတစ်ယောက် ဖြစ်လျှင် အရာရှိကြီး ဖြစ်နိုင်သူ၊ အရာရှိကြီး မဖြစ်နိုင်သူ စသည်တို့ကို လျှပ်တစ်ပြက် အချိန်အတွင်းမှာပင် လျင်မြန်စွာဖြင့် အကဲခတ်နိုင်သော နည်းကို အောက်ဖော်ပြပါအတိုင်း လေ့လာဆန်းစစ်ကြပါစို့။

အရာရှိကြီး ဖြစ်နိုင်မည့်သူနှင့် အရာရှိကြီး မဖြစ်နိုင်မည့် သူများမှာ အင်္ဂါရုပ်ပုံစံချင်းမှာ အကွဲ့နတရာမျှ ခြားနားလှပါသည်။ ဤကဲ့သို့ ခွဲခြားသိရှိနိုင်ရန်မှာ အလေ့အကျင့် အနည်းငယ် လုပ်ဆောင်ပေးရသည်။

ပထမဦးဆုံးကြည့်ရှုရန် အရေးကြီးသည့်အချက်မှာ နဖူးပြင် ညီညာပြည့်တင်း စိုပြည်နေရပါမည်၊ ထိုအချက်သည် အရာရှိကြီး ဖြစ်နိုင်မည့်သူကို အဓိကထားပြီး အကဲခတ်ရန်မှာ အရေးကြီးဆုံးပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


အရာရှိကြီး မဖြစ်နိုင်
နဖူးပြင်ပေါ်သို့ ဆံပင်များနိမ့်ဆင်းစွာ ပေါက်နေသူ



နဖူးပြင်ပေါ်ကို ဆံပင်များနိမ့်ဆင်းစွာ ပေါက်နေသူ (နဖူးကျဉ်း) သည် အရာရှိကြီး မဖြစ်နိုင်ပါ။

ဤကဲ့သို့ဆိုလျှင် စာရှုသူများအနေဖြင့် ကျွန်ုပ်အား စောဒကတက်ပေလိမ့်မည်။ ဒီလိုဆိုလျှင်ကော နဖူးပြင်ကျယ်နေတိုင်း အရာရှိကြီး ဖြစ်နိုင်မည်လားဟု မေးစရာ ရှိပေလိမ့်မည်။

ဆက်လက်၍ ရှင်းပြပါမည်။ နဖူးပြင် ကျယ်တိုင်းလည်း အရာရှိကြီး မဖြစ်နိုင်သည်သာမက စာပေပညာ မတတ်မြောက်သူ (ဝါ) ဘွဲ့ဒီဂရီ မရရှိသူတွေ အများကြီးပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း နဖူးကျဉ်းသူနှင့်နှိုင်းစာလျှင် ဉာဏ်ပညာ အမြော်အမြင် ပိုမို၍ ရှိတတ်ပါသည်။ အရှင်းဆုံးတင်ပြရလျှင် နဖူးကျဉ်းသူထက် နဖူးကျယ်သူက ပို၍ စဉ်းစားဉာဏ် ရှိပါသည်။

နောက် ဒုတိယ အရေးအကြီးဆုံးအချက်မှာ နဖူးပြင် ကျယ်နေသော်လည်း အသံမကောင်းလျှင် အရာရှိကြီး မဖြစ်နိုင်ပါ။ (အသံမကောင်းလျှင်ဆိုရာ၌ အသံကွဲအက်နေခြင်း၊ အသံအလွန်တိုးနေခြင်း၊ စကားပြောလျှင် ဗလုံးဗထွေးနှင့် မပီသပဲ ပြောဆိုတတ်ခြင်းတို့ပင် ဖြစ်ပါသည်။)

အသံကောင်းမွန် ကြည်လင်မှသာ အရာရှိကြီး ဖြစ်နိုင်ပါသည်။

အထက်ပါ အရေးကြီးသော အချက်နှစ်ချက် ပြည့်စုံမှသာ အောက်ပါ အချက်အလက်များထဲမှ အချက်တစ်ချက် ထပ်မံပြည့်စုံနေပြီ ဆိုလျှင် မုချမလွဲမသွေ အရာရှိကြီး ဖြစ်လိမ့်မည်ကို ဖတ်ရှုလေ့လာခြင်း အားဖြင့် သက်သေခံပါလိမ့်မည်။

ဦးစွာ လေ့လာကြည့်ရှုရန်မှာ မျက်နှာပြင်ပေါ်ရှိ အောက်မျက်ရိုး နှစ်ဖက်ပင် ဖြစ်ပါသည်။ ၎င်းအောက်မျက်ရိုးများသည် မျက်ကျယ်၍ အနည်းငယ်ကားနေပြီး၊ (မျက်ကျယ်နေရမည် ဆိုရာတွင် အရိုးများ အလွန်မြင့်မောက်နေခြင်းကို မဆိုလိုပါ၊ အကယ်၍ အောက်မျက်ရိုးများ အလွန်မြင့်မောက်နေလျှင် ဆင်းရဲဒုက္ခ ရောက်တတ်သည်ဖြစ်ရာ ဤအချက်ကို အထူးဂရုပြုပြီး လေ့လာပါ။)

နဖူးပြင်သည်လည်း ပြည့်တင်းညီညာစွာ စိုပြည်နေကာ မျက်စိနှစ်လုံးပါ အရောင်အဆင်း ကြည်လင်တောက်ပနေမည်ဆိုလျှင် မုချမလွဲမသွေ အရာရှိကြီးတစ်ယောက် ဖြစ်နိုင်ပေလိမ့်မည်။

ထို့ပြင် နဖူးပြင်ပေါ်ရှိ နဖူးထောင့်နှစ်ဖက်မှ အရိုးများသည်လည်း အပေါ်ထောင်တက်နေသည်ကို ထင်ရှားပေါ်လွင်စွာ မြင်နေလျှင် ပိုမို၍ပင်

www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်းမြင့်စွာ နေထိုင်အုပ်ချုပ်ရသော အရာရှိကြီး (သို့မဟုတ်) ဗိုလ်မှူးကြီးတစ်ယောက် မလွဲကေန် ဖြစ်ပေလိမ့်မည်။

သို့သော် သင်သည် အထူးဂရုပြုပြီးကြည့်ရန် အချက်တစ်ချက်မှာ အထက်ဖော်ပြပါ အင်္ဂါရုပ်ပုံစံ ရှိသောသူသည် မျက်စိပါ အရောင်အဆင်း ကြည်လင်နေမှသာ အရာရှိကြီး ဖြစ်နိုင်မည်ဆိုသော အချက်ကိုမူ အထူးသတိပြုသင့်ပါသည်။

ကျွန်ုပ်၏ အတွေ့အကြုံလေးတစ်ခုကို တင်ပြပါဦးမည်။

ကျွန်ုပ်နှင့် လွန်စွာမှ ခင်မင်ရင်းနှီးသော ငယ်သူငယ်ချင်းတစ်ဦးမှာ ယခုဖော်ပြထားသော နဖူးပြင်ပေါ်မှ အရိုးများထောင်တက်နေသည်ကို တွေ့ရှိရပါသည်။

သို့သော်လည်း ၎င်းသည် အရာရှိကြီး မဖြစ်နိုင်သည်သာမက စာပေပညာပင် 'မတတ်မြောက်ပဲ 'ရိုးရိုးသာမန် အလုပ်သမားတစ်ဦး ဘဝအဖြစ်သာ ဆင်းရဲပင်ပန်းကြီးစွာ လှုပ်ကိုင်စားသောက်နေသည်ကို ယခုအချိန်အထိ တွေ့ရှိရပါသည်။

အဘယ်ကြောင့် ထိုကဲ့သို့ ဖြစ်ပေါ်နေရသည်ကို ကျွန်ုပ်အနေနှင့် ပြန်လည်လေ့လာ' ဆန်းစစ်အဖြေရှာလိုက်သောအခါတွင် ၎င်း၏နဖူးပြင်မှ အရိုးများ ထောင်တက်နေသော်လည်း နဖူးပြင်မှာ ညီညာကျယ်ပြန့်မှု မရှိပဲ နိမ့်ချိုင့်နေခြင်း၊ မျက်စိနှစ်လုံးများလည်း , အရောင်အဆင်း ကြည်လင်တောက်ပမှု မရှိပဲ မှေးမှိန်နေသည်သာမက အသားအရေပါ ခြောက်ကပ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် အင်္ဂါရုပ်ပုံစံ မည်မျှပင်ကောင်းနေသောသူပင် ဖြစ်သော်လည်း နဖူးပြင်ညီညာမှု မရှိခြင်း၊ မျက်စိအရောင်အဆင်း မှေးမှိန်ခြင်း၊ အသားအရေအရောင်အဆင်း ခြောက်ကပ်ခြင်းတို့ ဖြစ်ခဲ့လျှင် အရာရှိကြီး မဖြစ်နိုင်သည်သာမက အသက်(၃၄)နှစ်ကျော် အရွယ်တွင်

www.burmeseclassic.com

 www.burmeseclassic.com 

အလုပ်အကိုင် အဆင်မပြေဖြစ်ခြင်း၊ စီးပွားရေးကျဆင်းခြင်းတို့အပြင် ကျန်းမာရေးပါ ချွတ်ယွင်းနိုင်ခြင်းတို့ ဖြစ်နိုင်ပါသည်။

လူ၏ဦးခေါင်းမှ နောက်စေ့ရိုးသည်လည်း ဉာဏ်ပညာနှင့် ပတ်သက်၍လည်းကောင်း၊ အလုပ်အကိုင်အဆင့်အတန်းနှင့် ပတ်သက်၍ လည်းကောင်း၊ နဖူးပြင်ကဲ့သို့ပင် အလွန်တရာမှ အရေးကြီးပါသည်။

အရာရှိကြီး ဖြစ်မည့်ပုံ
နောက်စေ့မှ လှပနေသည့်သူ



နောက်စေ့သည် လှပပေါ်လွင်စွာဖြင့် ထွက်ရှိနေလျှင်လည်း ရာထူးကြီး ရရှိနိုင်ပါသည်။ နောက်စေ့ရိုးကြီးလျှင် ကြီးသကဲ့သို့ နောက်စေ့ရိုးသေးငယ်လျှင် သေးငယ်သကဲ့သို့ အကျိုးရလဒ်များ ခံစားရပါမည်။

www.burmeseclassic.com

www.burmeseclassic.com


ဦးခေါင်းကြီးပြီး နားထင်ကျယ်နေကာ ခါးကျော့ပါ
ရှည်နေသူများသည်လည်း အရာရှိကြီး ဖြစ်လိမ့်မည်။
ဦးခေါင်းကြီးသူသည် ဉာဏ်ကြီးသူပင် ဖြစ်ပါသည်။
မျက်နှာပြင်ပေါ်မှ အရိုးများ (နဖူးရိုး၊ နှာခေါင်းရိုး၊ နောက်စေ့ရိုး၊
နားထင်ရိုး)သည် အလွန်ထင်ရှားပေါ်လွင်နေလျှင်လည်း အသင့်အတန်၊
အလွန်မြင့်မားသောအရာရှိကြီး ဖြစ်လိမ့်မည်။
အစိုးရဌာနများတွင် မလုပ်ကိုင်ပဲ စီးပွားရေးလုပ်ကိုင်သူ
ဖြစ်ပါကလည်း ငွေကြေးချမ်းသာကြွယ်ဝသူ ဖြစ်လိမ့်မည်၊ ထို့ပြင်
ကျန်းမာရေးပါ အလွန်ကောင်းသူများ ဖြစ်လိမ့်မည်။
အတွေ့အကြုံတစ်ခုကို ထပ်မံတင်ပြပါဦးမည်။
အထက်ဖော်ပြပါ အချက်အလက်များနှင့် ပြည့်စုံသော
လူတစ်ယောက်သည် အစိုးရဌာနကြီးတစ်ခုတွင် အုပ်ချုပ်ရေး
အရာရှိကြီးအဖြစ် လုပ်ကိုင်ဆောင်ရွက်နေရာမှ သက်ပြည့်ပင်စင်ယူပြီး
ပြင်ပတွင် စီးပွားရေးလုပ်ငန်းတစ်ခုကို ဆက်လက်လုပ်ကိုင်ရာ
အောင်မြင်မှုရပြီး ချမ်းသာကြွယ်ဝနေသည်ကို တွေ့ရှိရပါသည်။
ထို့ကြောင့် ကျွန်ုပ်တို့ပါမှုသာရပ်တွင် ဤကဲ့သို့ မျက်နှာပြင်ပေါ်မှ
အရိုးများ ပေါ်လွင်ထင်ရှားနေသူကို အနှစ်သက်ဆုံးပင် ဖြစ်ပါသည်။
ဤအချက်ကို ဆက်လက်၍ ရှင်းပြပါဦးမည်။
အရိုးများ ထင်ရှားပေါ်လွင်နေသည်ဟုဆိုသော အချက်မှ
ပိန်နေသောသူများသာ အရိုးပေါ်နေမှာပေါ့၊ ဝသောသူကော
အရိုးပေါ်ပါမလားဟု ကျွန်ုပ်အား မေးစရာရှိပေလိမ့်မည်။
မဆိုင်ပါ၊ ဝသောသူ ပိန်သောသူနှင့် ထိုအချက်သည်
လုံးဝမဆိုင်ပါ၊ ပင်ကိုမွေးရာပါ မျက်နှာပြင်ပေါ်တွင် အရိုးများသည်
ထင်ရှားစွာ ပေါ်လွင်နေခြင်းသာလျှင် ဖြစ်ပါ၏၊ လက်တွေ့လေ့လာကြည့်၍
သိရှိရပါလိမ့်မည်။

www.burmeseclassic.com



အထက်ဖော်ပြပါ အချက်အလက်များ မျက်နှာပြင်ပေါ်တွင် ပေါ်ပေါက်နေမှသာ အရာရှိကြီး ဖြစ်ပေလိမ့်မည်၊ ထိုအချက်များ မပါရှိလျှင်မူ အရာရှိကြီး မဖြစ်နိုင်တော့ပါ။

* * *

## ရှေးကျသော တရုတ်ဂန္ထာလရာဇ် မှဲ့သျှတ္တရ မျက်နှာပြင်မှ လျှို့ဝှက်အဖွင့်များ

တရုတ်လူမျိုးတို့ ရှေးအစဉ်အလာကပင် ယုံကြည်ခဲ့သော ဂန္ထာလရာဇ် မှဲ့သျှတ္တရ ပညာကျမ်းများ ရှိခဲ့သည်။

တရုတ်လူမျိုးတို့၏ အယူအဆတွင် လူတစ်ဦးတစ်ယောက် မျက်နှာပေါ်တွင်ရှိသော မှဲ့အမှတ်အသား တစ်ခုတည်းကိုသာမက မျက်နှာပေါ်ရှိ အရေးအကြောင်းများနှင့် ဆက်စပ်ပြီး ဖြစ်ပျက်လာမည့် အဟောနိမိတ်များကို ဖော်ထုတ်လေ့ရှိ၏။

ထို့ကြောင့် တရုတ်လူမျိုးတို့ ယုံကြည်စွာ လက်ခံထားသော မှဲ့သျှတ္တရပုံနှင့် မျက်နှာပေါ်ရှိ အရေးအကြောင်းများကို ဆက်လက် ဆက်စပ်ပြီး လျှို့ဝှက်အဖွင့်များကို ဖော်ပြလိုက်ပါသည်။

(ပုံစံ–အက္ခရာ က)...

၁။ အရောင်းအဝယ် လုပ်ငန်းများတွင် ကံကောင်းမည်။

၂။ ကံဆိုးမည်၊ သို့ရာတွင် သင်သည် အဆိုပါကံဆိုးမှုများကို ကျော်လွှန်နိုင်လိမ့်မည်။

၃။ သင်သည် ဘဝ၏အောင်မြင်မှုကို ပြုလုပ်ရာတွင် အခက်အခဲများစွာ တွေ့ရလိမ့်မည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



၄။ အကယ်၍ ထိုမှဲ့သည် အနီရောင်ဖြစ်နေလျှင် မီးဘေးအန္တရာယ်ကို သတိထားပါ။
၅။ သင်သည် ငွေအမြောက်အမြားကို ရနိုင်ဖွယ်ရှိသည်။
၆။ သင့်မှာ ဆန္ဒကျင်ဘက်လိင်အတွက် အားနည်းချက် တစ်ခုရှိသည်။
၇။ ဇနီးသည်အတွက်ဖြစ်စေ၊ ခင်ပွန်းသည်အတွက်ဖြစ်စေ၊ မကောင်းပါ။
၈။ အရောင်းအဝယ် အလုပ်အကိုင်များ၊ ဆက်ဆံပြောဆိုရသော လုပ်ငန်းများ လုပ်ကိုင်ရာ၌ သတိထားရမည်။
၉။ သင့်ချက်မြှုပ်ရာဒေသမှ အခြားဝေးလံသော နေရာဒေသများသို့ မသွားပါနှင့်၊ ခရီးအန္တရာယ်ဘေး တွေ့ရှတတ်သည်။
၁၀။ သင်သည် မိမိနေအိမ်မှ အခြားနေရာ၌ အလုပ်အကိုင်တွေ့ရှိလျှင် အဆိုပါလုပ်ငန်းများကို တိုးတက်မှုအတွက် ကံကောင်းလိမ့်မည်ဟု မျှော်လင့်နိုင်သည်။
၁၁။ သင့်အား လူသိများဖွယ်ရှိသည်၊ ထို့နောက် များစွာအောင်မြင်မှု ရရှိနိုင်သည်။
၁၂။ သင်သည် အရင်ဆုံး ဟသား (သို့မဟုတ်) သမီးအတွက် မကောင်းတာဖြစ်မည်။
၁၃။ သင်သည် အကြီးဆုံးသောသား (သို့မဟုတ်)၊ သမီးအတွက် မကောင်းတာဖြစ်မည်။
၁၄။ သင်သည် မတော်တဆ အပြင်းအထန် ထိခိုက်ဒဏ်ရာ ရဖွယ်ရာ ရှိသည်။
၁၅။ သင့်မိခင် (သို့မဟုတ်) ဖခင်အတွက် မကောင်းပါ။
၁၆။ သင့်ရည်းစားအတွက် စိတ်သောက ရောက်ရမည်။
၁၇။ သင်သည် မင်းခစား ဝန်းထမ်းလုပ်လျှင် ရာထူးတိုးမြှင့်ခြင်း ခံရဖွယ်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၈။ သင်၌ အမှုခင်းတစ်ခု ဖြစ်တတ်သည်။
၁၉။ သင်သည် အချိန်ကြာမြင့်စွာ အလုပ်လက်မဲ့ ဖြစ်ဖွယ်ရှိသည်။
၂၀။ သစ်ယ်အလုပ်မဆို တဖြည်းဖြည်းနှင့် တိုးတက်အောင်မြင် ကြီးပွားချမ်းသာ ရတတ်သည်။
၂၁။ ဘွဲ့ထူးဂုဏ်ပြုခံရမည်၊ ပစ္စည်းဥစ္စာ ချမ်းသာမည်။
၂၂။ ဝမ်းနည်းပူဆွေး သောကတွေ့ရမည်။
၂၃။ သက်ဆိုးမရှည်ပါ။
၂၄။ နှုတ်မလုံ၊ စောင့်ထိန်းရန် အထူးလိုအပ်သည်။
၂၅။ ကျန်းမာရေး ချို့တဲ့သည်။
၂၆။ အလုပ်အကိုင်ကြိုးစား၍ သည်းခံသောစိတ်ထား ရှိတတ်သည်။
၂၇။ အပျော်အပါး မကောင်းတာများ လိုက်စားတတ်သည်။
၂၈။ သင်သည် ငွေအတွက် လိုတရ ဖြစ်နိုင်ဖွယ်ရှိသည်။
၂၉။ ကြိုးစားလုပ်ကိုင်သမျှ အောင်မြင်မှုအပေါင်းများစွာ တွေ့ကြုံရမည်။
၃၀။ အချုပ်နှင့်ထောင် ကျခံရမည်။
၃၁။ သင်၏ငွေ မမြဲ၊ ဂရုစိုက်သုံးစွဲရန် အထူးလိုအပ်သည်။
၃၂။ သင့်ဘဝ စိတ်ချမ်းသာမှုများ တွေ့ရလိမ့်မည်။
၃၃။ မိသားစုဘေးဒုက္ခကို သတိထားရမည်။ (အရေး)
၃၄။ အသက်ရှည်စွာ နေရမည်။
၃၅။ စိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှု၊ ပစ္စည်းဥစ္စာချမ်းသာမှု အပေါင်းဖြစ်၍ ပျော်ရွှင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com





တရုတ်အယူအဆ မျက်နှာပြင်မှ အရေးအကြောင်းများအဟော

လူတစ်ယောက် တစ်ဦး၏ ကံကြမ္မာကို မှဲ့များကိုချည်း သက်သက်ကြည့်ပြီး မဟော ိုင်ပါ၊ ယခုဖော်ပြမည့် မျက်နှာပြင်ပေါ်ရှိ အရေးအကြောင်းများနှင့် ဆက်စပ်ပြီး အဟောထုတ်ရမည်။

ဥပမာ ဘယ်ဘက်ပါး အောက်ပိုင်းရှိ မှဲ့နံပါတ်(၂၈)၊ သင်သည် ငွေအမြောက်အမြား ရနိုင်ဖွယ်ရှိသည်ဟု ဖော်ပြထားသည်။

သို့သော် အဆိုပါအဟောကို ပါးဘက်ရှိ နှာခေါင်း ပါးစပ် ထောင့်အထိ ရှည်လျားသော အရေးအကြောင်းလမ်း (လိုင်းနံပါတ်၈)က ပယ်ဖျက်လိုက်သည်။

ဤအရေးအကြောင်း (လိုင်း)ပါသောသူ တစ်ဦးတစ်ယောက်တွင် ခက်ခဲကြမ်းတမ်းသည့် အချိန်အခါများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ (ပုံစံ–အက္ခရာ ခ)

www.burmeseclassic.com



၁။ မြှင့် ဖော်ပြထားသော နမူနာပေါ်ရှိ အလျားလိုက် အရေးအကြောင်း (၃)ခုကား အသက်ရှည်မည့်ကို ဖော်ပြသည်။

၂။ ဘယ်ဘက်မျက်ခုံးပေါ် ကန့်လန့်ဖြတ် အရေးအကြောင်းက သင်သည် သတိမထားလျှင် ဒုက္ခတွေ့ရလိမ့်မည်ကို ဖော်ပြသည်။

တရုတ်တို့၏ အယူအဆအရ အဆိုပါ အရေးအကြောင်းများကို ဘေးဒုက္ခဖိတ်နေသော အရေးအကြောင်းဟု ခေါ်သည်။

၃။ ဘယ်ဘက်မျက်ခုံးကို ကန့်လန့်ဖြတ်သော အရေးအကြောင်းကလည်း ဘေးဒုက္ခကို ဖော်ပြပါသည်။

ဤအရေးအကြောင်းကြောင့် သင်သည် အနီးစပ်ဆုံးသော ဆွေမျိုးသားချင်းများ ငယ်ငယ်ရွယ်ရွယ်နှင့် မသေဆုံးခဲ့ဖူးလျှင် သင်ကိုယ်တိုင် ထောင်တန်းကျဖွယ်ရာရှိသည်။

၄။ ဘယ်ဘက်မျက်လုံးထောင့်ရှိ အရေးအကြောင်းသည် အမြဲမပြတ် လမ်းလျှောက်ပြီး ပြေးလွှားနေခြင်းကို ဖော်ပြသည်။

ဤအရေးအကြောင်းရှိသော လူတစ်ယောက်သည် အသက်မွေးဝမ်းကျောင်းကို ပင်ပန်းခက်ခဲစွာ လုပ်ကိုင်ရပြီး ခရီးများစွာလည်း သွားရဖွယ်ရှိသည်။

၅။ အရေးအကြောင်း (၄)နှင့်(၅) ဆက်သွယ်နေလျှင် အဆိုပါပုဂ္ဂိုလ်သည် မိမိချက်မြှုပ်ရာဌာနမှ ခရီးဝေးသွားရလိမ့်မည်၊ ကုန်သည်ရောင်းဝယ်ရေး ခရီးထွက်၍ လုပ်ကိုင်စားသောက်သော လုပ်ငန်းမှာ အများဆုံး လုပ်ကိုင်နေရမည်။

၆။ အရေးအကြောင်းက သင်သည် မုဆိုးဖိုတစ်ယောက် ဖြစ်ဖွယ်ရာ ရှိသည်၊ (သို့မဟုတ်) အကြိမ်ပေါင်းများစွာ လက်ထပ်မည်ကို ဖော်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



၇၊၈၊၉။ တို့ဖြင့် ဖော်ပြထားသော အရေးအကြောင်းများက လူတစ်ဦး
ထစ်ပေါက်သည့် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် သူတို့အား
ချစ်သူများက စွန့်ပစ်ခြင်းကို ခံရပြီး၊ သူ့ဘဝတွင် အချိန်
ကြာမြင့်စွာ တစ်ယောက်တည်း နေရတတ်သည်။
၁၀။ အရေးအကြောင်းက အချုပ်အနှောင် ခံရမည်ကို ဖော်ပြသည်။
၁၁။ အရေးအကြောင်းက မတော်တဆ ထိခိုက်ဒဏ်ရာ အပြင်းအထန်
ဒဏ်ရာရပြီး သေဆုံးခြင်း၊ အခန့်မသင့်ပါက ရုတ်တရက်
သေဆုံးကြောင်း ဖော်ပြသည်။
၁၂။ ဖော်ပြထားသော အရေးအကြောင်းက အမွေခံသားသမီး
ကင်းမဲ့တတ်သည်ကို ဖော်ပြသည်။
ဤအချက်မှာ တရုတ်လူမျိုးတို့၏ အယူအဆ အရေးကြီးဆုံး
အချက်ဖြစ်သည်။
၁၃၊၁၄။ ဖြင့် ဖော်ပြထားသော ပါးစပ်အောက်နှင့် မေးစေ့တစ်ပိုက်ရှိ
အရေးအကြောင်းများက ရေဘေးသီချိုင်း တွေ့နိုင်ကြောင်း
ဖော်ပြသည်။
၁၅။ ဖြင့် ဖော်ပြထားသော အရေးအကြောင်းက အသက်ရှည်ခြင်း၊
ပစ္စည်းဥစ္စာ ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်းကို ဖော်ပြသည်။
၁၆။ ဖြင့် ဖော်ပြထားသော အရေးအကြောင်းက စိတ်သောက
အမျိုးမျိုးရောက်ပြီး အသက်မွေးဝမ်းကျောင်းအတွက် ပင်ပင်ပန်းပန်း
လုပ်ကိုင်ရမည်ကို ဖော်ပြထားသည်။

အထက်ဖော်ပြပါတို့မှာ တရုတ်လူမျိုးတို့၏ ရှေးအစဉ်အလာ
ကတည်းကပင် ယုံကြည်စွာဖြင့် လက်ခံထားသော မျက်နှာပေါ်ရှိ
အရေးအကြောင်းလိုင်းများ၏ တစ်စိတ်တစ်ဒေသပင် ဖြစ်ပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ချမ်းသာမည့်သူနှင့် ဆင်းရဲမည့်သူများကို ခွဲခြား၍ ဥပမိမျက်နှာ အကဲခတ်နည်း

ကျွန်ုပ်တို့သည် ငွေကြေးကြွယ်ဝချမ်းသာသူနှင့် ဆင်းရဲသောသူများကို ခွဲခြားကြည့်ရှုလေ့လာလျှင် အင်္ဂါရုပ်ပုံစံချင်းမှာ အလွန်တရာမှ ကွာခြားလှပါသည်။

လူတချို့တို့သည် ဥပမိရုပ် တည်ကြည်ခန့်ညားကြသော်လည်း စီးပွားရေး အဆင်မပြေသောသူ၊ ဆင်းရဲဒုက္ခ ရောက်နေသောသူများ ဖြစ်နေကာ၊ ဥပမိရုပ် ခန့်ညားခြင်းမရှိပဲနှင့် ငွေကြေးချမ်းသာကြွယ်ဝသူများစွာလည်းရှိနေပါသည်။

ဤပညာရပ်တွင် ဥပမိရုပ် တည်ကြည်ခန့်ညားခြင်းသည် ချမ်းသာကြွယ်ဝခြင်းနှင့် ဆိုင်သော်လည်း၊ များသောအားဖြင့် ချမ်းသာကြွယ်ဝသော လူများသည် ဥပမိရုပ် တည်ကြည်ခန့်ညားသည်တို့ တွေ့ရှိရပါသည်။

ဘယ်အတွက်ကြောင့်နည်း...

ငွေကြေးချမ်းသာ ကြွယ်ဝသူများကို ကြည့်ရှုလေ့လာ အကဲခတ်ရန်မှာ ဦးစွာ နှာခေါင်းကိုအဓိကထားပြီး ကြည့်ရှုရလိမ့်မည်။

နှာခေါင်းသည် လူတစ်ယောက်၏ ချမ်းသာကြွယ်ဝခြင်းကိုပြသော အဓိကသောချက်ပင် ဖြစ်ပါသည်။

ထိုလူမျိုးများ၏ နှာခေါင်းသည် အသားအရေ ပါး၍မနေပဲ အသားအရေ ပြည့်ဖြိုးစိုပြည်နေပြီး မျက်နှာပြင်မှ အရောင်အဆင်းပါ ကြည်လင်တောက်ပနေမည်ဆိုလျှင် ငွေကြေးချမ်းသာ ပြည့်စုံသူတစ်ယောက် မုချဖြစ်ပေလိမ့်မည်။

ဤကဲ့သို့ဆိုလျှင် နှာခေါင်းမှ အသားအရေ ပြည့်ဖြိုးတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာနိုင်မည်လားဟု မေးကြပေလိမ့်မည်၊ နှာခေါင်းမှာ အသားအရေ ပြည့်ဖြိုးတိုင်းလည်း မချမ်းသာနိုင်ပါ။

အဘယ်ကြောင့်နည်း။

ဆက်လက် ရှင်းပြပါဦးမည်။

လူတစ်ယောက်သည် နှာခေါင်းမှ အသားအရေ ပြည့်ဖြိုးနေသော်လည်း မျက်နှာပြင်ပေါ်တွင် အရောင်အသွေး မရှိပဲ ခြောက်ကပ်မည်းညစ်နေလျှင် ငွေကြေး အဆင်မပြေသူ စီးပွားရေး ကျဆင်းနေသောသူပင် ဖြစ်ပါသည်။

ထို့ကြောင့် နှာခေါင်း ကောင်းမွန်သော်လည်း မျက်နှာပြင်ပေါ်တွင် အရောင်အဆင်း ရှိရမည်၊ အရောင်အဆင်း မရှိက ဆင်းရဲဒုက္ခ ရောက်တတ်ပါသည်။

နှာခေါင်းကောင်းပြီး မျက်နှာပြင်အရောင်အဆင်း စိုပြည် ကြည်လင် တောက်ပနေမှသာ ချမ်းသာကြွယ်ဝသောသူတစ်ယောက် ဖြစ်ပေလိမ့်မည်၊ အသားအရောင် စိုပြည်ကြည်လင်မှုနှင့် ပတ်သက်၍ အနည်းငယ် ရှင်းဦးအံ့။

အသားအရောင် စိုပြည်ကြည်လင်ခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်နှင့်ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ဦးက မေးမြန်းဖူးသည်။

အစားကောင်း အသောက်ကောင်းတွေ စားပြီး အိမ်ပြင်မှ မထွက်ပဲ အိမ်တွင်းပုန်းလုပ်နေရုံဖြင့် အသားအရေ စိုပြည်လာမှာပေါ့ဟု စောဒကတက်ဖူးပါသည်။

မဟုတ်ပါ၊ မဖြစ်နိုင်ပါ၊ ဤကဲ့သို့ အစားအသောက် ကောင်းမွန်စွာစားသောက်ပြီး အိမ်တွင်းပုန်း လုပ်နေခြင်းအားဖြင့် အသားအနည်းငယ် ဖြူလာနိုင်သည်မှအပ အသားအရောင် မကြည်လင်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဤပညာရပ်နှင့်လည်း လုံးဝမဆိုင်ပါ၊ အသားဖြူသောသူ၊ အသားဝါသောသူ၊ အသားညိုသောသူ၊ အသားမည်းသောသူ စသည့်တို့ကိုလည်း အသားအရောင် ခွဲခြားခြင်းတို့နှင့်လည်း လုံးဝမဆိုင်ပါ။

ကျွန်ုပ်၏ပညာရပ်၌ အသားအရောင် စိုပြည်ကြည်လင်သည်ဟု ဆိုရာ၌ လူတစ်ယောက်၏ ပင်ကိုခန္ဓာကိုယ်အတွင်းမှ ပေါ်ပေါက်လာသော အရောင်အဆင်းသာ ဖြစ်ပါသည်။

ဤကဲ့သို့ ခန္ဓာကိုယ်မှ ပေါ်ပေါက်လာသော အရောင်အဆင်းကိုသာ ကြည့်ရှုဟောပြောနိုင်ခြင်းတို့ကြောင့် ဤပညာရပ်သည် ပေါ်ပေါက်လာရခြင်းပင် ဖြစ်ပါသည်။

ဆင်းရဲသူ၊ ချမ်းသာသောသူ စသည့်တို့ကို ကြည့်ရှုဆုံးဖြတ်ရာ၌ ထိုအချက်သည် ဤပညာရပ်၌ အလွန်အရေးကြီးသည့် အဓိကသောချက် ဖြစ်သည်ကို အထူးသတိပြုပါ။

ထို့ကြောင့် မျက်နှာပြင်ပေါ်တွင် အသားအရောင် ခြောက်ကပ်၍ နေလျှင် အလုပ်အကိုင် အဆင်မပြေဖြစ်ပြီး စိတ်ဆင်းရဲရလိမ့်မည်။

ထို့အတူ မျက်နှာပြင်ပေါ်တွင်လည်း အမည်းကွက်များ ညိုညစ်သော အရောင်အဆင်းများ ပေါ်ပေါက်နေလျှင် ပြဿနာ ပေါ်လိမ့်မည်။

ငွေကြေးကျပ်တည်းမှုနှင့် ကြုံတွေ့ရပြီး ဆင်းရဲဒုက္ခ ရောက်လိမ့်မည် ဖြစ်ပါသည်။

အသားအရောင် စိုပြည်ကြည်လင်ပြီး အရောင်အဆင်း ကြည်လင်တောက်ပနေမှသာ ငွေကြေးပြည့်စုံပြီး အလုပ်အကိုင် အကြံအစည်များ အောင်မြင်ပေလိမ့်မည်ကို လက်တွေ့လေ့လာလျှင် လွယ်ကူစွာ ခွဲခြားသိရှိရပေလိမ့်မည်။

ထို့ကြောင့် အရောင်အဆင်းကို ခွဲခြားလေ့လာရာ၌ အချိန်အနည်းငယ်ယူပြီး လေ့ကျင့်လုပ်ဆောင်ပေးမှသာလျှင် လူတစ်ယောက်၏

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာပြင်ကို လျှပ်တစ်ပြက် အချိန်အတွင်းမှာပင် ကြည့်ရှုရုံမျှနှင့် ချက်ချင်းလွယ်ကူစွာ သိရှိရပေလိမ့်မည်။

မျက်နှာပြင်ပေါ်တွင် အသားအရေပြည့်ဖြိုးပြီး အရောင်အဆင်း ကြည်လင်နေလျှင် ငွေကြေးချမ်းသာကြွယ်ဝသောသူပင် ဖြစ်သည်။

အထူးသတိပြုပြီး လေ့လာရန် အချက်တစ်ချက် ရှိပါသည်။

ဆိုပါစို့၊ လူတစ်ယောက်သည် လူမှုရေးတွင် ပြောဆိုဆက်ဆံရာ၌ သိမ်မွေ့ယဉ်ကျေးမှုတော့ရှိ၏။

သို့သော်လည်း ၎င်း၏ စကားပြောဆိုနေသော အသံမှာ အလွန်တိုးလွန်းနေပြီး လမ်းလျှောက်လျှင်လည်း ခြေသံမကြားရလျှင် ထိုလူမျိုးမှာ မည်ကဲ့သို့ ချမ်းသာသောသူ ဖြစ်နိုင်တော့မည် မဟုတ်ဆိုသော အချက်ပင် ဖြစ်ပါသည်။

## ချမ်းသာမည့်သူနှင့် ဆင်းရဲမည့်သူပုံ



၁။ နဖူးရိုး၊ ၂။ နားထင်ရိုး၊ ၃။ အောက်မျက်ရိုး၊
၄။ အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာ၊

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြင်ပေါ်တွင် အရိုးများ အပြင်သို့ထွက်နေသယောင် (နဖူးရိုး၊ နှာခေါင်းရိုး၊ နားထင်ရိုး၊ မေးစေ့ရိုး) ပေါ်လွင်နေသော လူမျိုးများသည် အသားအရေ အရောင်အဆင်းပါ ကြည့်လင်တောက်ပ နေမည်ဆိုလျှင် ချမ်းသာကြွယ်ဝပြီး ကျန်းမာရေးပါ ကောင်းမွန်မည့်သူပင် ဖြစ်လိမ့်မည်။

ဦးခေါင်း ညီညာလုံးဝန်းပြီး ကြီးမားသော နားရွက်နှစ်ဖက် အပေါ်သို့ ထောင်တက်နေသူများသည် အိမ်ရာများစွာ ပိုင်ဆိုင်သူ ဖြစ်လိမ့်မည်။

နဖူးပြင်ထောင့်များ ကျယ်နေပြီး (မဟာနဖူး) နှာခေါင်းမှာ အသားအရေပြည့်ဖြိုးနေကာ အရောင်အဆင်းမှာ ကြည်လင်စိုပြည်နေလျှင် ချမ်းသာမည့်သူပင် ဖြစ်ပါသည်။

မျက်ဝန်းကျဉ်းနေသော်လည်း မျက်ခုံးနှစ်ဖက်သည် နားထင်နား အထိ ရှည်လျားစွာ ပေါက်ရောက်နေသူများသည် ချမ်းသာသောသူ ဖြစ်ပေလိမ့်မည်။

အံထူးသဏ္ဍာန်ပြုပြီး လေ့လာရန်မှာ အင်္ဂါရုပ်ပုံစံ မကောင်း သော်လည်း၊ အသားအရေ့ အရောင်အဆင်း ကြည်လင်တောက်ပ စိုပြည်နေသူမျိုးများသည်လည်း ငွေကြေးအဆင်ပြေတတ်ပါသည်။

အသားညိုသောလူ၊ အသားမည်းသောလူ စသည့်လူမျိုးများ ဖြစ်နေလျှင် မျက်နှာပြင် အသားအရေအတွင်းမှ အနီရောင်ကဲ့သို့ အရောင်အဆင်း ပေါ်ပေါက်နေလျှင် ငွေကြေးပြည့်စုံပေလိမ့်မည်။

နောက် အရေးကြီးသော အချက်တစ်ချက်ကိုလည်း ထပ်မံ ဖော်ပြပါဦးမည်။

မျက်နှာပြင် မည်မျှပင် အင်္ဂါရုပ်ပုံစံ ကောင်းနေသော်လည်း သွားများ ညီညာမှုမရှိပဲ ကျဲစွာပေါက်နေလျှင် အိုဇာတာညံ့သောသူ ဖြစ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မျက်နှာပြင် ကောင်းမွန်ပြီး သွားများပါစေ၍ ညီညာစွာ ပေါက်နေမှသာလျှင် အိုဇာတာပါ ကောင်းမွန်ပေလိမ့်မည်။

အတွေ့အကြုံတစ်ခုကို တင်ပြပါဦးမည်။

ကျွန်ုပ်အား လွန်ခဲ့သော လ အနည်းငယ်ခန့်က ဖခင်ကြီးနှင့် ခင်မင်ရင်းနှီးဖူးသော အသက်(၆၂)နှစ်ကျော်အရွယ်ရှိ အဘိုးအိုတစ်ဦးသည် အင်္ဂါရုပ်ပညာနှင့် ပတ်သက်၍ လာရောက် ဆွေးနွေးတိုင်ပင်ဖူးရာ ကျွန်ုပ်လည်း ထိုအဘိုးအို၏အင်္ဂါရုပ်ကို လေ့လာအကဲခတ် ကြည့်မိပါသည်။

ယခင်အခါက ခန့်ညားသန့်မာသော ရုပ်ကြန်သဏ္ဌာန် ရှိခဲ့သော်လည်း ယခုအခါတွင်မူကား အသက်အရွယ် ကြီးရင့်သည်က တစ်ကြောင်း၊ စီးပွားရေး ကျဆင်းနေသည်က တစ်ကြောင်း ထို့ကြောင့် သန်သန်မာမာ မဟုတ်တော့ပဲ 'ကျ'နေသည်ကို မျက်နှာက သက်သေခံလျက် ရှိပါသည်။

သို့စေကာမူ နဖူးညီညာ ကောင်းမွန်နေခြင်း၊ နှာခေါင်းမှ အသားအရေ ပြည့်ဖြိုးနေခြင်း၊ မျက်စိအရောင်အဆင်းပါ ကြည်လင်ခြင်း တို့နှင့် ပြည့်စုံနေသည်ကို တွေ့ရှိရပါသည်။

သို့နှင့် အသေးစိတ် ထပ်မံစစ်ဆေးရာ ၎င်း၏သွားများမှာ ညီညာစွာမရှိ၊ ကျိုးကျဲစွာ ပေါက်ရောက်နေပါသည်။

၎င်းအဘိုးအိုမှာ တစ်ချိန်သောအခါက စီးပွားရေးလုပ်ငန်းကြီး တစ်ခုဖြင့် အလွန်ချမ်းသာကြွယ်ဝပြီး နာမည်ကြီးခဲ့သောသူပင် ဖြစ်သည်။

ယခုအချိန်တွင်မူ စီးပွားရေးကျဆင်းကာ စိတ်ဓာတ်ရော ကျန်းမာရေးပါ ချွတ်ယွင်းနေသည်ကို မြင်တွေ့ရပါသည်။

အဘယ်ကြောင့် ချမ်းသာပြီးမှ ယခုကဲ့သို့ စီးပွားရေး ကျဆင်းပြီး ဒုက္ခရောက်နေသည်ကို လေ့လာဆန်းစစ် အဖြေရှာလိုက်သော် ၎င်း၏သွားများသည် ညီညာမှုမရှိပဲ ကျိုးကျဲစွာ ပေါက်နေသောကြောင့်ပင် ဖြစ်ပါသည်။

www.burmeseclassic.com

 www.burmeseclassic.com 

ထို့ကြောင့် မျက်နှာပြင်ကောင်းမွန်နေပြီး သွားများပါ ညီညာစွာ ပေါက်နေမည်ဆိုလျှင် တစ်သက်လုံး ငွေကြေးပြည့်စုံနေလိမ့်မည်။

စီးပွားရေး အဆင်မပြေသောသူ၊ ဆင်းရဲဒုက္ခရောက်သောသူများသည် မျက်နှာပြင် အရောင်အဆင်း ခြောက်သွေ့နေခြင်း၊ နှာခေါင်းသေးငယ်နေခြင်း၊ နှာခေါင်းနိမ့်ချိုင့်နေခြင်း၊ နှာခေါင်းမှ အသားအရေ နည်းပါးခြင်းတို့ကို တွေ့ရပေလိမ့်မည်။

နှာခေါင်းမှ အသားအရေ ပြည့်ဖြိုးနေသော်လည်း မျက်နှာပြင်ပေါ်တွင် အရောင်အသွေး မပေါ်ပေါက်ဘဲ ခြောက်ကပ်စွာ ဖြစ်ပေါ်နေလျှက် စီးပွားရေး အဆင်မပြေသောသူ စိတ်ဓာတ်ကျဆင်းနေသောသူပင် ဖြစ်၏။

ဝင်ငွေမည်မျှ ကောင်းနေသောသူပင် ဖြစ်စေကာမူ နှာခေါင်း သေးငယ်နေလျှင် ဝင်ငွေထက် ထွက်ငွေက ပိုမိုများပြားလိမ့်မည်။

နှာခေါင်းပေါက်ဝ အပေါ်သို့ လန်နေသူများသည်လည်း လက်ထဲတွင် ပိုက်ဆံမမြဲသူပင် ဖြစ်သည်။

* * *

## ကိုယ်ဝန်ဆောင် အမျိုးသမီးများအား ယောကျ်ားလေးမွေးဖွားမည်၊ မိန်းကလေးမွေးဖွားမည်၊ စသည်တို့ကို ခွဲခြား၍ မျက်နှာကဲခတ်နည်း

ထိုပြချက်နှင့် ပတ်သက်၍ ကြည့်ရှုလေ့လာရန်မှာ အလေ့အကျင့်များစွာ လုပ်ဆောင်ပေးမှသာ မှန်ကန်စွာ ခွဲခြားပြောဆို နိုင်ပါလိမ့်မည်။

ကျွန်ုပ်ကိုယ်တိုင် နှစ်နှင့်ချီပြီး လေ့ကျင့်ခဲ့ရသော ပိုင်းပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပြချက်မှာ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၏ အောက်ဘက် မျက်ခွံနှစ်ဖက်ပေါ်တွင်သာ အဓိကထားပြီး ကြည့်ရှုရပေလိမ့်မည်။

ကြည့်ရှုလေ့လာခွဲခြားရာ၌ နံနက်ခင်း အိပ်ရာထစအချိန်အခါတွင် ကြည့်ရှုလျှင် အကောင်းဆုံး ဝေဖန်ပြောကြားနိုင်ပါလိမ့်မည်။

အဘယ့်ကြောင့်ဆိုသော် နံနက်ခင်း အိပ်ရာထစအချိန်ဖြစ်၍ ကိုယ်ရောစိတ်ပါ ကြည်လင်လန်းဆန်းနေချိန် ဖြစ်သောကြောင့် မျက်နှာပြင်ကို အရောင်အဆင်း ခွဲခြားရာ၌ ပိုမိုတိကျမှန်ကန်စွာပင် ခွဲခြားလေ့လာနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီး၏ အောက်မျက်ခွံ နှစ်ဖက်မှ အသားအရေပေါ်တွင် မည်သည့်ဘက်ကပိုမို၍ အရောင်အဆင်း နီရဲနေသည်ကို သေချာကျနစွာ ခွဲခြားကြည့်ရှုရန်ပင် ဖြစ်ပါသည်။

အစပထမတွင် ထိုကဲ့သို့သော အရောင်အဆင်း ခွဲခြားရာ၌ အခက်အခဲအနည်းငယ် တွေ့လိမ့်မည်ဖြစ်သော်လည်း အလေ့အကျင့် အနည်းငယ် လုပ်ဆောင်ပေးခြင်းအားဖြင့် လွယ်ကူစွာ ခွဲခြားသိရှိနိုင်ပါ လိမ့်မည်။

ကိုယ်ဝန်ဆောင် အမျိုးသမီး၏ ဘယ်ဘက်အောက် မျက်ခွံပေါ်တွင် ညာဘက်အောက် မျက်ခွံပေါ်ထက် ပိုမို၍ အနီရောင် ပေါ်ပေါက်နေပါက သားယောက်ျားလေး မွေးဖွားလိမ့်မည်။

အကယ်၍ ညာဘက်အောက် မျက်ခွံအပေါ်တွင် ဘယ်ဘက်အောက် မျက်ခွံပေါ်ထက် ပိုမို၍ အနီရောင်ပေါ်ပေါက်နေပါက သမီးမိန်းကလေး မွေးဖွားလိမ့်မည်။

အထက်ဖော်ပြပါ ပြချက်နှစ်ချက်ကို ပိုင်နိုင်စွာ ကြည့်ရှုလေ့လာ နိုင်ပါလျှင် မှန်ကန်စွာ ပြောဆိုဆုံးဖြတ်နိုင်ပါလိမ့်မည်။

နောက် ကြည့်ရှုဝေဖန်နိုင်ရန် ရှိပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်များသည် ကိုယ်ဝန်ဆောင် အမျိုးသမီး ငါးယောက်ခန့်ကို ကြည့်ရှုဝေဖန်ပါလျှင် သုံးယောက်လေးယောက်လောက်သာ မှန်ကန်တတ်ပါသည်၊ ရာနှုန်းပြည့် မမှန်ကန်ပါ။

သို့သော်လည်း စာရှုသူများအနေဖြင့် ဗဟုသုတဖြစ်စေရန် ထည့်သွင်းဖော်ပြလိုက်ပါသည်။

ကိုယ်ဝန်ဆောင် အမျိုးသမီး၏ မျက်နှာပြင်သည် ပင်ကို ရှိရင်းစွဲထက် ပိုမို၍ နုပျိုသယောင် ပေါ်ပေါက်နေပါက သမီးကလေးကို မွေးဖွားလိမ့်မည်။

မျက်နှာပြင်သည် ပင်ကိုရှိရင်းစွဲထက် ရင့်ရော်နေသယောင် ပေါ်ပေါက်နေလျှင် သားယောကျ်ားလေး မွေးဖွားလိမ့်မည်။

ထို့ပြင်. . . ကိုယ်ဝန်ဆောင် အမျိုးသမီး လမ်းလျှောက်လျှင် ဘယ်ဘက်က အရင်လှမ်းသော် သားယောကျ်ားလေး မွေးဖွားနိုင်ပြီး ညာဘက်မှ အရင်လှမ်းသော် သမီးမိန်းကလေး မွေးဖွားလိမ့်မည် ဖြစ်ပါသည်။

* * *

## သားသမီးများစွာ မွေးဖွားသူနှင့် သားသမီး မရရှိသူများကို လျှပ်တစ်ပြက် မျက်နှာကဲခတ်နည်း

လူတချို့သည် အိမ်ထောင်ကျပြီးနောက် သားသမီးများစွာ မွေးဖွားကြသော်လည်း တချို့တွင် သားသမီး လုံးဝမရရှိကြပါ။

ဤကဲ့သို့ သားသမီးမွေးဖွားသူ သားသမီး လုံးဝမမွေးဖွားနိုင်သူ (ဝါ) သားသမီး မရရှိသူများကိုလည်း မျက်နှာပြင်ကို ကြည့်၍လျှင် လျှပ်တစ်ပြက် အချိန်အတွင်းမှာပင် သိရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ထိုပြချက်သည် လွယ်ကူစွာ အကဲခတ် ဆုံးဖြတ်နိုင်သော ပြချက်ပင်ဖြစ်သော်လည်း အိမ်ထောင်ဖက် နှစ်ဦးစလုံးကို ကြည့်ရှုဝေဖန်လျှင် ပိုမို၍ တိကျမှန်ကန်မှု ရှိနိုင်ပါသည်။

အဓိကထားပြီး ကြည့်ရှုရန်မှာ အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာနှင့် အောက်မျက်ခွံများကို ကြည့်ရှုလေ့လာ အကဲခတ်ရန်ပင် ဖြစ်ပါသည်။

ဤပြချက်များမှာ အလွန်လွယ်ကူသော ကြည့်ရှုအကဲခတ်နည်းပင်ဖြစ်ပါသည်။

အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာ နိမ့်ချိုင့်ပြီး ရှည်လျားစွာဖြစ်ပေါ်နေလျှင် သားသမီးများစွာ ရရှိမည့်သူများပင် ဖြစ်၏။

ထို့အပြင် အောက်မျက်ခွံများပါ မို့မောက်နေမည်ဆိုလျှင် သားသမီးအကျိုးကိုပါ ခံစားရလိမ့်မည်။

အကယ်၍ အောက်မျက်ခွံနှစ်ဖက် နိမ့်ချိုင့်၍နေလျှင်ကား သားသမီးနည်းမည့်သူပင် ဖြစ်၏။

အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာ မရှိပဲ ပြောင်ချောနေပြီး အောက်မျက်ခွံများပါ နိမ့်ချိုင့်နေလျှင် သားသမီး မထွန်းကားနိုင်သူများပင် ဖြစ်၏။

အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာ မရှိပဲ မို့မောက်နေလျှင်လည်း သားသမီးရနိုင်ရန် ခဲယဉ်းတတ်ပါသည်။

ပခုံးနှစ်ဖက် နိမ့်လျှောကျနေသော လူမျိုးများဖြစ်လျှင် သားသမီးမရနိုင်သူ၊ သားသမီးနည်းမည့်သူ၊ ဆင်းရဲဒုက္ခရောက်မည့်သူပင် ဖြစ်သည်။

အတွေ့အကြုံတစ်ခုကို တင်ပြပါမည်။

ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသော အသက်(၅၀)ကျော်ခန့်အရွယ်ရှိ အမျိုးသမီးတစ်ဦး၏ ဖြစ်ရပ်ပင် ဖြစ်ပါသည်။

www.burmeseclassic.com

ဧည့်ခန်း၏အဂ်ိဳရပ်ပုံစံမှာ အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာသည် ပြောင်ချောနေပြီး သွားများမှာ ညီညာမှုမရှိပဲ ကျိုးကျဲစွာပေါက်နေပါသည်။

သို့သော် ဧည့်၏ ခင်ပွန်းဖြစ်သူမှာတော့ အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာ၊ နိမ့်ချိုင့်လျက်ရှိရာ ထိုအိမ်ထောင်ဖက်မှာ သားသမီး ဆယ်ဦးခန့် မွေးဖွားပါသည်။

သို့ရာတွင် ထိုအမျိုးသမီးကြီးမှာ အိမ်ထောင်ရေးအဆင်မပြေပဲ အိမ်ထောင်ကွဲနေပြီး ခင်ပွန်းဖြစ်သူမှာလည်း နောက်အိမ်ထောင် ပြုသွားပါသည်။

မည်သည့်အချက်များကြောင့် ထိုကဲ့သို့ ဖြစ်ပေါ်လာရသနည်း။ ထိုအချက်ကို အဖြေရှာလိုက်သော် ထိုအမျိုးသမီးကြီးသည် အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာမရှိပဲ ပြောင်ချောနေခြင်း၊ သွားများ ညီညာမှုမရှိကြခြင်း တို့ကြောင့်ပင် ဖြစ်ပါသည်။

ထို့ကြောင့် သားသမီးများစွာ ထွန်းကားသူ (ဝါ) သားသမီး မထွန်းကားသူများ၏ ပြချက်ကို ကြည့်ရှုလေ့လာတော့မည်ဆိုလျှင် တစ်ဦးတစ်ယောက်တည်းကို ကြည့်ရှုရန်ထက် အိမ်ထောင်ဖက် နှစ်ဦးစလုံးကိုပင် ကြည့်ရှုလေ့လာက ပိုမို၍ ထိရောက်မှန်ကန်မှု ရှိပါလိမ့်မည်။

* * *

## မျက်ရည်ခံမှဲ့ ဆိုသည်မှာ

ဤနေရာတွင် ကျွန်ုပ်သည် မျက်ရည်ခံမှဲ့အကြောင်းနှင့် ပတ်သက်၍ အနည်းငယ်ရှင်းပြအံ့။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ခေတ် လူတော်တော်များများသည် မျက်ရည်ခံမှဲ့နှင့် ပတ်သက်၍ တိတိကျကျမသိပဲ စမ်းတဝါးဝါးနှင့်သာ ဖြစ်နေကြသေးသည်။

ဥပမာ အောက်မျက်ခွံပေါ်တွင် ပေါ်ပေါက်သောမှဲ့ကို မျက်ရည်ခံမှဲ့ဟူ၍လည်းကောင်း၊ အောက်မျက်ခွံ၏ အောက်ဘက်တွင် ပေါက်သောမှဲ့ကို မျက်ရည်ခံမှဲ့ ဟူ၍လည်းကော[illegible] အထင်ရှိနေကြ၏။

အမှန်တွင် မျက်ရည်ခံမှဲ့ ပေါက်သည့်နေရာမှာ လူတိုင်းတွင် အောက်မျက်ခွံဘေးတွင် မျက်ရည်စီးကျရာ လမ်းကြောင်းလေးတစ်ခုရှိသည်။

ထိုလမ်းကြောင်းပေါ်တွင် ပေါက်နေသော မှဲ့သည်သာလျှင် မျက်ရည်ခံမှဲ့ အစစ်အမှန်ပင်ဖြစ်သည်။

ထိုနေရာမှလွဲ၍ တခြားနေရာတွင် ပေါက်နေသောမှဲ့ကို မျက်ရည်ခံမှဲ့ဟု မခေါ်နိုင်ပါ။

မျက်ရည်ခံမှဲ့ ပေါက်သောသူမှာ စိတ်သောက ပူဆွေးမှုနှင့် ကြုံတွေ့၍ အလွန်နိုက်တတ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အတွေ့အကြုံများကို တင်ပြပါဦးမည်။

ကျွန်ုပ်နှင့် လွန်စွာမှခင်မင်ရင်းနှီးသော သူငယ်ချင်းဖြစ်သူ မအေးမြင့်မှာ ငယ်စဉ်ကတည်းက မျက်ရည်ခံမှဲ့ ပေါက်နေသူဖြစ်သည်။

၎င်း၏ ဖခင်ဖြစ်သူမှာ မအေးမြင့် ၁၂နှစ်သမီးအရွယ်တွင် ကွယ်လွန်အနိစ္စ ရောက်သွားပြီး မိခင်ဖြစ်သူမှာလည်း များမကြာမီ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်သွားရှာခဲ့ပြန်ရာ အဒေါ်ဖြစ်သူနှင့်သာ ကြီးပြင်းလာခဲ့ရသူတစ်ဦး ဖြစ်ပေသည်။

အသက်ရွယ်ရလာပြီး အချိန်တန် အိမ်ထောင်ပြုပြီးနောက် သားတစ်ဦးမွေးဖွားရာ ထိုကလေးမှာ မွေးမွေးချင်း [illegible]ရုံပေါ်တွင် ကွယ်လွန်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှောက် ခင်ပွန်းဖြစ်သူနှင့် တစ်နှစ်ခန့်သာ ဆက်လက်ပေါင်းသင်းနေထိုင်ခဲ့ပြီး အိမ်ထောင်ရေး အဆင်မပြေဖြစ်လာကာ ယခုအချိန်အထိ အိမ်ထောင်ကွဲပြီး အတိဒုက္ခရောက်နေကြောင်းကို ကိုယ်တွေ့လေ့လာတွေ့ရှိရပါသည်။

ဤကား မျက်ရည်ခံမှဲ့၏ မကောင်းသော ညံ့သော ပြချက်ပင်ဖြစ်ရာ အထူးဂရုပြုသင့်သော မှဲ့ပင်ဖြစ်သည်။

## မှဲ့စလွယ်

မှဲ့စလွယ်ဆိုသည်မှာ ကိုယ်ခန္ဓာပေါ်တွင် စလွယ်သိုင်းထားသကဲ့သို့ မှဲ့များ ညီညာလှပစွာဖြင့် တစ်လုံးချင်း စီတန်း၍ပေါက်နေသော မှဲ့များကိုခေါ်သည်။

မှဲ့စလွယ်ရှိသူမှာ အဆင့်အတန်းမြင့်စွာ နေထိုင်ရခြင်း၊ ဩဇာအာဏာရှိခြင်း၊ နေရာတကာတွင် အများတကာထက် သာလွန်သော လုပ်ငန်းများကိုသာ လုပ်ဆောင်လေ့ရှိခြင်းတို့ကြောင့် အလွန်ထူးခြားသော အကျိုးထူးခံစားရသော မှဲ့ပင်ဖြစ်၏။

မှဲ့စလွယ်ပေါက်သူမှာ အလွန်ရှားပါးသော်လည်း ကျွန်ုပ်၏ အရင်းနှီးဆုံး သူငယ်ချင်းတစ်ဦးမှာ ၎င်း၏ကိုယ်ခန္ဓာပေါ်တွင် တစ်လုံးချင်း စီတန်း၍ ညီညာလှပစွာဖြင့် ပေါက်နေသော မှဲ့စလွယ်ရှိ၏။

၎င်းမှာ ငယ်စဉ်က ချမ်းသာသောမိသားစုမှ မွေးဖွားလာပြီး ပညာသင်ချိန်တွင် ကျောင်းတွင် အတန်းစဉ်တိုင်း ပထမရသည့်ချည်းပင် ဖြစ်၏။

ပညာတွင် ထူးချွန်သည်သာမကပဲ အားကစားဘက်တွင်လည်း အလွန်ထူးချွန်ပြန်၏။ တက္ကသိုလ်တွင် ဘောလုံးလက်ရွေးစင် တစ်ဦးဖြစ်ပြီး မြန်မာ့ကျောင်းသား လူငယ်လက်ရွေးစင် (ပထာမ)အထိ ရွေးချယ်ခံရဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြီး၍ လုပ်ငန်းခွင်သို့ ဝင်ရောက်ခဲ့ပြန်ရာ ဩဇာရှိသော အရာရှိတစ်ဦးအဖြစ် ခန့်အပ်ထားခြင်း ခံရပြန်ရာ ယခုအချိန်အထိ အဆင့်အတန်းမြင့်စွာဖြင့် နေထိုင်ရ၏။

ဤကား မှဲ့စလွယ်၏ ထူးခြားသော ကောင်းကျိုးများ၏ အကျိုးဆက်ပင် ဖြစ်တော့၏။

* * *

## အသက်ရှည်နိုင်မည့် လူများကို လျှပ်တစ်ပြက် မျက်နှာကဲခတ်နည်း

အသက်ရှည်နိုင်မည့် အင်္ဂါရုပ်ပုံရှိသူများကို ဦးစွာအကဲခတ် ကြည့်ရှုလေ့လာလျှင် မေးစေ့သည် အဓိကနေရာမှ ပါဝင်ပါသည်။

မေးစေ့ရှည်ပြီး အပြင်ဘက်သို့ ငေါထွက်နေသူမျိုးများမှာ အနည်းဆုံး (၇၀)ကျော်ထိ အသက်ရှည်လိမ့်မည်။

မေးစေ့အသားအရေ ပြည့်ဖြိုးနေသူမျိုးများသည်လည်း အသက်ရှည်မည့်သူပင် ဖြစ်သည်။

မေးစေ့ရှည်ပြီး အသားအရေ ပြည့်ဖြိုးစိုပြည်နေကာ နားရွက် နှစ်ဖက်ပါ ရှည်လျားစွာရှိနေလျှင်, လူ့ပြည်တွင် ငြိမ်းငွေ့လောက်အောင် နေထိုင်ရလိမ့်မည်။

နားရွက်ရှည်သူသည် အသက်ရှည်လိမ့်မည်၊ မျက်နှာပြင်ပေါ်တွင် မှဲ့များစွာ ပေါက်နေသူမျိုးများသည် အသက်ရှည်မည့်သူပင် ဖြစ်၏။ ကျောကုန်း ကျယ်ပြန့်စွာရှိနေပြီး အသားအရေပါ ထူနေသူမျိုးများသည် အသက်ရှည်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြင်ပေါ်မှ အရိုးများသည် အပြင်သို့ပေါ်ထွက်နေသယောင် ထင်ရသောသူသည် အသက်ရှည်ပြီး ကျန်းမာရေးကောင်းလိမ့်မည်။

မျက်နှာပြင်ပေါ်တွင် အရေးအကြောင်း များသူသည် အသက်ရှည်ပြီး စီးပွားရေး အဆင်မပြေသူပင်ဖြစ်၏။ နားရွက်ပေါ်တွင် အမွေးပေါက်နေသူသည်လည်း အသက်ရှည်လိမ့်မည်။

## အသက်တိုမည့် သူများကို
## လျှပ်တစ်ပြက် မျက်နှာကဲခတ်နည်း

အပေါ်နှုတ်ခမ်းတိုသူသည် အသက်တိုတတ်သည်။

ကျွန်ုပ်၏ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို တင်ပြပါဦးအံ့။

ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသောသူ တစ်ဦးသည် အပေါ်နှုတ်ခမ်း တိုပြီးနေသော်လည်း ယခု အသက်(၄၀)ကျော်အရွယ်အထိ အသက် ရှည်နေသည်ကို တွေ့ရှိရသေးရာ ပညာပိုင်းအနေဖြင့် အပေါ်နှုတ်ခမ်း တိုနေသောသူသည် အသက်တိုလိမ့်မည်ဖြစ်သော်လည်း အဘယ်ကြောင့် ယခုထက်တိုင် အသက်ရှည်နေရသည်ကို ပြန်လည်ကြည့်ရှုလေ့လာ ဆန်းစစ်သော် ၎င်းသည် အပေါ်နှုတ်ခမ်းတိုနေသည်မှာ မှန်သော်လည်း သွားများမှာ ညီညာလှပစွာ စေ့၍နေခြင်းတို့ကြောင့်ပင် ဖြစ်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com





အပေါ်နှုတ်ခမ်းတိုပြီး သွားကျဲသူ

ထို့ကြောင့် အင်္ဂါရုပ်ပညာသည် လူတစ်ယောက်၏မျက်နှာပြင်ကို ကြည့်ရှုလေ့လာတော့မည်ဟုဆိုလျှင် မျက်နှာပြင်ပေါ်မှ အချက်တစ်ချက်တည်းကို ကြည့်ရှုလေ့လာလျှင် မှန်ကန်မှု ရှိနိုင်ပါသော်လည်း အချက်အားလုံးကို ခြုံပြီးလေ့လာလျှင် ပိုမို၍တိကျမှန်ကန်မှု ရှိတတ်သည်ကို အထူးသတိပြုရန် အရေးကြီးပါသည်။

ထိုအချက်များကြောင့် အပေါ်နှုတ်ခမ်းတိုနေသော်လည်း သွားကောင်းရမည်၊ အပေါ်နှုတ်ခမ်းတိုပြီး သွားမကောင်းသူ၊ သွားကျဲသူ ဖြစ်ပါက အသက်သုံးဆယ်ထက် ပိုပြီး အသက်မရှည်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ မျက်စိအရောင်အဆင်း မှေးမှိန်နေသူများသည်လည်း လူပြည်တွင် သက်တမ်းစေ့အောင် မနေနိုင်ရပါ။

မျက်နှာပြင် အင်္ဂါရုပ်ပုံစံ မည်မျှပင် ကောင်းမွန်သောသူပင် ဖြစ်ပါစေ၊ အမြဲတမ်း ငေးငိုင်နေသော အမူအရာရှိသော လူမျိုးများ သည်လည်း အသက်မရှည်နိုင်ပါ။

နှာခေါင်းကောက်ပြီး နှုတ်ခမ်းအရောင်အဆင်း ခြောက်သွေ့ နေသော သူများသည်လည်း အသက်မရှည်နိုင်ပါ။

နားရွက်နှစ်ဖက် အရောင်အဆင်း မည်းနေသူဆိုလျှင်လည်း အသက်မရှည်နိုင်ပါ၊ အကယ်၍ အသက်အရွယ် ကြီးသောသူဖြစ်လျှင် နားရွက်နှစ်ဖက်မှ အရောင်အဆင်း မည်း၍လာလျှင် မကြာခင်အချိန် အတွင်း အသက်အန္တရာယ် ထိခိုက်လိမ့်မည်ကို အထူးပင် သတိပြုပါ။

မျက်ခုံးမွေးနှစ်ဖက် ဆက်နေသော လူမျိုးများသည်လည်း လူ့သက်တမ်းရှည်အောင် များစွာဂရုပြု၍ နေထိုင်ကြရလိမ့်မည်။

နှာခေါင်းပေါ်တွင် အရိုးမပေါ်လွင်ပဲ အသားအရေ များပြားစွာ ရှိနေသူသည် ငွေကြေးချမ်းသာနိုင်သော်လည်း အသက်(၅၀)နှစ်အရွယ်တွင် စိုးရိမ်စရာ ဖြစ်တတ်ပါသည်။

ဦးခေါင်းသေးပြီး နဖူးပြင် ကျယ်နေလျှင်လည်း အသက်ရှည်ရန် ဂရုပြုဖို့လိုပါသည်။

မျက်နှာပြင် အသားအရေ ပါးသူသည်လည်း အသက်ရှည်ရန် ဂရုထားနိုင်မှ တော်ကာကျပါလိမ့်မည်။

မျက်စိသည် အဖြူရောင် ဖြစ်ပေါ်မနေပဲ အဝါရောင် ဖြစ်ပေါ်နေသော လူမျိုးများသည် အသက်သုံးဆယ့်လေးနှစ်လျှင် ထိခိုက်ဖွယ်ရာနှင့် အသက်ဘေး ကြုံတွေ့တတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိအဝါရောင် ဖြစ်ပေါ်နေသော ကျွန်ုပ်၏မိတ်ဆွေသည် အသက်သုံးဆယ့်ငါးနှစ် အရွယ်တွင် ခရီးသွားနေရင်း လေဖြတ်ပုံ ပျက်ကျသဖြင့် ကွယ်လွန်သွားခဲ့သည်ကို ကိုယ်တွေ့ကြုံမှုပါသည်။

နားထင်ပေါ်တွင် ညိုညစ်သော အရောင်အဆင်း ဖြစ်ပေါ်နေလျှင် ခရီးဝေးသွားပါက အသက်အန္တရာယ် စိုးရိမ်ရတတ်ပါသည်။

ထို့ကြောင့် နားထင်ပေါ်တွင် ညိုညစ်သော အရောင်အဆင်း ဖြစ်နေပါက ခရီးဝေး မသွားပါလေနှင့်။

* * *

## အသံကို လေ့လာနားထောင်နည်း

ကျွန်ုပ်၏ စကားပြောဆိုဆက်ဆံသော အသံ ...ဝစ်ဦး၏ အသံနှင့်တစ်ဦး မတူညီကြပဲ ကွဲပြားခြားနားစွာ ဖေါ် ...သည်ကို လူတိုင်းပင် သိရှိပြီးဖြစ်ပါသည်။

လူတွင်အင်္ဂါရုပ်ပုံ အမျိုးမျိုးကွဲပြားစွာရှိသကဲ့ ...သည်း အမျိုးပေါင်းများစွာရှိရာ ဤကဲ့သို့ အသံအမျိုးမျိုး ...းနားစွာ ဖေါ်ထွက်လာခြင်းအားဖြင့် လူတစ်ယောက်၏ အဆင့်အတန်း အိမ်ထောင်ရေး အခြေအနေ၊ အသက်ရှည်မည့်သူ၊ အသက်တိုမည့်သူ၊ လူဆိုးလူမိုက်နှင့် စိတ်နေသဘောထား စသည်တို့ကို အသံကြားရုံမျှနှင့် ခွဲခြားသိရှိနိုင်ပါသည်။

ဤကဲ့သို့ ပေါ်ထွက်လာသော အသံတွင် ...ဝ လေယူလေသိမ်းချွင် အပိုင်း(၃)ပိုင်း ပါဝင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁) အသံတည်ငြိမ်မှု
(၂) ရှင်းလင်းပြတ်သားမှုနှင့်
(၃) ရင်နှီးမှု စသည်တို့ပင် ဖြစ်ပါသည်။

အထက်ဖော်ပြပါ အချက်သုံးချက်ကို အခြေခံ၍. . .

ကောင်းမွန်ကြည်လင်သော အသံ၊
လေသံမှာသော အသံ၊
အသံအလွန်အောသော အသံ၊
အသံအလွန်တိုးလွန်းသော အသံ၊
အလွန်စူးသော အသံ၊
ပလုံးပထွေးနှင့် ထွက်ပေါ်လာသော အသံ၊
နားမခံသာအောင် ကျယ်လွန်းသော အသံ၊
အေးအေးတည်ငြိမ်စွာ ထွက်ပေါ်လာသော အသံနှင့်
ချွဲပျစ်စွာ ထွက်ပေါ်လာသော အသံ

စသည်တို့ဖြင့် အသံအမျိုးပေါင်းများစွာ ကွဲပြားခြားနားစွာ ရှိကြ၍ တစ်မျိုးနှင့်တစ်မျိုးမတူ၊ တစ်မူကွဲပြားသော အမျိုးအစားကို ခွဲခြမ်းကြည့်လိုက်ပါသော်လည်း စကားပြောရာတွင်မူ (၃)မျိုးသာရှိပါသည်။

အနိမ့်သံ၊ အာက်သံ၊ အပြေသံတို့ ဖြစ်ပါသည်။

ထို့ကြောင့် ဝါကျတစ်ခုကို "အသံ အလေးအပေါ့ပြောင်း၍ ပြောခြင်းအားဖြင့် အဓိပ္ပါယ် ကွဲပြားလာစေနိုင်ပါသည်။

ဤကဲ့သို့ အသံ အလေးအပေါ့ကြောင့်လည်း သာမန်စကားလုံး ပင်လျှင် အသက်ဝင်လာသံယောင် ထင်မြင်ရစေပါသည်။

ပြောရိုးပြောစဉ်အတိုင်း ပြောဆိုနေကြသော်လည်း မိမိ၏ စိတ်ဆန္ဒအတိုင်း နှုတ်မှထွက်လာသော စကားသံက ဈေးသားဈေးနှုန်း မရိုပ်မိတတ်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com


အသံ၏ အလေးအာပေါ့ဖြင့် တုံ့ပြန်ခြင်းမှာလည်း ထိုသူ၏ စိတ်ခါတ်ကို ဖော်ပြမှုတစ်မျိုးပင် ဖြစ်သည်။ ထို့ကြောင့် အသံကို ရသခြယ်မှုန်းရာတွင် မိမိကိုယ်တိုင်က ထိုရသကို တွေ့ထိခံစားရသကဲ့သို့ စိတ်၌ ဖြစ်ပေါ်စေရမည် ဖြစ်ပါသည်။

လွမ်းမှုဆွေးမှု အကြောင်းကို ပြောနေသူတစ်ဦးသည် သူကိုယ်တိုင်က မညှိုးနွမ်းပဲ မျက်နှာအမူအရာသည် ပြုံးရွှင်နေပါက ထွက်လာသော စကားလုံးများမှာ လေးကျွဲနှေးကန်မည် မဟုတ်ချေ၊ မြူးကြွခုန်ပျံနေပေမည်။

ကြွေကွဲစွာပြောဆိုရမည့် အသံဆိုသည်မှာ ပြောဆိုနေကျ လေသံထက် တိုး၍ပြောခြင်းဖြစ်ပြီး မထိမဲ့မြင်သံဖြင့် ပြောရမည်ဆိုခြင်းမှာ ပြောနေကျနှုန်းထက် မြန်၍ပြောလိုက်ခြင်းပင် ဖြစ်ပါသည်။

ဤကဲ့သို့ စကားအသံ အတိုးအကျယ် အနိမ့်အမြင့်တို့ ပေါ်လာခြင်းကြောင့် အင်္ဂါရုပ်ပညာပိုင်းအနေဖြင့် လူတစ်ယောက်၏ အခြေအနေကို ခွဲခြားပြောဆို ဝေဖန်နိုင်ပါသည်။

ထို့ကြောင့်. . .

ကြည်လင်ပြီး ပြတ်သားစွာ ပေါ်ထွက်လာသော အသံရှင်များမှာ စိတ်သဘောထားဖြူစင်ပြီး ငွေကြေးပြည့်စုံကာ အောင်မြင်ကျော်ကြားပြီး ဩဇာအာဏာရှိသူမျိုး ဖြစ်လိမ့်မည်။

ထို့ပြင် ထိုလူမျိုးများမှာ အသက်ရှည်လိမ့်မည်။

အသံအောပြီး စကားတစ်လုံးချင်း ဖြည်းညင်းစွာပင် ပြောဆိုတတ်သူများသည် လူအများကို အုပ်ချုပ်ရသောသူ သို့မဟုတ် အဆင့်အတန်းမြင့်စွာ နေထိုင်ရသောသူ ဖြစ်ပေလိမ့်မည်၊ ထို့ပြင် ကျန်းမာရေး အလွန်ကောင်းလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အထက်ဖော်ပြပါ လူများသည် နှုတ်အမူအရာ အေးဆေးတည်ငြိမ်သလောက် အလုပ်လုပ်ရာတွင် အေးဆေးမှုမရှိပဲ လျင်မြန်စွာ ကမ္ဘူးရှူးထိုး လုပ်ကိုင်ဆောင်ရွက်တတ်ရုံမက စိတ်ဆိုး လွယ်တတ်ပါသည်။

အသံအက်သော အသံပိုင်ရှင်များမှာမူ မည်မျှချမ်းသာသောသူ တစ်ယောက်ဖြစ်စေကာမူ စီးပွားရေး ကျဆုံးလိမ့်မည်။

သို့သော်လည်း ၎င်းတို့၏ စိတ်နေသဘောထားမှာမူ မဟုတ်မခံ စိတ်ဓာတ်ရှိလိမ့်မည်။

အမျိုးသမီးများတွင် ဤကဲ့သို့ ကွဲအက်နေသောအသံ ဖြစ်ပေါ်နေပါက အိမ်ထောင်ရေးတွင် အဆင်မပြေဖြစ်ခြင်း၊ အငြင်းအခုံ ဖြစ်တတ်ခြင်း၊ မိမိထက် အသက်များစွာကြီးသူကို အိမ်ထောင်ပြုရခြင်း၊ မိမိ၏ အိမ်ထောင်ဖက်သည် ကျန်းမာရေး ချွတ်ယွင်းခြင်းတို့ ဖြစ်လိမ့်မည် ဖြစ်သောကြောင့် အသံကွဲအက်နေသော အမျိုးသမီးများသည် အိမ်ထောင်ရေးတွင် ခိုက်တတ်သည်ကို အထူးပင် သတိပြုပါ။

လေသံမာသော အသံရှိသူများမှာ လူအများနှင့် မိမိမှာ မတူမတန်သကဲ့သို့ စိတ်သဘောထားရှိခြင်းကြောင့် လေသံမာခြင်း ဖြစ်ပါသည်။

ထိုလူမျိုးများမှာ နေရာတကာတွင် ဆရာလုပ်တတ်ပြီး ဘဝင်မြင့်တတ်သည်၊ လူများကို အောက်ကျမခံချင်သော မာနရှိ၏။

အလုပ်အကိုင် အဆင့်အတန်းနှင့် ပတ်သက်လျှင်မူ သာမန်အဆင့်အတန်းထက် အနည်းငယ်သာ ပို၍အဆင့်မြင့်လိမ့်မည်၊ အလွန်ကြီးကျယ်သော အရာရှိကြီးတစ်ယောက် ဖြစ်မလာနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးများတွင် ဤကဲ့သို့ လေးသံမာသော အသံဖြင့် ထွက်ပေါ်လာမှု အိမ်ထောင်ရေးတွင် အဆင်မပြေဖြစ်ကာ အိမ်ထောင်ကွဲတတ်သည်ကို အထူးပင်သတိပြုပါ။

စကားပြောဆိုဆက်ဆံရာတွင် ထစ်ငေါ့စွာ ပြောဆိုတတ်သော သက်ကြီးရွယ်အိုများကို စာရှုသူအနေဖြင့် မတွေ့ဖူး၊ မမြင်ဖူးကြပါဟု ဖြေကြပေလိမ့်မည်။

အဘယ်ကြောင့်နည်း၊ စကားပြောဆိုရာတွင် ထစ်ငေါ့စွာ ပြောဆိုတတ်သူသည် မည်မျှပင် အင်္ဂါရုပ်ပုံစံ ကောင်းသူပင်ဖြစ်စေ အသက်မရှည်နိုင်သောကြောင့်ပင် ဖြစ်ပါသည်။

ထို့ကြောင့် စကားထစ်ငေါ့စွာ ပြောဆိုတတ်သူမှာ အသက်မရှည်သည့်ပြင် ထိုလူမျိုးများမှာ အလုပ်အကိုင် တည်မြဲမှုမရှိကြပဲ အပြောင်းအရွှေ့ များတတ်ကြပါသည်။

စိတ်နေသဘောထားနှင့် ပတ်သက်လျှင်မူ စိတ်နေသဘောထားကောင်းသူများပင် ဖြစ်ပါသည်။

အလွန်အောလွန်းသော အသံပိုင်ရှင်များမှာ အသက်ရှည်တတ်ကြသော်လည်း ရာထူးအဆောင့်အတန်းမှာ သာမန်မျှလောက်ပင် ဖြစ်ပေလိမ့်မည်။

အလွန်တိုးလွန်းသော အသံရှင်များမှာ ငွေကြေးမပြည့်စုံနိုင်ပါ။ လူအများ၏လက်အောက်တွင် အလုပ်လုပ်ရလိမ့်မည်၊ စိတ်သဘောထား အလွန်ပျော့ညံ့သူများပင်ဖြစ်၏။

ငှက်၏အသံကဲ့သို့ အလွန်စူးရှစွာ ပေါ်ထွက်လာသော အသံပိုင်ရှင်မှာ စိတ်သဘောထားကောင်းမွန်ပြီး ငွေကြေးကြွယ်ဝခြင်း၊ ဩဇာအာဏာရှိခြင်း၊ အသက်ရှည်ခြင်းတို့ဖြင့် အဆင့်အတန်းမြင့်စွာ နေထိုင်ရလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးများတွင် ထိုကဲ့သို့ ၄က်၏အသံကဲ့သို့ ဖြစ်ပေါ်နေမှု အလွန်ကောင်းသောပြချက်ပင် ဖြစ်ပါသည်။

ထိုအမျိုးသမီးသည် မိမိထက် အဆင့်အတန်း မြင့်သောသူနှင့် အိမ်ထောင်ပြုရပြီး စိတ်ချမ်းသာမှု ရရှိလိမ့်မည်၊ ထို့အပြင် ငွေကြေးပါ ပြည့်စုံသူတစ်ယောက် ဖြစ်လိမ့်မည်။

ဗလုံးဗထွေးနှင့် ထွက်ပေါ်လာသော အသံပိုင်ရှင်များသည် အလုပ်လုပ်ရာတွင် သေသပ်ပိရိမှု ရှိကြခြင်း၊ ပင်ပန်းကြီးစွာဖြင့် လုပ်ကိုင်ရခြင်းတို့ ဖြစ်လိမ့်မည်၊ သာမန်အဆင့်အတန်းမျှလောက်သာ နေထိုင်ရပြီး ဝင်ငွေထက် ထွက်ငွေက ပိုမိုများလိမ့်မည်။

နှာမခံသာအောင် ကျယ်လွန်းသော အသံပိုင်ရှင်မှာ စရိုက်ကြမ်းသူ၊ ဆင်းရဲသူ၊ လူပေါ်လူဇော်လုပ်ချင်သူ၊ လူဆိုးလူမိုက်များပင်ဖြစ်၏၊ စကားပြောဆိုရာတွင် အသံကြီးသော သူများမှာ အဆင့်အတန်းမြင့်စွာ နေထိုင်ရလိမ့်မည်။

ထို့အပြင် မိမိလုပ်ဆောင်သော ကိစ္စရပ်များ အောင်မြင်မှု ရှိလိမ့်မည် ဖြစ်ပါသည်၊ အေးဆေးတည်ငြိမ်စွာ ထွက်ပေါ်လာသော အသံပိုင်ရှင်မှာ အသံနှင့်ဆိုက်ဖက်အောင်ပင် မည်သည့်လုပ်ငန်းတွင်မဆို အေးဆေးသက်သာစွာ လုပ်ကိုင်ဆောင်ရွက်ရပြီး အဆင့်အတန်းမြင့်စွာ နေထိုင်ရလိမ့်မည်။

ပြတ်သားအောင်မြင်စွာဖြင့် ဟိန်း၍ထွက်ပေါ်လာသော အသံပိုင်ရှင်မှာ ချမ်းသာခြင်း၊ ဩဇာအာဏာရှိခြင်း၊ ဂုဏ်ရှိခြင်းတို့ဖြင့် ပြည့်စုံလိမ့်မည်၊ စိတ်နေသဘောထား မြင့်မြတ်ပြီး အသက်ရှည်လိမ့်မည်။

အသံအလွန်တိုးလွန်းသော သူများမှာ ကိုယ်ခန္ဓာမပြည့်စုံသော သူများပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချွဲပျစ်စွာ ပြောဆိုတတ်သူမှာ လူများ၏လက်အောက်တွင် အလုပ်လုပ်ကိုင်ရပြီး စီးပွားရေး ညံ့လိမ့်မည်ဖြစ်ပါသည်။

အမျိုးသမီးများတွင် ထိုကဲ့သို့ ချွဲပျစ်ပြောဆိုဆက်ဆံတတ်သူများမှာ မျက်နှာများသောသူ သို့မဟုတ်ပါက မိန်းမပျက်များပင် ဖြစ်နိုင်သည်၊ အထူးသတိပြုပြီး ရှောင်လွှဲနားဝေးပါ။

ခြောက်ကပ်နေသော အသံပိုင်ရှင်များမှာမူ ဆင်းရဲပင်ပန်းကြီးစွာ လုပ်ကိုင်စားသောက် နေထိုင်ရမည်။ အဆင့်အတန်း အလွန်နိမ့်ကျသော လူမျိုးများပင် ဖြစ်ပါသည်။

အသံဖျစ်ညှစ်သကဲ့သို့ စူးရှပြီးကျယ်၍ ရှည်လျားစွာ ပြောဆိုဆက်ဆံတတ်သော အသံပိုင်ရှင်များမှာမူ ငွေကြေးပြည့်စုံသော သူများပင် ဖြစ်ပါသည်။

စကားကိုအတိုချုပ်၍ လိုရင်းကိုသာ ပြောဆိုတတ်သူမှာ အဆင့်အတန်းမြင့်စွာ နေထိုင်ရသော ဩဇာအာဏာရှိမည့် သူများပင် ဖြစ်ပါသည်။

သာယာနာပျော်ဖွယ်ကောင်းသော ကြေးစည်သံကဲ့သို့ ဟိန်းပြီးလွင်သော အသံပိုင်ရှင်များမှာ ဖခင်များ၏ ရှိသေလေးစားမှုကို ခံရပြီး အသက်ရှည်လိမ့်မည်။

ထို့ပြင် ထိုလူမျိုးများသည် ကျန်းမာရေးပါ အလွန် ကောင်းတတ်ပါသည်။

စကားပြောလျှင် ငိုမည့်အသံ ထွက်ပေါ်လာသော အသံပိုင်ရှင် မျိုးဆိုလျှင် စီးပွားရေးအဆင်မပြေသဖြင့် စိတ်ဓာတ်ကျနေသူမျိုးပင် ဖြစ်ပါသည်။

ချိုသာယဉ်ကျေးစွာ ပြောဆိုဆက်ဆံတတ်သောသူသည် လောလောဆယ် မည်မျှပင် ဆင်းရဲစေကာမူ ရှေ့အချိန်တွင် ကြီးပွားချမ်းသာလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ဖက်သားအပေါ်တွင် မတွေမတန်သောသဘောနှင့် ပြောဆိုဆက်ဆံသောလူသည် တစ်ချိန်တွင် စီးပွားရေးကျဆုံးလိမ့်မည်။

စကားပြောချင်သလိုလို မပြောချင်သလိုလို ပြောဆိုတတ်သူများမှာ လူအများကို ဂရုမစိုက် အလေးမထားသောသူပင် ဖြစ်၏၊ ထိုလူမျိုးများသည် စီးပွားရေး မအောင်မြင်နိုင်ပါ။

ရယ်မော၍ ဟေးလားဝါးလားနှင့် စကားပြောဆိုတတ်သူများသည်လည်း အလုပ်အကိုင် အတည်တကျ မလုပ်ကိုင်လိုသူ လူပေါ့လူသွမ်း ဖြစ်ပါသည်၊ ၎င်းတို့ထံတွင် မည်သည့်ဥစ္စာမျှ မမြဲနိုင်ပါ။

အမျိုးသမီးဖြစ်သူသည် ရယ်မော၍ ဟေးလားဝါးလားနှင့် စကားပြောဆိုတတ်သူများဆိုလျှင် အိမ်ထောင် မထိန်းသိမ်းနိုင်သူ၊ လင်သားအပေါ်တွင် ချစ်ခင်ကြင်နာမှု နည်းပါးသူ၊ အပျော်အပါး အလွန်လိုက်စားသူ၊ ဖောက်ပြန်တတ်သူများ ဖြစ်တတ်ပါသည်။

စကားပြောလျှင် ပြောချင်သလိုလို မပြောချင်သလိုလို မပွင့်တပွင့်နှင့် ပြောဆိုဆက်ဆံတတ်သူသည် ပြောလို့ရှက်တိုင်း ဟုတ်မှန်နေတတ်၏။

စကားပြောလျှင် တိုတောင်းပြီး အသံကြည်လင်ကောင်းမွန် ပြတ်သားသူသည် ဩဇာအာဏာရှိပြီး စိတ်သဘောထားလည်း အလွန်ကောင်းသူ ဖြစ်လိမ့်မည်။

ကျွန်ုပ်သည် လျှို့ဝှက်နက်နဲသော ပညာရပ်ကို ရေးသားတင်ပြရာ၌ စာရှုသူများအနေဖြင့် ငဲ လွယ်ကူစွာ သဘောပေါက်နားလည်နိုင်စေရန် ရည်ရွယ်၍ ရေးသားတင်ပြထားခြင်း ဖြစ်ပါသည်။

လေ့လာသူများအနေဖြင့် တချို့သော အချက်အလက်များကို လေ့လာရာ၌ အစပထမပိုင်းတွင် အနည်းငယ် ခက်ခဲရမည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ထင်ရသော်လည်း ရှင်းလင်းပြတ်သားစွာ ရေးသားထားသည်က တစ်ကြောင်း၊ မိမိအတွေ့အကြုံများကို ထုတ်နုတ်ပြထားသည်က တစ်ကြောင်း၊ ထို့ကြောင့် လွယ်ကူစွာ လေ့လာနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

သို့ဖြစ်ပါ၍ စိန်ကဲ၊ မြင်းကဲ၊ ပတ္တမြားကဲထက် လူကဲခတ်က အလွန်ခဲယဉ်းပါ၏ဟု ဆိုစကားကို ကျွန်ုပ်အနေနှင့် ဆန့်ကျင်ကာ ထန်ဖိုးမဖြတ်နိုင်သော ဤပညာရပ်ကို စာရှုသူများ လေ့လာတတ်မြောက် ကြမည်ဆိုပါလျှင် လူမှုပေါင်းသင်း ဆက်ဆံရေးတွင်ဖြစ်စေ၊ ကျန်းမာရေး အချစ်ရေးနှင့် အိမ်ထောင်ရေးတို့တွင်ဖြစ်စေ၊ အများတကာထက်ပင် ထူးကဲစွာ သုံးသပ်ဆင်ခြင်နိုင်ရုံမက၊ မိမိကိုယ်တိုင်က အမြဲအမှု အနေအထိုင်၊ အပြောအဆိုကအစ အကျိုးကျေးဇူးကြီးမားစွာ ရရှိရှက်ဆောင် ခံစားနိုင်လိမ့်မည်ဟု ကျွန်ုပ်အနေဖြင့် လေးနက်စွာ ယုံကြည်မိပါကြောင်း။ ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## "အပြီးသတ် သတိပေးစကားပုံ

မပြောလျှင်မသိ၊ ပြောမှသိမယ်ထင်တယ်၊ နောက်ဆုံးသတ် သတိပြုရန် မြန်မာ့စကားပုံ စကားမှ ကောက်နုတ်၍လည်းကောင်း၊ ဝိဇ္ဇာနည်းမှ သိပ္ပံနည်းကျ လူ့အင်္ဂါရုပ်သင်္ကေတဖြင့် လူကဲခတ်နည်း ပညာရပ်နှင့် လျော်ညီမည့် မြန်မာ့စကားပုံထဲမှ ညှိနှိုင်းပုံဆောင် ပြရခြင်းသည် အကြောင်းရှိပါ၏။

ဝေဖန်ရေးဉာဏ်ကြီးရှင် တစ်ဖက်မြင် ဝါဒသမားများ ရိုင်မိနိုင်မည်လို့ ထင်မြင်ယူဆမိပါသည်။

လူ့မျက်နှာပြင်၌ တိရစ္ဆာန်သဏ္ဌာန်(၁၂)မျိုးဖြင့် ကြည့်မြင်ဟောဆိုခြင်းသည် မျက်လှည့်ဆရာကို လှည့်စားပြီး ပြောင်လိမ်ပြောင်စား မျက်မြင်လှျပ်တစ်ပြက် အံ့ဩဖွယ် ခေတ်တခဏ အချိန်ကာလအတွင်းမှာ ပြကွက်သည် အမှန်တကယ်လုပ်ပြ၍ မှန်တာတွေ မြင်ပေမည်။

တကယ်တွေးမြင်ကြည့်လျှင် မယုံနိုင်ဖွယ်၊ မဖြစ်နိုင်ဖွယ်၊ ယုံနိုင်လောက်အောင် လှည့်စား၍ပြခြင်းသည် စာရေးဆရာတွေ ကွက်လုံး၊ ညွှန်လုံး၊ ထွင်လုံးသည် မျက်လှည့်ဆရာနှင့် တူနေမည်။

ယခုလို ယူဆပြောဆိုလျှင် အတွေ့အကြုံ အယူအဆ လွဲမှားနေတယ်လို့ ပြောချင်တယ်ဆိုရင် လွန်များလွန်တယ်ဆိုရင် ခွင့်လွှတ်ပါ။

ဉပမာ မြန်မာ့စကားပုံကား. . .

* စိန်ကဲရွှေကဲထက် လူကဲခတ်ရန်ခက်၊
* တိမ်မယောင်နှင့်နက်၊ လွယ်မယောင်နှင့် ခက်နေသလား၊
* ဘဲဥအစရှာမတွေ့ ဖြစ်နေသလား၊

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ ပုံနှိုင်းစကားကိုဆန်းကျင်၍ ဝါးကောက် သစ်ကောက် မြင်နိုင်၏။

လူ့စိတ်ကောင်း၊ ဗီဇ၊ စရိုက်၊ အထုံ၊ ဝါသနာ၊ ဓလေ့ သိမြင်မှတ်သား အကဲခတ်နိုင်သည်။

လူသည် ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်၍ ခြေလက်အင်္ဂါ အစုံပါမည်။

ရူပကာယ၊ ခန္ဓာကိုယ် ဖွဲ့ဆည်းတည်ဆောက်မှုခြင်း ခြားနားကွဲပြားမှု မြင်သိမှတ်၍ အကဲခတ်နိုင်ရစည်။

ကိုယ်ခန္ဓာ ကြန်အင်လက္ခဏာ ဥပဓိသမ္ပတ္တိပြည့်စုံမှု၊

ကိုယ်ခန္ဓာ အစိတ်အပိုင်းမပြည့်ပဲ ချို့တဲ့ခြင်း။

ဥပဓိဝိပတ္တိ အကဲခတ်ပါ (မွေးရာပါ ဟုတ်-မဟုတ်)

လေ့လာလိုက်စားမှု နည်းစနစ်ကျပြီး အားကောင်းသော ဝိရိယနှင့် ကျွမ်းကျင်မှုပညာဉာဏ် အစိက ပြည့်စုံနိုင်လျှင်. . .

ဝိဇ္ဇာနည်းမှ သိပ္ပံနည်းကျ လူ့အင်္ဂါရုပ်သင်္ကေတဖြင့် လူကဲခတ်နည်းပညာရပ်ကို အမှီပြုပြီး အသွင်ဓလေ့ စရိုက်မကောင်းသူ စိတ်ပေါင်းကိုယ်ခွာ လိုက်လျောညီစွာ ဆက်ဆံနိုင်ပါစေ။ အသွင်ဓလေ့ စရိုက်ကောင်း မိတ်ကောင်းများ တွေ့ရှိပြီး၊ ထာဝရ ပေါင်းသင်းဆက်ဆံ နိုင်ကြမည် ဖြစ်ပါသည်။

(လူကဲခတ်နည်း ပြီးပါပြီ)

* * *

www.burmeseclassic.com

www.burmeseclassic.com

# မှီငြမ်းကိုးကားသော စာအုပ်များ

၁။ ဆရာဂျီ၏ ရှုပ်ပြလူ့ကဲခတ်နည်း၊
ဒုတိယအကြိမ်ပုံနှိပ်ခြင်း ၁၉၆၄ ခုနှစ်၊
ပင်းယစာပေတိုက်၊ ၂၈၉၊ ဘားလမ်း၊ ရန်ကုန်။

၂။ သိပ္ပံနည်းကျ ရုပ်လက္ခဏာ ဦးစံဝင်း (ကုဏ္ဍလိနီ) ပြုစုသည်၊
ဒုတိယအကြိမ်ပုံနှိပ်ခြင်း ၁၉၇၆ ခုနှစ်၊
ဖေဖော်ဝါရီလ၊ (အုပ်ရေ ၂၀၀၀)

၃။ ကျော်ဒိုင်၏ (လျှပ်တစ်ပြက် မျက်နှာကဲခတ်နည်း)

၄။ ဆရာမင်းသော်တာ၏ (မွေးသျှတ္တရကျမ်း)

၅။ ဒဂုန်ဆရာဦးစံငွေ၏ (ယထာဘူတ)

www.burmeseclassic.com